မဏ္ဍသုဓောဝိနီ

# အရက်

အရှင် ဓမ္မပါလာနန္ဒ

( ပါဠိသိင်္ဂီဆရာတော် )

ဓမ္မဒါန

မဏ္ဍ သုဓောဓိနီ

# အရက်

အရှင်ဓမ္မပါလာနန္ဒ

(ပါဠိသိင်္ဂီဆရာတော်)

ဓမ္မဒါန

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ် (၁၃၉)

ကင်းလွတ်ခွင့်အမှတ် (၆၀)

မျက်နှာဖုံးပြုချက်အမှတ်(၉၄)

ပထမ အကြိမ်၊ အုပ်ရေ ၂၀၀၀

၁၉၇၁-ခု၊ နိုဝင်ဘာလ

ဓမ္မဒါန

ထုတ်ဝေသူ။ ။အရှင်ဓမ္မပါလာဘိနန္ဒ၊ ဓမ္မသုခ ကျောင်းတိုက်၊
သိမ်ကြီးကျောင်း၊ ဗဟန်း- ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။ဒေါ်နှင်းမြင့် (၀၁၉၉၁)
နှင်းပုံနှိပ်တိုက်၊ ၁၂၊ ၄-လမ်း၊ ပုသိမ်ညွန့်
ရန်ကုန်မြို့။

# မာတိကာ


မာန်မူကြွားမြောက် .... .... .... ၁
နိဒါန်း .... .... .... .... ၄

**အခဏ်း ၁**

အရက်ပစ္စုပ္ပန်ဝတ္ထု .... .... .... ၇
အရက်အတိတ်ဝတ္ထု .... .... .... ၁၃
ကံသမင်းမျိုး တန်ခိုးကြီးလှ .... .... .... ၃၁
အသုရာနတ်တို့အကြောင်း .... .... .... ၄၄

**အခဏ်း ၂**

သုရာပါနဇာတ် .... .... .... ၄၀
သုရာဃဋဇာတ် .... .... .... ၅၉
ပါကာဝဇာတ် .... .... .... ၆၆
လူပေါင်းအသိန်းအသန်းမက
သေမည့်အရက်ပွဲကြီး .... .... .... ၆၉
ဗာရာဏသီမင်းကြီးဝတ္ထု .... .... .... ၇၄
ဓမ္မဓဇဇာတ် .... .... .... ၇၉
ဗန္ဓနမောက္ခဇာတ် .... .... .... ၈၅
တပင်ရွှေထီးဝတ္ထု .... .... .... ၁၀၀

**အခဏ်း ၃**

သုရာမေရယသိက္ခာပုဒ် .... .... .... ၁၀၆

# မာတိကာ


**အခန်း ၄**

အရက်ဖော်သူသိမှတ်စရာများ .... ၁၁၄

**အခန်း ၅**

နောက်ဆက်တွဲ (၁) ၁၃၅
နောက်ဆက်တွဲ (၂) ၁၃၆
နောက်ဆက်တွဲ (၃) ၁၃၇
နောက်ဆက်တွဲ (၄) ၁၃၈
နောက်ဆက်တွဲ (၅)
သတင်းစာများကောက်နုတ်ချက် ၁၄၅
အရိယာပုဂ္ဂိုလ်နှင့်အရက် ၁၅၃
အရက်ကျမ်းကိုး ၁၅၄

# မာန်မူကြွားမြောက်

ပညာမရှိ၊ သတိမကူ၊ ဒေါသဆူ၍၊ **မာန်မူကြွားမြောက်၊** လွှားမမောက်နှင့်။

## တရားမဲ့စွာ ကိုယ်က သာတိုင်း

ကိုယ့်မာန်နှင့်ကိုယ် ဒေါသပို၍ ထိုထို သတ္တဝါဘေးဖြစ်စွာခဲ့၊ ပညာရှိမှ မြင်သိရေးရာ အဖြာဖြာနှိုက် လိမ္မာသောအားတော်ဖြောင့်သား၍ အများသုခ ချမ်းသာကြ၏၊ မောဟအလိုက် မာန်မူန်တိုက်လျက် သူမိုက်အလို အမြင်တို့ရှင့်၊ ထိုသူမိုက်တို့ ပညာချို့၍ ကိုယ်ဘို့အလား သူတပါးနှိုက် သနားမစာမကြင်နာဘူး၊ ကြင်နာကင်းငြား မထောက်ထားပဲ တရားမဲ့စွာ ကိုယ်ကသာတိုင်း မညာမဆ ပြုတတ်ကြ၏၊ လောကနှိုက်ဝယ် ငါတကယ်ဟု ကျယ်ခွင့်ရတိုင်း ကျယ်မလှိုင်းနှင့်၊ အပိုင်းမသိနိုင်းမရှိပဲ ကျယ်မိကျယ်ရာ ကျယ်တတ်စွာမူ ကျယ်ရာထိုမှ ဘေးဖြစ်ရ၏၊ ဗာလဘေးဆိုက် လူမိုက်ဒုက္ခ ဆင်းရဲရလည်း မြင်ကြသူများ သနားတည့်။

(မဃဒေဝပျို့ ပုတ္တောဝါဒခန်း ၁၉၅)

## သူရာယစ်က သားချစ်အသား

သောက်ယစ်ဝေမူး ဘောဘီလူးသို့ စားကြူးလွယ်စွာ မပြုရာဘူး၊ ပညာကင်းဘိ သတိကင်းပ ပစ္စက္ခပင် မမြင်အပြစ် သူရာယစ်က သားချစ် အသား ချက်ကြော်စား၍ တရားလွတ်ရှပ်း ကင်းကြီးကင်း၏။

(မဃဒေဝပျို့ ပုတ္တောဝါဒခန်း ၁၇၉)

## လူမှာဖျက်သည့် အရက်ငါးမျိုး

ရှေးကာတောလျှိုး ကျင့်ယုတ်မျိုးနှင့် မှုဆိုးသူရာ မိတ္တာတာ ပသ ဝရုဏတို့ စ၍ပြုကာ လူ့ရွာဆောင်လျက် လူမှာဖျက်သည့် အရက်ငါးပျိုး အရည်သုံးကို မြတ်နိုးမွဲလျှင်း သက်သက်ကင်းလော့။ (၎င်း ၎င်း)

## အရှူးအနန္တ

သေရည်သောက်ကြူး သည်းခြေဆူးသား သူရူး အနန္တ မဆုံးဆနှင့် စိုးရလူကြီး မခြိမ်းခြောက်လို ထင်းမီးတို့သို့ ထိုထိုဘဝ ဖြစ်မလှဘူး။ အရက်အပြစ် ငါးပါး၊

(၎င်း ၎င်း ၂၃၀)

မဟာဝဂ္ဂ ပါဠိတော်၊

အင်္ဂုတ္တရပါဠိတော် ပဥ္စကနိပါတ်။

## မသောက်အပ်ထွေ

မသောက်အပ်ထွေ ရှောင်ပါလေလော့ မေရယငါး သူရာငါးနှင့်၊ ပိုးမွှားလောက်ကျိ မှုတိနောက်ထင် သန့်စင်မကြည် ရေကိုသည်လည်း ချုပ်ဆည်အားသာ မသောက်ရာတည့်။

(ဩဝါဒထူးပျို့)

ဖျက်ဆီးနေကြသည်၊ မူးယစ်ဆေးဝါးမှာ လူမျိုးကိုပင် အညွန့်တုံးပျက်စီးစေနိုင်သော သတ္တိရှိခြင်းကြောင့် နိမ်နင်းဖျက်ဆီးပစ်ရခြင်းဖြစ်သည်၊ ပျက်စီးရသော သာဓက ဝတ္ထုတို့မှာလည်း သတင်းစာ, ဂျာနယ်, မဂ္ဂဇင်း, ရုပ်ရှင်, ကာတွန်း အမျိုးမျိုးတို့တွင် ပါဝင် ဖတ်ရှုကြရပြီးဖြစ်သည်။

ထိုသို့ နှိမ်နင်းဖျက်ဆီးနေကြသည့် ကြားမှပင် အမျိုးမျိုးခေါင်းထောင် ထကြွနေကြခြင်းမှာလည်း လန့်ထိတ်စရာ အံ့သြစရာ တရပ်ပင် ဖြစ်နေသည်။

ပုထုဇဉ် (ပုထုဇ္ဇန) အမည်နှင့် လိုက်လျောညီညွတ်လှသည်၊ ပုထု–များစွာ အများကြီး၊ ဇန=အကုသိုလ် မကောင်းမှု ဒုစရိုက်ကိလေသာတို့ကို ဖြစ်ပွားစေခြင်း၊ ဤအဓိပ္ပာယ် အတိုင်း မကောင်းသော အရာတို့ကို လိုက်စားကြခြင်းကား ပုထုဇဉ် (ပုထုဇ္ဇန) ပြီသလှပေသည်။

အန္ဓပုထုဇဉ် (ပုထုဇန်) မှာ မျက်ကန်းသဖွယ် ဖြစ်၏၊ ကလျာဏပုထုဇဉ် (ပုထုဇန်) မှာ သူတော်ကောင်းပုထုဇဉ် (ပုထုဇန်) ဖြစ်၏၊ ကလျာဏ ပုထုဇဉ် ပါရမီရင့်သန်မှ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ အဆင့်ဆင့်ဖြစ်ကာ နိဗ္ဗာန်ရောက်ပြီး သံသရာဝဋ်ဒုက္ခ နခမ်းသတ်ကြရလိမ့်မည်၊ သံသရာဝဋ်ဒုက္ခ မသိသမျှ (မရှောင်ကြဉ်သမျှ) နိဗ္ဗာန်မသိ၊ ပါရမီကုသိုလ်မသိဖြစ်ကာ အပါယ်လေးဘုံ ကျုံရဘုံအစာ ဖြစ်ရလိမ့်မည်။

လွတ်လပ်သော ငါတို့ မြန်မာနိုင်ငံတော်အတွက် လူမျိုးဘက်စုံ တိုးတက်ကြီးပွား ရှင်သန်စေလျက် နိုင်ငံတော်ကြီး အစွန့်

ရှည်ကြာအောင် ဤလူမျိုးဖျက် မူးယစ်ဆေးဝါးကြီးကို နှိမ်နင်းတော်လှန်ပစ်ရပေလိမ့်မည်။

ဤစာအုပ်ငယ်သည် မူးယစ်ဆေးဝါး နှိမ်နင်းရာ၌ တတပ်တအား အင်အားစုကလေးတရပ် ဖြစ်နေလိမ့်မည်ဟု မြော်လင့်ယုံကြည်မိသည်။

**အရှင် ဓမ္မပါလာနန္ဒ**

ဓမ္မသုခကျောင်းတိုက် ရန်ကုန်မြို့

(၁၃၄၂ ခုနှစ် ဒုတိယဝါဆိုလ)

# အရက်

## အခန်း ၁

### အရက် ပစ္စုပ္ပန်ဝတ္ထု

### ဝိသာခါ ကျောင်းအမကြီး နှင့် သူငယ်ချင်းအမျိုးသမီးငါးရာ

မြတ်စွာဘုရား သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတိုက်ကြီး၌ သီတင်းသုံး နေထိုင်တော်မူစဉ် ဖြစ်သည်၊ သာဝတ္ထိမြို့ အိမ်ထောင်ရှင် အမျိုးသားငါးရာ တို့သည် မိမိတို့ဇနီးများ လိမ္မာရေးခြားရှိရန်, ကုသိုလ်ကောင်းမှု ပြုလုပ်လိုစိတ် တိုးပွားရန် ဝိသာခါ ကျောင်းအမကြီးထံ အပ်နှံထားကြသည်၊ (ကျောင်းအမကြီးဟူ၍ ဂုဏ်ကြီးမြင့်သူ ဖြစ်၍ ခေါ်ဝေါ်ရသော်လည်း အသက်အရွယ်မှာ နှစ်ဆယ်ဝန်းကျင် ရှိသေးသည်။) ထိုအမျိုးသမီးအားလုံး ဥယျာဉ်ပျော်ပွဲထွက်သည့်အခါဖြစ်စေ, ကျောင်းတော်သို့ သွားသည့်အခါဖြစ်စေ ဝိသာခါနှင့်အတူ သွားလေ့ရှိကြသည်။

### သာဝတ္ထိမြို့တော် အရက်ပွဲကြီး

သာဝတ္ထိမြို့တော်၌တနှစ်၁ကြိမ် အရက်ပွဲကျင်းပသည်၊၇-ရက်ကြာသည်၊ သောက်ချင်သလောက်သောက် မူးချင်သလောက်မူး

အပြစ်မရှိချေ။ လင်ယောကျ်ားတို့ အတွက် အရက်များကို ထို အမျိုးသမီးတို့က စိမ်ပေးရသည်၊ ၎င်းတို့ကိုယ်တိုင်ကား သောက် ခွင့်မရကြပေ၊ အရက်ပွဲပြီးဆုံးသောအခါ အရက်များစွာ ကျန် နေသေးသည်ကို တွေ့မြင်ရသောအခါ ထိုအမျိုးသမီးတို့ အကြံ အဖန် လုပ်ကြသည်၊ "ငါတို့တတွေ လင်တော်မောင်တွေ ရှေ့ အရက်မသောက်စုံကြဘူး၊ ဒီတော့ သူတို့မသိအောင် ဉယျာဉ် သွားသောက်ကြမယ်၊ ကျောင်းအမကြီး လှည့်ထားအုံးမှ၊အရိပ် အငွေ့တောင် မသိစေနဲ့နော်။"

ဤသို့ ညာဏ်နီ ညာဏ်နက် ထုတ်ကြပြီးနောက် ဝိသာခါထံ သွား၍ လှည့်ကြသည်၊ ဝိသာခါက ရိုးရိုးမှတ်၍ "ကိုင်း ဒါဖြင့် ညည်းတို့ သွားချင်လဲ လိုက်ရမှာပေါ့၊ လုပ်စရာရှိတာ လုပ်ကြ ပေတော့" ဟု သဘောတူလိုက်သည်။

ထိုအမျိုးသမီးငါးရာတို့သည် အရက်ဗူးကလေးများကို ကွယ် ဝှက် ယူလာကြပြီးနောက် ဉယျာဉ်တွင်း၌ သောက်ကြသည်၊ သောက်ပြီး အေးအေးမနေနိုင်၊မူးမူးယစ်ယစ် သီဆိုကခုန် ဆူဆူ ညံညံ လှည့်ပတ် သွားလာကြသည်၊ စိတ်ညစ်သူကား ဝိသာ ခါ ကျောင်းအမကြီး။

ဒုက္ခပါပဲတော်၊ ဒီကောင်မတွေလုပ်ပုံ "ရဟန်းဂေါတမရဲ့ တပည့် ကျောင်းအမကြီး ဝိသာခါ အရက်သောက် ပျော်မြူး နေတယ်" လို့ မိစ္ဆာဒိဋ္ဌိတွေက ကဲ့ရဲ့ကြတော့မယ်.... ဟု ကြံစည် ငြီးငြူမိကာ ၎င်းတို့ကို စကားဆိုသည်။

"ကဲ ညည်းတို့လုပ်ပုံ ကောင်းသေးရဲ့လား၊ ငါလဲမကောင်း သတင်း ကျော်စေပြီး အကဲ့ရဲ့ခံရတော့မယ်၊ ညည်းတို့လင်

တော်မောင်တွေကလဲ စိတ်ဆိုးကြလိမ့်မယ်၊ ခုဘယ်လိုဉာဏ်ထုတ်ကြအုံးမလဲ။"

"လွယ်ပါတယ် လေ၊ မပူပါနဲ့၊ နေမကောင်းချင်ယောင်ဆောင်ပြီး လူမမာလုပ်လိုက်ကြတာပေါ့"

"အေး- ဒီလိုဆို ညည်းတို့ထိုက်နဲ့ ညည်းတို့ကံပဲ"

ထိုအမျိုးသမီးအားလုံး အချိန်တန် အိမ်ပြန်ပြီးနောက် လူမမာယောင်ဆောင်ကြသည်၊ အကြောင်းရင်း သိပြီးဖြစ်သော လင်ယောကျ်ားတို့က ထိုမိန်းမတို့ကို ရိုက်နှက် ဆုံးမကြလေကုန်၏။

## ဒုတိယအကြိမ် အရက်ပွဲ

နောက်တဖန် အရက်ပွဲကြီး ဖြစ်ပြန်သော အခါ အရက်သောက်ချင်နေကြသော အမျိုးသမီးငါးရာတို့သည် ဝိသာခါထံ ကပ်၍ နှိုးကြပြန်သည်။

"ကျောင်းအမကြီးရေ ကျွန်မတို့ကို ဥယျာဉ်ပို့ပါအုံးနော်"

"တော်ပြီအေ၊ ညည်းတို့ လုပ်ပုံတွေ မကောင်းပါဘူး ငါ့မှာ တော်တော်သိက္ခာကျရတယ်"

ဤသို့ ငြင်းပယ်လိုက်ပြီးနောက် မကြာမီ ရက်ပိုင်းတွင် ကပ်၍ လှည့်ကြပြန်သည်။

"ကျောင်းအမကြီးရယ် ဒီတခါ ကျောင်းအမကြီး မကြိုက်တာမလုပ်ပါဘူး၊ ကျောင်းတော်တော့ ပို့ပါနော်၊ ကျွန်မတို့အားလုံး မြတ်စွာဘုရားကို ဖူးမျှော်ပူဇော်ချင်လို့ပါ"

ဘုရားနှင့် ဆွယ်လိုက်သောအခါ သောတာပန် အရိယာ ဝိသာခါ အကြိုက်ကျသွားသည်။

"ကဲ-အေဒါဖြင့် ပြင်ကြဆင်ကြပေတော့၊ ပန်းမာလ် နံ့သာ အစုံအလင် ပေါ့အေ"

အကောက်ညာဏ်နှင့် ဖောက်ပြန်နေကြသော ထိုအမျိုးသမီးတို့အား ပန်းမာလ်နံ့သာ ပူဇော်ဖွယ်ရာစုံလင်ရုံမျှမက အရက်ထည့်ထားသော သစ်ရွက်ဗူးငယ်များပင် ပါဝင်သည်၊ အားလုံးလျှိုဝှက်ပြင်ဆင်ကြကုန်ပြီးနောက် ဝိသာခါနှင့်အတူ ဇေတဝန်ကျောင်းတော် သွားကြသည်၊ ကျောင်းတော် အဝင်ဝ မုခ်ဦးတန်ဆောင်းတွင် ခဏတဖြုတ်ထိုင်ကြကာ အရက်မော့ကြသည်။

အရက်ဗူးများ စွန့်ပစ်လိုက်ကြပြီးနောက် တရားမဏ္ဍပ်တွင်းဝင်ကာ မြတ်စွာဘုရားရှေ့တော်၌ ထိုင်ကြသည်၊ ဝိသာခါက ဤအမျိုးသမီးတို့ကို တရားဟောတော်မူရန် တောင်းပန်သည်၊ ထိုအမျိုးသမီး ငါးရာတို့က အရက်မူးနေကြသဖြင့် တုန်လှုပ်ယိမ်းယိုင်ကာ ကခုန်သီဆိုလိုစိတ် ဖြစ်ပေါ်နေကြသည်။

ထိုအတွင်း အဆင်းတွန်းချလိုသော မာရ်နတ်သား အပင်းအသင်း ရောင်းရင်း ရိုးရင်း နတ်အပေါင်းတို့က ထိုအမျိုးသမီးတို့ ခန္ဓာကိုယ်၌ ပူးဝင်ကာ မြတ်စွာဘုရား ရှေ့တော်၌ ဖောက်ပြန်အောင် ပြုလုပ်ကြကုန်၏၊ အချို့က လက်ခုတ်တီး၊ အချို့က ကခုန်၊ အချို့က သီချင်းဆိုဖြင့် ရှုပ်ရှုပ်ထွေးထွေး ဘရုတ်ကျနေကြကုန်၏။

မြတ်စွာဘုရားသည် အကြောင်းရင်း ဆင်ခြင်တော်မူသောအခါ မာရ်နတ်လက်ချက်မှန်း သိရသဖြင့် ကြီးစွာသော အမိုက်

တိုက်ကြီးဖြစ်အောင် ညိုသော ရောင်ခြည်တော် လွှတ်လေ၏၊ ထိုခဏ၌ပင် အလင်းရောင်မရှိ အမိုက်မှောင်အတိဖြစ်ကာ သေဘေးဖြင့် ကြောက်ရွံ့ထိတ်လန့်ကြသောအခါ အရက်မူး ပြေပျောက်သွားကြလေ၏။

ထိုခဏတွင်းမှာ မြတ်စွာဘုရားသည် တရားမဏ္ဍပ်ပလ္လင်မှ ကွယ်ပျောက်ကာ မြင်းမိုရ်တောင်ထိပ် ကြွရောက်ပြီး ဖြူသော ရောင်ခြည်တော် လွှတ်တော်မူလေရာ လမင်းတထောင် ထွက်ပေါ်လာသကဲ့သို့ အလင်းရောင်ကြီး ဖြစ်ပေါ်လာလေ၏။

## သောတာပန် အရိယာဖြစ်လာပုံ

ထို့နောက် မြတ်စွာဘုရားသည် တရားဟောကြားတော်မူလေ၏၊ "အမျိုးသမီးအပေါင်းတို့ သင်တို့ငါဘုရားထံ လာသည့်အခါ ဤကဲ့သို့ မူးယစ်မေ့လျော့ လာရောက်ကြရန် မသင့်ချေ၊ သင်တို့ မူးယစ်မေ့လျော့ခြင်းကြောင့် မာရ်နတ် အပေါင်းအသင်းတို့ အခွင့်ရကာ အနှောက်အရှက် ပေးကြသည်၊ သင်တို့သည် မီးဆယ့်တပါး ငြိမ်းအေးအောင် ကြိုးစား အားထုတ်သင့်ကြသည်။"

ကော နု ဟာသော ကိမာနန္ဒော၊
နိစ္စံ ပဇ္ဇလိတေ သတိ။
အန္ဓကာရေန ဩနဒ္ဓါ၊
ပဒီပံ န ဂဝေသထ။

"အို... အမျိုးသမီး အပေါင်းတို့ သင်တို့၌ ရာဂစသော မီး ဆယ့်တမီး ညီးညီးပြောင်ပြောင် တောက်လောင် ပူပန်နေကြ ပါလျက် အဘယ်ကြောင့် ပညာဉာဏ် ဆီမီး အလင်းရောင် မရှာ မဖွေ နေကြရသနည်း။"

တရားတော်အဆုံး၌ ထိုအမျိုးသမီး ငါးရာလုံး သောတာ ပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်ရကာ သောတာပန် အရိယာ ပုဂ္ဂိုလ်ဖြစ် သွားကြရလေကုန်၏။

## အရက်အဌာပုပ္ပတ် တောင်းပန်ခြင်း

ထို့နောက် မြတ်စွာဘုရားသည် မြင်းမိုရ်တောင်ထိပ်မှ ပြန် ကြွလာတော်မူကာ တရားမဏ္ဍပ်၏ ပလ္လင်၌ ဖူးမြင် ပူဇော်ခံတော် မူသည်၊ ထိုအခါ ဝိသာခါသည် မြတ်စွာဘုရားကို ဤသို့ လျှောက်ကားလေသည်။

"အရှင်မြတ်စွာဘုရား အရက် (သေရည် သေရက်) သည် လွန်စွာ ဆိုးဝါး ယုတ်ညံ့ပါသည်၊ ဤဂုဏ်သရေရှိ အမျိုး သမီးတို့ပင် မြတ်စွာဘုရား ရှေ့တော်မှာ ဟန်မဆောင်နိုင်ကြပဲ မတော်မလျော် လက်ခုတ်တီးကြ ကကြ ခုန်ကြ အော်ဟစ်ဆူ ညံကြပါသည် ဘုရား"

"ဝိသာခါ သင်ပြောသည့်အတိုင်း အရက်မည်သည် ယုတ် မာ၏၊ အရက်ကြောင့် မရေမတွက်နိုင် သတ္တဝါများစွာ ပျက် စီးကြဘူးကုန်ပြီ"

## သောက်စားယစ်ဝ လူ့ဗာလ

မကောင်းမှုများ နေ့တိုင်းပွားသည့် သောက်စား ယစ်ဝ လူ့ဗာလက စသည်လူတွင် လူလေဖင်နှင့် ပျော်ရွှင်စကား လူမိုက်များကို ပေါင်းဖြေးရုံခါ နှိုးယှဉ်လာလည်း ဝေးစွာသားလှ ခွာနိုင်မှတည့်။

(ပုတ္တောဝါဒပျို)

## ပျက်ပြားပြည်လုံး စစ်ကြီးရှုံး

ရာဇာမှူးမတ် မပြတ်သောက်စား နာဖျားပြောစည် စစ်သည် စိတ်လျော့ မင်းစိတ်ပျော့နှင့် ဆိုးသော့နက္ခတ် သူတတ်စီရင် မြင်းဆင်ကြုံလို မညီမင်းချင်း စိတ်ကွဲခြင်းကြောင့် ညံ့ဖျင်း သူရဲ ပြည်ထဲတော်မှတ် မလွတ်သော့အား ဤဆယ်ပါးကြောင့် ပျက်ပြားပြည်လုံး စစ်ကြီးရှုံး၏၊ သောက်သုံးမျိုထုတ် မယစ် ထုတ်နှင့်၊ မယုတ်မလွန် ပြည်ကြီးဝန်ကို တော်တန်နေ့ည မလပ် ရအောင် လုံလမကင်း တိုင်ပင်ခြင်းဖြင့် စိုင်းပြင်းလေ့လာ မပြတ်ရာဘူး။

(မဃဒေဝပျို ပုတ္တောဝါဒခဏ်း ၂၀၁)

**ခက်ဆစ်**

ရာဇာ (ပါ) မင်းအစိုးရ၊ ပြောစည် (ပေါ) များပြားခြင်း၊ ကြုံလို (ပေါ) ပိန်ခြောက်ခြင်း၊ မင်းချင်း (ပေါ) မင်းအမှုထမ်း အရာထမ်းများ၊ (ချင်းနှင့်ခြင်း ခွဲထား)ချင်း၊ အချင်း၊ မိတ် ဆွေလူ၊ မြင်း၊ အကြောင်းခြင်းရာ၊ စိုင်းပြင်း (ပေါ) ကြိုးစား အားထုတ်ခြင်း။

# နိဒါန်း

အရက်မှာ မူးယစ်ဆေးဝါးမျိုးနွယ်ဖြစ်သည်၊ သုရာအမျိုးအမည်များစွာရှိသည်၊ ဆရာမြတ် အဆက်ဆက်တို့က သုရာမေရယပုဒ်၌ (သုရာသေရည်) ငါးပါး၊ မေရယ (သေရက်) ငါးပါးဟူ၍ သေမျိုးငါးပါးစီ ခွဲခြားထားသည်ကို အတည်ပြုကြသည်၊ ပါဠိပိဋကကျမ်းဂန်လာအတိုင်းပင် ဖြစ်သည်။

လူရှိ၍ သေရည် သေရက်ရှိသည်၊ သေရည် သေရက်ရှိ၍ လူရှိနေခြင်း မဟုတ်ကြောင်း ဖော်ပြခြင်းဖြစ်သည်။

သေရည်သေရက်သည် မကောင်းမှုဖြစ်သည်၊ မကောင်းအရာဝတ္ထု (အကြောင်းခြင်းရာ) သည် လျင်စွာပျံ့နှံ့တတ်သည်၊ မည်သို့ ပျံ့နှံ့လာကြောင်း ပါဠိပိဋကတ် (ဗုဒ္ဓစာပေ) မြတ်စွာဘုရား ဟောကြားချက်အတိုင်း သိစေချင်သည်။

ဖော်ပြမည့် ကြေးနန်းသတင်း များကို ဖတ်ရှုရသောအခါ များစွာ သနားကြင်နာရုံမျှမက လွန်စွာ တုန်လှုပ်ခြောက်ခြားမိသည်၊ အရက်တမျိုးတည်းနှင့်ပင် ဤကမ္ဘာမြေကြီးသည် ပျက်စီးတိမ်းစောင်း နေပြီဖြစ်ရာ မူးယစ်ဆေးဝါးမျိုးစုံ ပေါ်ပေါက်လာသောအခါ မည်မျှ ပျက်စီးတိမ်းစောင်း ဖြစ်ရလိမ့်မည်ကို ကြိုတင်မြော်မြင် ဆင်ခြင်သင့်သည်။

မြန်မာနိုင်ငံအစိုးရ အပါအဝင် ကမ္ဘာ့နိုင်ငံ အသီးသီးမှ အစိုးရတို့သည် မူးယစ်ဆေးဝါးကို ထိမ်းချုပ်ရုံမျှမက နှိမ်နင်း

"အရှင် မြတ်စွာဘုရား ဤအရက်သည် ဘယ်အခါက ဖြစ်ပေါ်လာပါသလဲ ဘုရား၊ အရက်အဋ္ဌုပ္ပတ် ဟောကြားတော်မူပါ ဘုရား"

ထို့နောက် မြတ်စွာဘုရားက တိံသနိပါတ် ကုမ္ဘဇာတ်လာ အရက် အဋ္ဌုပ္ပတ်အကျယ် အရက်အကြောင်း ကုမ္ဘဇာတ်ကို ဟောကြားတော်မူလေ၏။

ဓမ္မပဒအဋ္ဌကထာ (ဒု)
ဝိသာခါယ ပဥ္စသတသဟာယိကာ ဝတ္ထု။
အရက် ပစ္စုပ္ပန် ဝတ္ထုပြီး၏။

---

**အရက် အတိတ်ဝတ္ထု**

(ကုမ္ဘဇာတ်၊ တိံသနိပါတ်)

**အရက်အစ ဖြစ်ပေါ်လာပုံ (အရက် အဋ္ဌုပ္ပတ်)**

ရှေးအခါ ကာသိကတိုင်း ဗာရာဏသီမြို့တော်၌ ဗြဟ္မဒတ် မင်းကြီး မင်းလုပ် အုပ်စိုးချိန်ဖြစ်သည်၊ ကာသိကတိုင်းသား သုရခေါ် မုဆိုးတယောက်သည် ဥစ္စာ ဘဏ္ဍာရှာဖွေရန် တောလယ်ထွက်သည်၊ တောကြီးတွင်း၌ သစ်ပင်ကြီးတပင် တွေ့မြင်ရသည်၊ လက်ခုတ်တဖောင်ခန့် အမြင့်တွင် ခက်မကြီးသုံးခု ဖြာထွက် ထိုးတက်သွားကာ အလယ်တွင် ရာဝင်အိုးခန့် တွင်းကြီးကို ရေအပြည့်နှင့် တွေ့ရသည်၊ ထိုရေများမှာ မိုဃ်းတွင်း မိုဃ်းရွာခြင်းကြောင့် ပြည့်နေခြင်းဖြစ်သည်။

ထိုသစ်ပင်ကြီးနားတွင် ဇီးဖြူပင် ဖန်ခါးပင် ငရုတ်ပင် များလည်း ရှိနေသည်၊ ထိုအသီးမှည့်တို့သည်လေတိုက်သောအခါ ထိုတွင်းကြီးထဲသို့ ပြုတ်ကျလေ့ရှိကြသည်၊ မနီးမဝေး၌လည်း သယံဇာတ သလေး စပါးခင်းရှိသည်၊ သလေးစပါးနှံတို့ကို ကျေးသားတို့ ချီဆောင်ယူခါ ထိုသစ်ပင်ကြီးတွင် ခိုနားစား သောက်လေ့ ရှိကြသည်၊ သလေးစပါးနှံအပြင် ရိုးရိုးဆန်စပါး နှံတို့ကိုလည်း ကျေးသားတို့ ချီဆောင်ယူလာ စားသောက် လေ့ရှိကြသည်။

ထိုသို့ စားသောက်ကြစဉ် သလေးစပါး၏ ဆန်စပါးစေ့ တို့သည်လည်း ထိုသစ်ပင်ခွဆုံ တွင်းကြီးထဲသို့ ကျသွားကြလေ ကုန်၏၊ ထိုတွင်းကြီးထဲရှိ ရေနှင့် သီးနှံမျိုးစုံ သမဝါယာမ ပစ္စည်းတို့သည် နေပူရှိန်ကြောင့် ကျက်ကာ အနီရောင်အဆင်း အသွေးဖြစ်လျက် အရသာရှိသော အဖျော်တမျိုး ဖြစ်နေ လေ၏။

## မူးကြ ယစ်ကြ သတ္တဝါ

နွေခေါင်ခေါင် အပူရှိန်ပြင်းပြချိန်တွင် ရေငတ်ကြသော ငှက်မျိုးစုံတို့သည် ထိုတွင်းကြီးမှ ရေကိုသောက်ကြကုန်၏၊ အဝ သောက်ကြပြီးနောက် မူးယစ်ကာ မပျံသန်းနိုင်ကြပဲ နှစ်ပတ် သုံးပတ် ချာချာလယ်ကာ ထိုသစ်ပင်ရင်း၌ လဲကျလေကုန်၏။

## အနည်းငယ် အိပ်စက်ပြီးနောက်

ထိုငှက်အပေါင်းတို့သည် အမူးပြေပျောက်ကာ သာယာ ရှင်မြူး တွန်ကျူးရင့်ရူ တလူလူတောင်ပံဖြန့်ကာ အလိုရှိရာ ပျံ

သန်းသွားကြကုန်၏၊ ထိုကောင်းကင်ပျံ သတ္တဝါတို့မျှမက သစ်တက်ခွေး မျှောက်စသော မြေနေသတ္တဝါတို့လည်း ထိုနည်းတူ ရေငတ်၊ ထိုနည်းတူ သောက်၊ ထိုနည်းတူ မူးယစ်၊ ထိုနည်းတူ ရှင်လန်းမြူးတူး နေကြလေကုန်၏။

ထိုမုဆိုးသည် ထိုအခြင်းအရာ အားလုံးကို တွေ့မြင်ဆင်ခြင် စဉ်းစားသည်။

> ဒီခွဆုံတွင်းကြီးထဲက ရေတွေဟာ အဆိပ်ရေတော့ မဟုတ်နိုင်ဘူး၊ တကယ်လို့ အဆိပ်ဖြစ်ရင် ဒီသတ္တဝါတွေ သေကုန်ကြမှာပဲ၊ အခုတော့ မသေကြတဲ့အပြင် မူးမေ့အိပ်စက်ပြီး ရှင်ရှင်လန်းလန်း ဖြစ်နေကြတယ်၊ အလိုရှိရာ ပြန်သွားနိုင်ကြတယ်၊ ငါလဲ စမ်းကြည့်အုံးမှပဲ ဟရို့....

အကြံသမား မုဆိုးသည် ထိုအရေကို စမ်းသောက်ကြည့်သည်၊ အရသာတွေ့ရသည်၊ ထပ်ကာထပ်ကာ သောက်သည်၊ မူးယစ်သော အခါ အသား စားသောက်ချင်စိတ် ပေါ်လာသည်။ အသားစားရရေးကား လွယ်ကူလှ၏၊ သစ်ပင်ကြီးနှင့် မနီးမဝေးတွင် မီးပုံတပုံ လုပ်ထားသည်၊ သစ်ပင်ရင်းသို့ မူးယစ် ကျရောက်လာသော ခါ, ကြက် စသော သတ္တဝါ မျိုးစုံကို အသာကောက်ယူသတ်ဖြတ်ပြီး မီးကျီးစုတွင် အသားကင်ပြုလုပ်ကာ လက်တဖက်က ကခုန်လျက် လက်တဖက်က အသားကင်ကိုက်စားလျက် ထိုနေရာ၌ နှစ်ရက်သုံးရက် ဇိမ်ကျနေလေ၏၊

## ရသေ့မှူး

ထိုနေရာနှင့် မနီးမဝေးအရပ်တွင် ဝရုဏမည်သော ရသေ့တပါးရှိသည်၊ အမှူးသမားမုဆိုးကြီး သုရသည် ယခင်ကသိကျွမ်းဘူးသည့်အတိုင်း အမှူးသမားပီပီ ဆရာရသေ့ကို သတိရရှာသည်၊ "ဒီအဖျော်ကို ရမသေ့ကြီးနှင့်အတူ သောက်ရရင် ကောင်းမှာပဲ၊ ဒါမှအဖော်ရမယ်" ဟု ကြံစည်ပြီးနောက် ဝါးကျည်ထောက်နှင့် အဖျော်ထည့်ကာ အသားကင်ပါ ယူဆောင်လျက် ရသေ့ခိုအောင်း သခ်မ်းကျောင်းသို့ သွားလေ၏။

သုရ မုဆိုးကြီးသည် ဝရုဏ ရသေ့ကြီးကို သောက်ရန် တိုက်တွန်းပြီး နှစ်ယောက်အတူ အသားကင်စားရင်းသောက်ကြလေ၏။

## သုရအမည် ဝရုဏအမည်

သုရ,ဝရုဏ ဒွေးနှစ်ဖော်တို့သည် ဤသို့သောက်စား ပျော်ပါးစွာ နေထိုင်ကြရင်း တနေ့သ၌ အကြံအဖန် လုပ်လာကြသည်၊ ၎င်းကား ထိုအဖျော်ရည်ထူးကို မြို့ရွာများသို့သွားရောက်ရောင်းချကြရန်ပင် ဖြစ်သည်၊ ထို့နောက် သဘောတူဆုံးဖြတ်ကာ ဝါးကျည်ထောက်များ ရနိုင်သမျှ စုရုံးထည့်ကာ အစွန်အဖျား မြို့တမြို့သို့ သွားရောက်ကြလျက် ဖျော်ရည်သမားများလာရောက်ကြောင်းကို ဘုရင်မင်းမြတ်ထံ သတင်းပို့စေလေ၏။

ဘုရင်မင်းမြတ်က ခေါ်ယူမေးမြန်းသောအခါ ထိုအဖျော်ကို ဆက်ကပ်ကြလေ၏၊ ဘုရင်မင်းမြတ်သည် နှစ်ကြိမ်သုံးကြိမ်သောက်စားမှူးယစ်သောအခါ သဘောကျသွားလေ၏၊ ထိုအဖျော်မှာလည်း နှစ်ရက်သုံးရက်ခန့် ကြာသောအခါ ကုန်ကား

လေ၏၊ ထိုအဖျော်ရည်ကို သုရနှင့် ဝရုဏတို့ စတင်တွေ့မြင်သော ကြောင့် ၎င်းတို့ အမည်အတိုင်း သုရ ဟူ၍၎င်း ဝရုဏ ဟူ၍၎င်း အမည် မှည့်ခေါ် ကြလေ၏၊ ဘုရင်မင်းမြတ် သည် အားမရတင်းမတိမ်ဖြစ်ကာ ၎င်းတို့ကို ခေါ်ယူမေးမြန်းသည်။

"မောင်မင်းတို့ သုရအဖျော်, ဝရုဏအဖျော် တခြားမှာ ရှိသေး သလား"

"မှန်ပါ ဘုန်းတော်ကြောင့် ရှိပါတယ်"

"အဘယ်မှာ ရှိတာလဲ"

"ဟိမဝန္တာတောကြီးထဲမှာ ရှိပါတယ်"

"ဒါဖြင့်သွားယူကြပါ"

သုရ, ဝရုဏ ဒွေးနှစ်ဖော်တို့သည် နှစ်ကြိမ်သုံးကြိမ် သွားရောက်ယူငင် ဆက်သကြသည်၊ ထို့နောက် အမြဲတစေ မသွားနိုင်ကြတော့သဖြင့် ထိုအဖျော်လုပ်ရန် ဉာဏ်ထုတ်ကြသည်၊ ထိုဆိုပြီး သစ်ပင်ကြီး၏ သစ်ခေါက်မှစ၍ မိမိတို့ စုံစမ်းသိရှိရသမျှ သီးနှံ့အစုံ၊ ဆန်ပဲအစုံ၊ အဆောက်အဉီများကို စုဆောင်းကာ မြို့တော်ဥပင် သုရအဖျော်ကို လုပ်ကိုင်ကြလေ၏။

## မြို့မှ ထွက်ပြေးကြရပုံ

သုရအဖျော်ကို တမြို့လုံး သောက်စားမူးယစ်ကြကာ အလုပ်မလုပ်ပဲ အချိန်ရှိသမျှ သောက်စားမူးယစ် ပျော်ပါးနေလေရာ ကြာမြင့်သော် ဆင်းရဲဒုက္ခ ဖြစ်ကြလေကုန်၏၊ တမြို့လုံးလည်း တိတ်ဆိတ်ငြိမ်သက် ခြောက်သွေ့ နေလေ၏၊ ထိုအဖျော်ဆရာ ဒွေးနှစ်ဖော်တို့သည်လည်း ရွှေငွေရပေါက်ရလမ်း မမြင်တော့

သဖြင့် မြို့မှတဆင့် ဗာရာဏသီမြို့တော်သို့ ထွက်ပြေးကြလေ၏၊ ဗာရာဏသီမြို့ကြီးကား ထိုခေတ်က လက်နက်နိုင်ငံ (မဟာအင်အားကြီးနိုင်ငံ)ဖြစ်သည်။

ဗာရာဏသီမြို့တော်သို့ ရောက်ကြသောအခါ ရှေးနည်းတူ ဘုရင်မင်းမြတ်ထံ အခြောင်း ကြားကြသည်၊ ဘုရင်မင်းမြတ်ခေါ်ယူ မေးမြန်း သိရသောခါ ၎င်းတို့ လိုအပ်သမျှ ရိက္ခာကို အထောက်အပံ့ပေးသည်၊ ထိုမြို့၌လည်း ရှေးနည်းတူ ပြုလုပ်သောက်စားမူးယစ်ကြသည်။

## ဒုတိယမြောက် ပြေးကြရပုံ

ကာလကြာမြင့်သော် ဗာရာဏသီတမြို့လုံး မိန်းမယောကျ်ား အမူးသမားချည်း ဖြစ်နေကြလေကုန်၏၊ အလုပ် မလုပ်ကြပဲ မူးယစ် ပျော်ပါး နေကြသဖြင့် တဖြေးဖြေး ဆင်းရဲ ခြောက်သွေ့သွားလေ၏။

အဖျော်ဆရာ ဒွေးနှစ်ဖော်တို့သည်လည်း ထိုမြို့မှတဆင့် သာကေတမြို့သို့ ထွက်ပြေးကြကာ သာကေတမြို့သို့ ရောက်သွားကြလေ၏။

## တတိယမြောက် ပြေးကြပုံ

သာကေတမြို့၌လည်း ရှေးနည်းတူ သူရ အဖျော်, ဝရုဏ အဖျော်များ လုပ်ကိုင်ရောင်းချ သောက်စား ပျော်ပါး မူးယစ် ပျက်စီး ဆင်းရဲကြသဖြင့် ထိုသာကေတမြို့မှတဆင့် သာဝတ္ထိမြို့သို့ ထွက်ပြေးကြပြန်လေ၏၊ သာဝတ္ထိမြို့ကား ထိုခေတ်က

ဗာရာဏသီမြို့ကဲ့သို့ပင် လက်နက် နိုင်ငံ (မဟာအင်အားကြီး နိုင်ငံ) တခုပင် ဖြစ်လေသည်။

သာဝတ္ထိမြို့တော်၌ သဗ္ဗမိတ္တ ဘုရင်မင်းမြတ်ထီးနန်းအုပ်ချုပ် မင်းလုပ်စိုးစံလျက် ရှိသည်၊ ဘုရင်မင်းမြတ်ထံတော်သို့ ရှေးနည်း တူ အကြောင်းကြား ခေါ်ယူမေးမြန်းပြီး အလိုရှိရာ တောင်း ခံရန် အမိန့်တော်မြွတ် မှတ်လေ၏။

ဒွေးနှစ်ဖော်တို့သည် ၎င်းတို့ အလိုရှိသမျှ အဖျော်ရည် အဆောက် အဦးအတွက် သီးနှံမျိုးစုံ သလေးစပါး ရိုးရိုး စပါး ပဲမျိုးစုံမှစ၍ တောင်းယူ၊ ရာဝင်အိုးကြီး ငါးရာကိုပါ တောင်းယူကြလေ၏၊ ဘုရင်မင်းမြတ်သည်လည်း အဖျော်ဆရာ တို့ တောင်းဆိုသမျှ အကုန်လုံးပေးလိုက် အမိန့်တော်မြွတ် မှတ်လိုက်လေ၏။

## ဒွေးနှစ်ဖော်တို့ ခေါင်းဖြတ် အသတ်ခံရပုံ

အဖျော်ဆရာတို့သည် အဖျော်ထူးကို သေချာကျန ပြုလုပ် ကြလေ၏၊ ထိုရာဝင်အိုးကြီး ငါးရာကို ကြွက်သတ္တဝါတို့ မဖျက် ဆီးနိုင်ရန်အတွက် ကြောင်သတ္တဝါ ငါးရာတို့ကို တအိုး တကောင်စီ ကြိုးနှင့်ချည် အစောင့်ထားကြလေ၏၊ အဖျော် အိုးတို့သည် နေပူဖြင့်ကျက်၍ ဆူတက် ဝေကျ လာလေ၏၊ ကြောင်တို့သည် လျှံကျသော အဖျော်ရည်ကို လျှာနှင့်ယက်၍ သောက်ကြလေရာ သောက်လေ မူးလေ၊ မူးလေ သောက် လေဖြင့် မူးယစ်ကုန်ကြသော အခါ အိပ်ပျော်သွားကြလေ၏။

ကြွက်တို့သည် အဖျော်ရည် အနံ့ကြောင့် ရောက်လာကြ ကာ ကြောင်တို့၏ နားရွက်၊ နှာခေါင်း၊ ပါးစပ်၊ အမြီးတို့ကို

ကိုက်ဖြတ်သွားကြကုန်၏၊ ထိုအချိန်၌ စစ်ဆေးရေး အရာရှိတို့ လာရောက် စစ်ဆေးကြည့်ရှုရာ ကြောင်သတ္တဝါ အားလုံး အဖျော်ရည်သောက်၍ သေကုန်ကြပြီဟု မှတ်ထင်ကာ ဘုရင် မင်းမြတ်ထံ သံတော်ဦးတင်ကြကုန်၏၊ ဘုရင်မင်းမြတ်သည် ဤသူတို့ကား အဖျော်ရည်လုပ်သူတို့ မဟုတ်ကုန်၊ အဆိပ်ရည် လုပ်သူတို့ ဖြစ်ကုန်၏၊ သင်းတို့ကို ခေါင်းဖြတ်သတ်ကြကုန်ဟု အမိန့်ပေးလိုက်လေ၏၊ ဒွေးနှစ်ဖော်တို့သည် အရှင်မင်းမြတ် သုံးရဖျော်ရည် (သေရည်) ဖြစ်ပါသည်၊ အရှင်မင်းမြတ် အလွန် ချိုမြိန် ကောင်းမွန်ပါသည်ဟူ၍ အော်ဟစ်မြည်တမ်းရင်း သေ ပန်းပွဲကြရရှာလေကုန်၏။

## သိကြားမင်းကြီး လာပြီ

သဗ္ဗမိတ္တ ဘုရင်မင်းမြတ်သည် ထိုသူတို့ကို သတ်ဖြတ်စေပြီး နောက် သေရည်ရာဝင်အိုးတို့ကို ဖျက်ဆီးဖောက်ခွဲပစ်ရန် အမိန့် ပေးပြန်လေ၏၊ ထိုအခါ၌ ကြောင်သတ္တဝါတို့သည် သေရည် မူးယစ် အိပ်ပျော်ရာမှ နိုးလာကြကာ ထ၍ ကြောဆန့် မြူးထူး ပျော်ပါး ကစားရွှင်ပျ ဖြစ်နေကြလေကုန်၏။

ကြောင်သတ္တဝါတို့၏ အမူအယာကို မြင်ကြရသော အရာရှိ တို့သည် အံ့အားသင့်ကာ ဘုရင်မင်းမြတ်ထံ အကြောင်းခြင်း ရာ လျှောက်ကြကုန်၏၊

ဘုရင် မင်းမြတ်သည် "အကယ်၍ အဆိပ်ရည်ဖြစ်လျှင် ကြောင် သတ္တဝါတွေ သေကြလိမ့်မည်၊ အဆိပ်ရည် မဖြစ်နိုင်၊ ချိုမြိန်သော အဖျော်ရည် (သေရည်) သာ ဖြစ်ရမည်၊ ငါ ကိုယ်တော်မြတ် သောက်တော်မူမည်၊ မြို့တော်ကို တန်ဆာဆင်

ယင်ကြပြီး နန်းတော်ရှေ့ မင်းရင်ပြင်၌ မဏ္ဍပ်ကြီး ထိုးကြကုန်လော့” ဟူ၍ အမိန့်ချလေ၏။

သဗ္ဗမိတ္တ ဘုရင်မင်းမြတ်သည် အမတ်အပေါင်း ခြံရံဝန်းရံလျက် အရက်သောက်ပွဲ ကျင်းပရန် ထီးဖြူစိုက် ရာဇပလ္လင်၌ စံမြန်းလျက်ရှိသည်၊ တာဝန်သိ သိကြားမင်းတို့သည် လူ့ပြည်ကို ရံခါ ရံခါ ကြည့်ရှုဆင်ခြင်လေ့ ရှိကြသည်၊ မိဘ လုပ်ကျွေးသူ ပေါများရဲ့လား၊ ဒုစရိုက် အကုသိုလ်အမှု ရှောင်ကြဉ်သူ ပေါများရဲ့လား စသည် ကြည့်ရှုဆင်ခြင် ပြုပြင်လေ့ရှိသည်၊ ထိုအခါ၌ကား သဗ္ဗမိတ္တ ဘုရင်မင်းမြတ်ကိုယ်တိုင် မူးယစ်ဆေးဝါး အပါအဝင် အရက်သောက်ပွဲ ကျင်းပ မူးယစ်ကြရန် အခြင်းအရာကို တွေ့မြင်ရလေ၏။

ထိုအခါ သိကြားမင်းသည် ဤအရက်ပွဲ အောင်မြင်လျှင် တဖြေးဖြေး ဇမ္ဗူဒိပ်ကျွန်းကြီး ပျက်စီးလိမ့်မည်၊ မပျက်စီးခင် ငါကိုယ်တိုင် ကယ်တင်မှ ဖြစ်တော့မည် တွေးတောဆင်ခြင်ပြီး နောက် ပုဏ္ဏားဆရာကြီးအသွင် ဖန်ဆင်းကာ လက်ဝါးပေါ်၌ အရက်အိုးတလုံး တင်ထားပြီး ဘုရင်မင်းမြတ်ရှေ့ ကောင်းကင်ပြင်၌ မတ်ရင်ရပ်လျက် ဤအရက်အိုးဟု မဆိုပဲ အိုးဟု သာမည စကားဖြင့်ဤ အိုးဝယ်ပါဟု တိုက်တွန်းလေ၏။

ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာဖြင့် ကောင်းကင်ပြင်၌ ရပ်နေသော လူသားတဦးကို သဗ္ဗမိတ္တ ဘုရင်မင်းမြတ် မြင်တွေ့ရသော အခါ အံ့အားသင့်ကာ စကားဆိုမေးမြန်းသည်။

ထိုအခါ ပုဏ္ဏားဆရာကြီး အယောင်ဆောင် သိကြားမင်းက မိမိအိုး၌ ပါသော အရက်၏ အပြစ်ဒေါသတို့ကို ပြောဆို

ဟောပြလေသည် (ဂါထာပေါင်း ၂၅ ပုဒ် ဖြစ်၏၊ ၈ လုံးဘွဲ့ ဂါထာ ၁ ပုဒ်သာ ပါ၍ ၁၁ လုံးဘွဲ့၊ ၁၂ လုံးဘွဲ့ ဂါထာ တို့ဖြစ်သည်။)

## ချောက်ကြီးထဲကျမည် မစားသင့်တာစားမည်

၁။ ဤအိုးသည် ထောပတ်, ပျား, ဆီ, တင်လဲ အိုး မဟုတ်ပါ၊ ဤအိုး၏ အပြစ်ဒေါသတို့ လွန်စွာများပြားသည်၊ သေသေချာချာ အာရုံစိုက်နားထောင်ကြပါ။

၂။ ဤအိုးထဲမှ အရည်ကို သောက်လျှင် ချောက်ကြီးထဲ ကျလိမ့်မည်၊ တွင်းချိုင့်မသိ လိမ့်ကျမည်၊ ရွံပုပ်အိုင်, မစင်အိုင်မသိ ဆင်းလိမ့်မည်၊ မစားသင့်သော အစာ ကိုလည်း များစွာစားပြလိမ့်မည်၊ ဤသို့ဖောက်ပြန်မှု ကြီးမားသော အရက်အိုးကြီးကို ဝယ်ကြပါ။

၃။ ဤအရက်ကို သောက်ပြီးက စိတ်ကို အစိုးမရ ဖြစ်လာ လိမ့်မည်၊ ကိုးစား အားထားရာမဲ့ သစ်ရွက်ခြောက် လိုက်ကောက်စားနေသော နွားကြီးလို မှီခိုရာမရှိ ဖြစ် လာကာ သီချင်းဆိုလိုက် ကခုန်လိုက် လုပ်လာလိမ့်မည်၊ ဤသို့ ဖောက်ပြန်မှု ကြီးမားသော အရက်အိုးကြီးကို ဝယ်ကြပါ။

၄။ ဤအရက်ကို သောက်ပြီး သူသည် အဝတ်မဝတ်ပဲ ကျင့်ကြံသူကဲ့သို့ အဝတ်မဆီး ဘလာချည်းနီး မြို့, ရွာ အတွင်း လမ်းကြီးလမ်းငယ် အသွယ်သွယ်သို့ သွားလာ လှည့်ပတ် နေလိမ့်မည်၊ ဖောက်ပြန်တုန်လှုပ် ငုတ်ကတ်

တွေဝေ စိတ်လေချောက်ချား နေလိမ့်မည်၊ အလွန်အကြူး ရူးမူးယစ်လျက် အိပ်စက်နေလိမ့်မည်၊ ဤသို့ ဖောက်ပြန်မှု ကြီးမားသော အရက်အိုးကြီးကို ဝယ်ကြပါ။

၅။ ဤအရက်ကို သောက်ပြီးသူသည် တုန်တုန် လှုပ်လှုပ်နှင့် လျှင်စွာထကာ ဦးခေါင်းလက်ခြေ ယိမ်းယိုင်လှုပ်ရှားလျက် ရုပ်သေးရုပ်လို ကခုန် လိမ့်မည်၊ ဤသို့ ဖောက်ပြန်မှု ကြီးမားသော အရက်အိုးကိုဝယ်ကြပါ။

၆။ ဤအရက်ကို သောက်ပြီးသူသည် မူးယစ် တွေဝေကာ မီးလောင်မှန်းမသိ အိပ်မောကျနေလိမ့်မည်၊ ခွေးကိုက်ခဲသည်ကိုလည်း မသိပဲ နေလိမ့်မည်၊ အနှောင်အဖွဲ့ အချုပ်ခံရခြင်း, ဒဏ်တပ်ခံရခြင်း, အသတ်ခံရခြင်း, စီးပွားဥစ္စာ ဆုတ်ယုတ်ခြင်း ဖြစ်ပေါ်လာလိမ့်မည်၊ ဤသို့ ဖောက်ပြန်မှု ကြီးမားသော အရက်အိုးကြီးကို ဝယ်ကြပါ။

၇။ ဤအရက်ကို သောက်ပြီး သူသည် မပြောသင့်သော စကား ပြောဆိုလိမ့်မည်၊ အစည်းအဝေး ရှိရာ အရပ်, လူစုလူဝေးရှိရာအရပ်, လူသူပရိသတ်များပြားစုရုံးရာ ပွဲလမ်းသဘင်ရှိရာအရပ် ဖြစ်စေကာမူ အဝတ်မကပ် အရှက်ပြတ်ကာ သွားလာ လိမ့်မည်၊ အမူး လွန်ကာ မိမိထွေးအန်ဖတ်ထဲ၌ လူးလဲလိမ်းကျံ ညစ်ညူးနေလိမ့်မည်၊ ဤသို့ဖောက်ပြန်မှု ကြီးမားသော အရက်အိုးကြီးကို ဝယ်ကြပါ။

၈။ ဤအရက်ကို သောက်ပြီးသူသည် မိမိကိုယ်ကို အကြီးမြတ်ဆုံးပုဂ္ဂိုလ်အဖြစ် မှတ်ထင်လာလိမ့်မည်၊ မျက်လုံးတွေ နီရဲဝင်းပြောင်လာလိမ့်မည်၊ အောင်နိုင်သူ မဟာစစ်ဗိုလ်ချုပ်ကြီး လိုလို၊ မဟာကေရာဇ်မင်းကြီး လိုလို မှတ်ထင် နေလိမ့်မည်၊ ဤသို့ ဖောက်ပြန်မှု ကြီးမားသော အရက်အိုးကြီးကို ဝယ်ကြပါ။

၉။ ဤအရက်ကို သောက်ပြီးသူသည် စိတ်နေမြင့်မောက်ဘဝင်ကောက်သူဖြစ်ရလိမ့်မည်၊ခိုက်ရန်ငြင်းခုန် ပြုလုပ်လိမ့်မည်၊ဂုန်းတိုက်စကား ပြောကြားလိမ့်မည်၊အဆင်းဖောက်ပြန် မူမမှန်သူဖြစ်ရလိမ့်မည်၊ အဝတ် အကျွတ်ကျွတ် ဘိုသီဘတ်သီ ဖြစ်နေလိမ့်မည်၊ ထိုဤပြေးသွားလှုပ်ရှားနေလိမ့်မည်၊ ဤဖြစ်ရပ်မျိုးကား သူခိုးဒြ သေသောက်ကြူးတို့၏ အမူအရာပင်ဖြစ်သည်၊ ဤသို့ ဖောက်ပြန်မှု ကြီးမားသော အရက်အိုးကြီးကို ဝယ်ကြပါ။

၁၀။ အရက်ကြူးသူ သေသောက်ကြူးသူသည် မိဘမျိုးရိုးလွန်စွာပြည့်ဖြိုးချမ်းသာ ကုဋေကုဋာ ရွှေငွေရတနာပေါများလှသူ ဖြစ်စေကာမူ ဤအရက်က ဆင်းရဲမွဲတေ အခြေမကျ အနေမလှ ကလေကဝဖြစ်အောင် ပြုလုပ်လိမ့်မည်၊ ဤသို့ ဖောက်ပြန်မှု ကြီးမားသော အရက်အိုးကြီးကို ဝယ်ကြပါ။

၁၁။ အကြင် အမျိုးအိမ်၌ သေသောက်ကြူး အရက်သမားရှိ၏၊ ထိုအမျိုးအိမ်သည် စပါး, ပဲ, ဆန်, ရွှေ,ငွေ,စိန်,

ရတနာ, လယ်ယာ, ကျွဲ,နွား မည်ရွေ့ မည်မျှ ပေါများ ကြွယ်ဝစေကာမူ နောက်ဆုံး၌ ဆင်းရဲမွဲတေ အမြဲ မလှ ဖြစ်ရလိမ့်မည်၊ ဤသို့ ဖောက်ပြန်မှု ကြီးမားသော အရက်အိုးကြီးကို ဝယ်ကြပါ။

၁၂။ အရက်သောက်ပြီးသော အမူးသမား (အရက်သမား) သည် စိတ်နေစိတ်ထား ဖောက်ပြားကာ အမေကိုလည်း ဆဲရေး၏၊ အဖေကိုလည်း ဆဲရေး၏၊ မည်သူ့ကိုမဆို ဆဲရေး၏၊ ယောက္ခမ မိန်းမကိုလည်း မယားမှတ်ထင် ဆွဲငင်၏၊ ချွေးမကိုလည်း မယားမှတ်ထင် ဆွဲငင်ဖမ်း ကိုင်၏၊ ဤသို့ဖောက်ပြန်မှု ကြီးမားသော အရက်အိုး ကြီးကို ဝယ်ကြပါ။

၁၃။ ယောကျ်ား အရက်ကြူးသူ အမူး သမားသာ မဟုတ် ချေ၊ မိန်းမအရက်ကြူးသူ အမူးမသည်လည်း စိတ် သဘော ချွတ်ယွင်းဖောက်ပြန်ကာ ယောက္ခမများကို လည်း ဆဲရေး၏၊ မိမိ၏အိမ်ဦးနတ် လင်ယောကျ်ားကို လည်းဆဲရေး၏၊ကျွန်ယောကျ်ားကိုလည်း ရာဂစိတ် ယို ဖိတ်ကာ မိမိလင်ယောကျ်ား မှတ်ထင်ဆွဲကိုင်၏၊အခြား အစေအပါး သိကြွမ်းသော ယောကျ်ားများကိုလည်း ကိလေသာမိုယ်း ရွာသွန်းဖြိုးကာ မိမိသက်ထား လင် ယောကျ်ားဟု ထင်မှတ်ဆွဲငင်၏၊ ဤသို့ ဖောက်ပြန်မှု ကြီးမားသော အရက်အိုးကြီးကို ဝယ်ကြပါ၊

၁၄။ အရက်ကြူး အမူးသမားသည် တရားကျင့်သုံးသော သမဏ ဗြာဟ္မဏအမည်ခံ တရားရှင်များကို သတ်ဖြတ်

ညှင်းဆဲတတ်၏၊ ထိုသို့ သတ်ဖြတ်ညှင်းဆဲခြင်းကြောင့် အပါယ်လေးဘုံ ကျရောက်၍ ဒုက္ခခံစားရလေ၏၊ ဤသို့ ဖောက်ပြန်မှု ကြီးမားသော အရက်အိုးကြီးကို ဝယ် ယူကြပါ။

၁၅။ အရက်သောက်ပြီးသော အခါ အမှန်စင်စစ် မကောင်း ကျင့် ဒုစရိုက်ကို ကျင့်ကြံပြုလုပ်ကြကုန်၏၊ ကိုယ်, နှုတ်, စိတ် ဒွါရသုံးပါးဖြင့် မနေမနား ဒုစရိုက်မှု ပြုလုပ်ကြံသည်သာ ဖြစ်ကုန်၏၊ ဤသို့ ဒုစရိုက်မှု ပြုကျင့်မိသောကြောင့် ငရဲဘုံသွားရောက်ကာ ဒုက္ခ ခံစားကြရကုန်၏၊ ဤသို့ ဖောက်ပြန်မှု ကြီးမားသော အရက်အိုးကြီးကို ဝယ်ယူကြပါ။

၁၆။ ရှေးအခါက ရွှေငွေများစွာပေး၍ မှသားစကား ပြော ဆိုပေးရန် တောင်းပန်ခြင်း လက်မခံသော လူကြီး လူကောင်း တဦးသည် အရက်သောက်ပြီး၍ မူးယစ် လာသော အခါ အလိုအလျောက် မုသားစကား ပြောဆိုလေ၏၊ ဤသို့ ဖောက်ပြန်မှု ကြီးမားသော အရက်အိုးကြီးကို ဝယ်ယူကြပါ။

၁၇။ အရက်သောက်ကာ မူးယစ်နေသော အခါ အရေး တကြီး ကိစ္စလုပ်ငန်းတို့ကို မှန်ကန်စွာ မလုပ်ကိုင် မဆောင်ရွက်နိုင်တော့ပဲ အမှားမှား အယွင်းယွင်း လုပ်ကိုင်ဆောင်ရွက်မိရှာလေ၏၊ ဤသို့ ဖောက်ပြန် မှု ကြီးမားသော အရက်အိုးကြီးကို ဝယ်ယူကြပါ။

၁၈။ အရှက်အကြောက် ဟိရိဩတ္တပ္ပရှိသော လူကြီး လူကောင်း သူတော်ကောင်းတို့သည်ပင် အရက်သောက်မူးယစ်သော အခါ အရှက်အကြောက် ကင်းမဲ့လျက် စိတ်စေရာ ဇွတ်အတင်း ပြုလုပ်တတ်ကြကုန်၏၊ သတိ, ပညာ, သမာဓိရှိသော လူကြီးလူကောင်း သူတော်ကောင်းတို့သည်လည်း အနှစ်မပါ ပြိန်ဖျင်းယုတ်ညံ့သော စကားကို ပြောဆိုတတ်ကြကုန်၏၊ ဤသို့ ဖောက်ပြန်မှု ကြီးမားသော အရက်အိုးကြီးကို ဝယ်ယူကြပါ။

၁၉။ သောက်စားမူးယစ် ဖောက်ပြန်သော အခါ မျိုးဇာတ်နှယ် ယုတ်ညံ့သူများနှင့် အတူ ဝက်ကလေးများကဲ့သို့ အိပ်စက်တတ်၏၊ အစားအစာ စားသောက်ရမှန်း မသိ ငတ်မွတ်တတ်၏၊ မြေကြီးပေါ်၌ ခင်းနှီးမပါ အိပ်စက်တတ်၏၊ ကိုယ်ခန္ဓာ ရုပ်ရေအဆင်း အသွင်အပြင် ဖောက်ပြန်တတ်၏၊ မကောင်းသတင်း, ပုံသျှင်း ကြိုင်လှိုင်တတ်၏၊ ဤသို့ ဖောက်ပြန်မှု ကြီးမားသော အရက်အိုးကြီးကို ဝယ်ယူကြပါ။

၂၀။ အရက်သောက်သူသည် သတ်ရန် တံဆိပ်ရိုက်ထားသော နွားကို နွားသတ်ရုံသို့ ဆောင်ယူသော အခါ ခေါင်းငိုက်ဆိုက် ကျနေသကဲ့သို့ ဦးခေါင်းငိုက်ဆိုက် ကျနေတတ်၏၊ အရက်သောက်ခြင်းကြောင့်ကိုယ်ခန္ဓာခြောက်သွေ့ပိန်ကြုံကာ ခယရုတ်, ကုတ်ဟီးနာ, ချောင်းဆိုးနာ ဖြစ်သွားတတ်၏၊ ဤသို့ ဖောက်ပြန်မှု ကြီးမားသော အရက်အိုးကြီးကို ဝယ်ယူကြပါ။

၂၁။ လောကဥ္ဘ လူကောင်း၊ သူကောင်း တို့သည် အရက်ကို ပြင်းထန်သော မြွေဆိပ်ကဲ့သို့လည်းကောင်း၊ ပြင်းထန်သော အဆိပ်ကဲ့သို့လည်းကောင်း မှတ်ထင်ရှောင်ကြဉ်ကြကုန်၏၊ ထိုအဆိပ်နှင့်တူသော အရက်ကို အဘယ်သူ သောက်ဝံ့လိမ့်မည်နည်း။

၂၂။ ရှေးအခါက ဒသဘာတိက မင်းမျိုးတို့သည် အရက်သောက်ကာ သမုဒ္ဒရာကမ်းပါး၌ ကစားပျော်ရွှင်ရင်းခိုက်ရန်ဖြစ်ကာ အချင်းချင်း သတ်ဖြတ် သွေးချောင်းစီး ဖြစ်ကြရကုန်၏၊ ဤသို့ ဖောက်ပြန်မှု ကြီးမားသော အရက်အိုးကြီးကို ဝယ်ယူကြပါ။

၂၃။ ရှေးအခါက အသုရာနတ်တို့သည် တာဝတိံသာ နတ်ပြည်၌ ရှေးဦးစွာ နတ်သားဖြစ်၍ ကြာမြင့်စွာ နေထိုင်ကြစဉ် မဃလုလင် အမှူးရှိသော နတ်သားသစ် သုံးကျိပ်သုံးဦးတို့ ဖြစ်ပေါ်လာသောအခါဝမ်းမြောက်ဝမ်းသာ နတ်အပျော်သရက်ကို စီမံကြကုန်၏၊ နတ်သား အသစ်တို့ကား မဃလုလင်ဟောင်း သိကြားမင်းသတိ ပေးထားခြင်းကြောင့် မသောက်မယစ်ကြကုန်၊ နတ်သားဟောင်း အသုရာနတ်တို့ကား အားပါးတရသောက်စားမူးယစ် အိပ်ပျော်ကြကုန်၏၊ ထိုအခါ နတ်သားသစ်တို့က မြင်းမိုရ်တောင်သို့အသာမ၍ ပစ်ချကြကုန်၏၊ ထို့နောက် ၎င်းတို့ကုသိုလ်ကံအလျောက် အသုရာနတ်ဘုံ ပေါ်ပေါက်ကာ သုရာအမည်မှ အသုရာအမည် ရပြီး အသုရာနတ်အဖြစ် နေထိုင်ကြကုန်၏၊ ဤအရက်သည် ဤသို့ ဖောက်ပြန်မှုးသစ်ကာ

ကြီးစွာသော အကျိုးဆုတ်ယုတ်မှုကို ဖြစ်စေလေ၏၊ ဤသို့ ဖောက်ပြန်မှု ကြီးမားသော အရက်ကို အပြစ် သိသူသည် အဘယ်မှာလျှင် သောက်ဝံ့လိမ့်မည်နည်း။

၂၄။ သဗ္ဗမိတ္တမင်းကြီး ဤအိုးသည် ဒိန်ခဲအိုး, ပျားရည်အိုး မဟုတ်ပါ၊ ဤအရက်အိုးကို သေချာစွာ သိပါလျက် ဝယ်ယူဦးမည်လော၊ ငါသည် ဤအိုး၌ရှိသော အရက် အပြစ်တို့ကို သင့်အား သေချာပြည့်စုံ ပြောကြားပြီး ပါပြီ။

## ဘုရင်မင်းမြတ် ဆုပေးပုံ

ထိုအခါ သဗ္ဗမိတ္တ ဘုရင်မင်းမြတ်သည် လွန်စွာ ဝမ်းမြောက် ရွှင်ပြကာ အရက်အပြစ် ပြောဆိုဆုမ္မသူကို ဆရာအမှတ်ထား ပူဇော်ရန် အောက်ပါအတိုင်း ပြောဆိုဝန်ခံလေ၏။

"သင်သည် ငါ၏ အမေအဖေ မဟုတ်ပါပဲ အမေ အဖေကဲ့သို့ သနားကြင်နာ အကျိုးစီးပွား လိုလားစွာ ပြောဆို ဆုမ္မပါသည်၊ လွန်စွာလည်း အကျိုးရှိပါသည်၊ သင်၏ စကားအတိုင်း လိုက်နာ ကျင့်သုံးပါတော့မည်။

"သင့်အား တနှစ်လျှင် အခွန်တော် တသိန်းစီ ထွက်သော ရွာကြီး ငါးရွာ၊ ကျွန်မိန်းမ တရာ၊ နွား ငါးရာ၊ ယခု သင်မြင်နေရသော အာဇာနည်မြင်း လေးကောင်ကသော ရတနာတို့ဖြင့် ဆင်ယင်ထား သော ရထားကြီးတို့ကို ဆရာစားအဖြစ် ပေးအပ် ပါမည်"

## ဇာတ်ပေါင်းခဏ်းနှင့် အရက်ကမ္ဘာကြီး ဖြစ်ပေါ်လာပုံ

ထိုအခါ ပုဏ္ဏားယောင်ဆောင် သိကြားမင်းသည် ပုဏ္ဏား ယောင်ဖျောက်၍ သိကြားမင်းအဖြစ် ထွန်းလင်းတောက်ပ ထင်ရှားပြကာ စကားဆိုလေ၏။

"သဗ္ဗမိတ္တမင်းကြီး သင်ပေးသော ရွှာကြီးများ, ကျွန်မများ, နွားများ, ရထားများကို သင့်အား ပြန်ပေးပါမည်၊ ငါကား စတုမဟာရာဇ် တာဝတိံသာ နတ်တို့နှစ်ပြည်ထောင် အစိုးရသော သိကြား မင်းကြီး ဖြစ်သည်။

"သင် မင်းကြီးသည် ဒန်ပေါက်ထမင်း ထော ပတ် ထမင်း နို့ဃနာတို့ကို စားသုံးပါ၊ ပျားရည်, သကြား, ထန်းလျက် စသည်နှင့် လုပ်သော မုန့် အမျိုးမျိုးတို့ကို သုံးဆောင်စားသောက်ပါ၊ ဤသို့ တရားသဖြင့် ကျင့်ကြံစားသောက် နေထိုင်ကာ ကဲ့ရဲ့ ရှုတ်ချဖွယ် မရှိပဲ နတ်ပြည်သို့ ဆိုက်ရောက်အောင် ပြုလုပ်ပါလော့"

ဤသို့ မင်းကြီးအား တရားစကား ဟောကြားဆုံးမပြီး နောက် နတ်ပြည်သို့ ပြန်ကြွသွားလေ၏။

သဗ္ဗမိတ္တ မင်းကြီးသည်လည်း အရက်အိုးကြီးတို့ကို ခွဲစေ ဖျက်ဆီးစေပြီးနောက် သီလစောင့်ခြင်း, ဒါနပြုလုပ်ခြင်းတို့ဖြင့် ကံကုန်သော အခါ နတ်ပြည်သို့ ရောက်ရလေ၏။

ထိုအခါမှစ၍ ဇမ္ဗူဒိပ် (ငါတို့၏ သပြေနိမိတ် ဇမ္ဗူဒိပ် လံကျွံတောင်ကျွန်း) ၌ အရက်သောက်မှု (သုရာပါန) လုပ်ငန်း ကြီးသည် ကြီးပွားတိုးတက် ပျံ့ပွား လာခဲ့လေ၏။

## ဒသဘာတိက မင်းမျိုးများ

သိကြားမင်း၏ စကား ဂါထာအမှတ် ၂၂ တွင် ဒသ ဘာတိက မင်းမျိုးများနှင့် ၂၃ တွင် အသုရာနတ်တို့ အကြောင်း ပါဝင်သည်၊ လျှို့ဝှက် တိမ်မြုပ်သော ထိုအကြောင်းတို့ကို အကျဉ်းချုပ် ဖော်ပြရပေအံ့။

## ကံသမင်းမျိုး တန်ခိုးကြီးလှ

ရှေးအခါက ဥတ္တရာပထတိုင်း အသိတဥ္စနမြို့၌ မဟာကံသ မင်းကြီး ထီးနန်းစိုးအုပ် မင်းလုပ်သည်၊ ကံသ, ဥပကံသ သား နှစ်ယောက်နှင့် ဒေဝဂဗ္ဘာ သမီးတယောက် ထွန်းကားသည်၊ ဗေဒင်, လက္ခဏာ, နေမိတ္တက ဝိဇ္ဇာဆရာတို့က "ဤမင်းသမီးမှ မွေးဖွားသော သားတို့သည် ကံသမင်းမျိုးနွယ်ကို ပျက်စီးဆိတ်သုဉ်းအောင် ဖျက်ဆီးပစ်ကြလိမ့်မည်" ဟု ဟောဆိုကြကုန်၏။

မဟာ ကံသမင်းကြီးကား သမီးတော်ကို ချစ်မြတ်နိုးလှသဖြင့် ဖျက်ဆီးသုတ်သင်ရန် ဝန်လေးနေရှာ၏၊ သူ့နောင်တော်တွေ ကြည့်စီမံကြမှာပေါ့လေ.... တွေးကာ နေထိုင်ရင်း နတ်ရွာစံ ကံတော်ကုန်လေ၏၊

ထိုအခါ နောင်တော်ကြီး ကံသမင်းသား ဘုရင်မင်းမြတ် ဖြစ်လာ၍ ညီတော် ဥပကံသမင်းသားသည် အိမ်ရှေ့မင်း ဖြစ်လာ လေ၏။

နေမိတ္တက ဝိဇ္ဇာတို့ ဟောကြားချက် သတိရကာ ညီနောင်နှစ်ဦး စဉ်းစားခဏ်းဝင်ကြသည်၊ နှမကို သတ်ပစ်လိုက်ရင် ကဲ့ရဲ့စရာကြီး ဖြစ်လိမ့်မည်၊ ဘယ်သူနှင့်မျှ မပေးစားပဲ အပျိုကြီးဘဝနှင့် စောင့်ရှောက် နေထိုင်စေမည် ကြံကာ တပင်တိုင်ပြာသာဒ်ဆောက်လုပ်ပြီး အစောင့်အရှောက် တင်းကြပ်စွာနှင့် နေထိုင်စေလေ၏။

## ရွှေဖူးစာကံ စီမံပြန်

အန္ဓကဝေဏှု ကျွန်ယောကျ်ားနှင့် နန္ဒိဂေါပါ ကျွန်မိန်းမလင်မယားတို့က လုပ်ကျွေးစောင့်ရှောက်သည်၊ ထိုအချိန်အခါက ဥတ္တရမဓုရာမြို့၌မဟာသာဂရမင်းကြီး ထီးနန်းအုပ်ချုပ်မင်းလုပ်နေရာ သာဂရနှင့် ဥပသာဂရ မင်းသားနှစ်ယောက် ထွန်းကားသည်၊ မင်းကြီး နတ်ရွာစံသော အခါ သာဂရမင်းသားမင်းဖြစ်၍ ဥပသာဂရမင်းသား အိမ်ရှေ့မင်း ဖြစ်လာသည်။

## အိမ်ရှေ့မင်းသား ဖောက်ပြန်မှု

ဥပသာဂရ အိမ်ရှေ့မင်းသားသည် နန်းတော်ရှိ မိဖုရားအချို့နှင့် ရှုပ်ထွေး၍ ကြောက်လန့်ထွက်ပြေး အသိတဉ္စနမြို့ရောက်လာသည်၊ အိမ်ရှေ့မင်း ဥပကံသနှင့် ပညာသင်ဘက်ငယ်သူငယ်ချင်းဖြစ်သူ ဥပသာဂရ ဘရုတ်ကို ဥပကံသ အိမ်ရှေ့မင်းသားက နောင်တော် ဘုရင်းမင်းမြတ် ကံသမင်းကြီးထံခေါ်သွားသည်၊ မင်းကြီးကလည်း ညီတော်၏ သူငယ်ချင်းဖြစ်၍စည်းစိမ်ချမ်းသာ များစွာပေးကမ်း စောင့်ရှောက်ထားသည်။

## အသံကြားရုံနှင့် ချစ်ခင်တပ်မက်

ဥပသာဂရဘာရုတ် နန်းတော် အခစားဝင်စဉ် တိုင်တလုံး ပြာသာဒ်ကြီး တွေ့မြင်စုံစမ်းရာ နှမတော် ဒေဝဂဗ္ဘာ မင်းသမီး အကြောင်း သိသွားသည်၊ ဒေဝဂဗ္ဘာ အသံကြားရုံနှင့် ချစ်ခင် တပ်မက်စိတ် ဖြစ်နေသည်၊ ဒေဝဂဗ္ဘာသည်လည်း အစ်ကိုအိမ်ရှေ့ စံနှင့် အတူပါသော ဥပသာဂရဘာရုတ်ကို မြင်၍ စုံစမ်းရာ မဟာသာဂရမင်းကြီးသားတော် ဥပသာဂရ အိမ်ရှေ့မင်းသား ဟောင်းမှန်း သိသောအခါ အသံကြားရုံနှင့် ချစ်ခင်တပ်မက် စိတ် ဖြစ်နေသည်။

## နှစ်ကိုယ်တွေ့

ဥပသာဂရဘာရုတ်သည် အထိန်းတော် နန္ဒိဂေါပါထံ ချဉ်း ကပ် တံစိုးလက်ဆောင်ပေးကမ်း၍ ဒေဝဂဗ္ဘာနှင့် တွေ့ရန် အကြံ အဖန်လုပ်သည်၊ ဒေဝဂဗ္ဘာကလည်း မဆွတ်ခင်က ညွှတ်ချင်ရက် မိကျောင်းပန်းဖြစ်၍ လွယ်ကူစွာ လက်ခံလိုက်သည်၊ နန္ဒိဂေါပါ အထိန်းတော်က ညအခါ ဥပသာဂရ မင်းသားကို တိတ်တဆိတ် ဒေဝဂဗ္ဘာ တပင်တိုင်စံနန်း တင်ပေးလိုက်သည်။

ဤသို့ လစ်တိုင်း အကြိမ်ကြိမ်တွေ့ဆုံ ပေါင်းသင်းမှုကြောင့် ဒေဝဂဗ္ဘာ၌ ပဋိသန္ဓေတည်သွားသည်၊တဖြေးဖြေး ကိုယ်ဝန်ရင့် ကျက် (ဗိုက်ကြီး) သည်ကို အစ်ကို မင်းသားတို့ သိသွားရာ အထိန်းတော်ကို ခေါ်စစ်သည်၊ အထိန်းတော်က ဘေးမဲ့ (အသက်ဘေး) သောင်းပန် အကြောင်းစုံ ပြန်ကြားသည်။

## ပေးစား ထိမ်းမြားလိုက်ခြင်း

မင်းညီနောင်တို့ နေမိတ္တက ဝိဇ္ဇာတို့ ဟောကြားချက် သတိရသော်လည်း နှစ်မလေးကို မသတ်ရက်ကြပေ၊ သမီးမွေးရင်နေပေစေ၊ သားမွေးရင် သတ်ပစ်မယ် ကြံထားသည်၊ ထို့နောက် ထိုမောင်မယ်နှစ်ဦးကို ပေးစားထိမ်းမြားလိုက်သည်။

## မြို့စားရာထူး ပေးလိုက်ခြင်း

ဒေဝဂဗ္ဘာသည် အချိန်တန်သောအခါ သမီးကလေး ဖွားမြင်သည်၊ မင်းညီနောင်တို့ ဝမ်းမြောက် ဝမ်းသာ ဖြစ်ကြကာ ဘောဂဝဍ္ဍမာနရွာကို မြို့စားရွာစား မင်းအဖြစ် ပေးအပ်ချီးမြှောက်ကြသည်၊ ထိုစုံတွဲသည် ဘောဂဝဍ္ဍမာန ရွာတွင် ပြောင်းရွှေ့နေထိုင်ကြသည်။

## ဒုတိယ ကိုယ်ဝန်

ဒေဝဂဗ္ဘာ၌ ဒုတိယ ကိုယ်ဝန်တည်ပြန်သည်၊ အထိန်းတော်နန္ဒိဂေါပါ၌လည်း ထိုနေ့၌ပင် ကိုယ်ဝန်တည်ရှိသည်၊ မင်းသမီးနှင့် အထိန်းတော် တနေ့တည်း မွေးဖွားကြသည်၊ ဒေဝဂဗ္ဘာက သားမွေး၍ နန္ဒိဂေါပါက သမီးမွေးသည်၊ ဒေဝဂဗ္ဘာသည် သားငယ် အသတ်ခံရမည်ကို စိုးရိမ်၍ နန္ဒိဂေါပါနှင့် လျှို့ဝှက် အကြောင်းကြား သားနှင့်သမီး လဲလှယ်ကြသည်။

ဒေဝဂဗ္ဘာက သမီးကလေး မွေးပြန်ကြောင်း မင်းညီနောင်တို့ထံ အကြောင်းကြားရာ ကောင်းစွာမွေးမြူထားရန်အကြောင်းပြန်လိုက်သည်။

## သားတကျိပ်နှင့် သမီးတယောက်

ဤသို့အားဖြင့် ဒေဝဂဗ္ဘာမင်းသမီးသည် သားရှစ်ယောက် (ရှစ်ကြိမ်) မွေးဖွားသည်၊ ယခင် သုံးယောက်နှင့် ပေါင်းသော် သားတကျိပ် သမီးတယောက်ဖြစ်သည်။

## သားနှင့်သမီး လဲလှယ်မွေးခြင်း

ကံကောင်း၍ အကြောင်းလှနေပုံမှာ အထိန်းတော် နန္ဒိဂေါပါသည် သမီးချည်း ရှစ်ယောက် မွေးသည်၊ ဒေဝဂဗ္ဘာသည် အရှည်မြော်မြင်ကာ မိမိသားမွေးတိုင်း နန္ဒိဂေါပါ သမီးနှင့် လဲ၍ မွေးမြူသည်၊ ဤအဖြစ်ထူးကို လျှို့ဝှက်ထားကြရာ မည်သူမျှ မသိကြချေ။

## သားတကျိပ် နာမည်များ

သားဆယ်ယောက် အကြီးဆုံးမှစ၍ ဝါသုဒေဝ, ဗလဒေဝ, စန္ဒဒေဝ, သူရိယဒေဝ, အဂ္ဂိဒေဝ, ဝရုဏဒေဝ, အဇ္ဇုန, ဃဋပဏ္ဍိတ, အင်္ကုရတို့ဖြစ်ကုန်၏။

ထိုသား ဆယ်ယောက်တို့သည် နောင်အခါ၌ အန္ဓကဝေဏှုကျွန်းသား၊ ဒသဘာတိကစေဋ္ဌက (ညီနောင် ဆယ်ဦးအကြံသမား) ဟူသော အမည်နှစ်မျိုးဖြင့် ဟိုးဟိုးကျော် ထင်ရှားလူသိများ ဖြစ်သွားကြသည်။

## ကြမ်းကြုတ်ခက်ထန် ရိုင်းစိုင်းကြခြင်း

ထိုမင်းသားငယ် (အန္ဓကဝေဏှုကျွန်းသား) တို့သည် တဖြေးဖြေး ကြီးရင့် အားခွန်ပြည့်ဖြိုး ကြမ်းကြုတ်ခက်ထန် ရိုင်းစိုင်း

ကြကုန်၏၊ တိုင်းပြည်မြို့ရွာ လုယက်ဖျက်ဆီးကြကုန်၏၊ ဘုရင်မင်းမြတ်ထံပို့သော လက်ဆောင်ပဏ္ဏာ အခွန်ဘဏ္ဍာ စသည်တို့ကိုလည်း လုယက်ယူငင်ကြကုန်၏။

တိုင်းပြည်လူထု မခံမရပ်နိုင် ဖြစ်လာကြကာ အသိတဥ္စနမြို့တော်တက်၍ နန်းတော်ရှေ့၌အော်ဟစ်ကြွေးကြော် တိုင်ကြားကြကုန်၏။

ကံသမင်းကြီးသည် အန္ဓကဝေဏ္ဍုကို စေလွှတ်ခေါ်ယူ ကြိမ်းမောင်းသည်၊ လူထုကြီးက သုံးကြိမ်စုဝေး အော်ဟစ်၍ မင်းကြီးကလည်း သုံးကြိမ်ပင် သူတို့အဖေ အန္ဓကဝေဏ္ဍုကို ခေါ်ယူကြိမ်းမောင်း ခြိမ်းခြောက်သည်။

## မင်းကြီး အကြောင်းစုံသိ၍ ဖမ်းဆီးခြင်း

တတိယအကြိမ် ခေါ်ယူကြိမ်းမောင်း ခြိမ်းခြောက်သောအခါ အန္ဓကဝေဏ္ဍုသည် ကြောက်ရွံ့ကာ ဘေးမဲ့တောင်းရှာသည်။

"အရှင်မင်းကြီး သူတို့ဟာ ကျွန်တော့် သားရင်းတွေမဟုတ်ကြပါ၊ ယောက်ဖတော် ဥပသာဂရ သားတွေဖြစ်ကြပါတယ်" စသည်လျှို့ဝှက် အကြောင်းများကို သံတော်ဦးတင်လိုက်ရာ ဘုရင်မင်းမြတ်မှာ ကြက်သီးဖြန်းဖြန်း ထသွားရှာသည်။

## ဖမ်းဆီးရန်ကြံပုံ

မင်းကြီးသည်အမတ်တို့နှင့် ဖမ်းဆီးရန် အကြံထုတ်ကြသည်၊ အမတ်တို့က ထိုမင်းသားတို့သည် လက်ဝှေ့ လက်ပန်း ဝါသနာကြပါသည်၊ လက်ဝှေ့မြို့တော်၌ လက်ဝှေ့ပွဲကြီး ကျင်းပဖမ်းဆီး

ရန် အကြံပေးကြသည်၊ ထိုအကြံအတိုင်း ဘုရင်မင်းမြတ်သည် နန်းတော်ရှေ့ ရင်ပြင်၌ လက်ဝှေ့မဏ္ဍပ်ကြီးထိုးကာ လက်ဝှေ့အပြိုင် ထိုးရန် လာက ဖမ်းဆီးရန် အသင့်စီမံထားသည်။

## ဘုရင့် လက်ဝှေ့သမားတို့ ရှုံးခြင်း

နိုင်ငံတော်အတွင်း၌ စာရှရန့်နှင့် မုဋ္ဌိက လက်ဝှေ့ လက်ပန်းကျော်ကြီး နှစ်ဦးကို ခေါ်ယူတိုင်ပင်ကာ ခုနစ်ရက်မြောက် နေ့တွင် လက်ဝှေ့ထိုးပွဲ ယှဉ်ပြိုင်ကြရန် စည်လှည့်လည် ကျေညာစေသည်။

လက်ဝှေ့မဏ္ဍပ်ကြီးအတွင်း၌ လက်ဝှေ့စည်းဗိုင်းနှင့် တံခွန်ကုက္ကား မုလေးပွားတို့ဖြင့် မဏ္ဍပ်ကြီးကို ဆင်ယင်ထားကြသည်။ မြို့တော်တဝန်းလုံး အုံးအုံးကျက်ကျက် ဖြစ်နေသည်၊ လူညီးရထား အထပ်ထပ်, ခုတင်, ညောင်စောင်း, ခုံရှည် အဆင့်ဆင့် ကြည့်စင် လုပ်ထားကြသည်။

ချိန်းပွဲနေ့တွင် ဘုရင့်လက်ဝှေ့ကျော်ကြီး နှစ်ဦး စာရှရန့်နှင့် မုဋ္ဌိကတို့သည် လက်ဝှေ့မဏ္ဍပ် ရောက်လာကာ ကြွေးကြော်ကြုံးဝါး လက်ခမောင်း တဖြောင်းဖြောင်း လက်ဝှေ့ရေး ပြနေကြသည်။

## ဒသဘာတိကကွ

ဒသဘာတိကတို့သည်လည်း မြို့တော် ရောက်လာကြသည်၊ ရိုးရိုးမလာ၊ မြို့တွင်း ဈေးရုံကြီးများ ဝင်ရောက်ယူယက် ဖျက်ဆီး, အထည်အဝတ် ယူငင်ဝတ်ဆင်, ပန်းနံ့သာ လိုချင်ရာ ယူငင်, လက်ဝတ်တန်ဆာ ဆင်ယင်, အလှဆုံး ပြင်ဆင်ပြီး

အော်ဟစ် ကြွေးကြော် ကြုံးဝါး လက်ခမောင်း တဖြောင်း ဖြောင်းနှင့် မဏ္ဍပ်တွင်း ဝင်လာကြသည်။

ထိုခဏ၌ စာရှရ လက်ဝှေ့ကျော်သည် လက်ခမောင်း တဖြောင်းဖြောင်းနှင့် မဏ္ဍပ်တွင်း လှည့်ပတ် ကြွေးကြော်နေ လေရာ ဒသဘာတိကတွင် ဒုတိယအကြီး ဗလဒေဝသည် ဆင် တင်းကုတ်မှ ဆင်ချည်ကြိုး ပြေးယူပြီးလျှင် ဆင်ချည်ကြိုးကို စာရှရထံ ပစ်ဖမ်းလျက် ကြိုးအစန့်စ်ဖက်နှင့် ဆွဲယူရစ်ဖမ်းကာ ခေါင်းပေါ်တွင် ပတ်ချာရစ် လှည့်ပတ်ကစားပြီး မြေကြီးပေါ် ပစ်ချရိုက်သတ်လိုက်သည်၊ အသေကောင် စာရှရ လက်ဝှေ့ကျော် ကို စည်းဝိုင်းအပြင်သို့ ကန်ထုတ်လိုက်သည်။

**ဒသဘာတိကတို့အောင်ပွဲကြီး**

ဘုရင်မင်းမြတ်(ဒိုင်လူကြီး)သည် လက်ဝှေ့ကျော် မုဋ္ဌိကကို စေလွှတ်ပြန်သည်၊ စည်းဝိုင်းအတွင်း ဝင်သည်နှင့် တပြိုင်နက် ဗလဒေဝသည် မုဋ္ဌိကလက်ကို ဖမ်းယူကိုင်ပေါက် အရိုးကျိုး အောင် မွှေ့ရမ်းပြီး မြေပေါ်တွင် ထုထောင်း ရိုက်သတ်လိုက် ကြသည်။

မုဋ္ဌိကသည် သေခါနီးတွင် ဘီလူးကြီးဖြစ်၍ ကိုက်စားနိုင် ရန် ဆုတောင်းသည်၊ ဗလဒေဝသည် အသေကောင် မုဋ္ဌိကကို လည်း စည်းဝိုင်းအပြင်သို့ ကန်ထုတ်ပစ်လိုက်သည်။

မုဋ္ဌိက ဆုတောင်းအတိုင်း ကာဠမတ္တိကတောကြီး၌ ဘီလူး ကြီး ဖြစ်သွားသည်။

ကံသမင်းကြီးသည် ဒသဘာတိကတွေ ဖမ်းဆီးကြဟေ့.... အော်ဟစ်ပြီး မတ်ရပ်ထလိုက်၏၊ အစ်ကိုအကြီးဆုံး ဝါသုဒေဝ

သည် စက်ကိရိယာတခုနှင့် ပစ်လိုက်ရာ ကံသနှင့် မဟာကံသ ညီနောင်မင်းနှစ်ပါး ဦးခေါင်းပြတ်ကြလေ၏။

## မင်းလုပ်ကြခြင်း

လူထုကြီးသည်လည်း ကျောက်လန့်တကျား ဒသဘာတိက တို့ ခြေရင်း၌ ဝပ်စင်းခယ တောင်းပန် တိုးလျှိုး ကြကုန်၏၊ ဒသဘာတိက ညီနောင်တို့သည် ဘကြီးတော်နှစ်ယောက် သတ်ပြီးနောက် အသိဘဥ္စနမြို့၌ ထီးနန်းအုပ်ချုပ်မင်းလုပ်ကာ မိဘတို့ကို ခေါ်ယူပြုစုကြလေ၏။

## ဇမ္ဗူဒိပ်ကျွန်း အပိုင်စီး

ဒသဘာတိက ညီနောင်တို့သည် တဖြေးဖြေး နိုင်ငံ တို့ကို တိုက်ခိုက်သိမ်းပိုက်ကြသည်၊ နတ်စောင့်သော မိုဃ်းပျံ (ဒွါရာဝတီ)မြို့ကိုလည်း ဒိဗ္ဗစက္ခု ရှင်ရသေ့ ကဏှဒီပါယနနှင့် တိုင်ပင် သိမ်းပိုက်ရာ၊ ဒွါရာဝတီမြို့ကိုတိုင်ပင်သိမ်းပိုက်ရာ၌ အခက်ခဲဆုံး၊ ထိုညီနောင်တကျိပ်တို့သည် ဇမ္ဗူဒိပ်ကျွန်း ခြောက်သောင်းသုံး ထောင်သော မြို့တော်တို့၌ ရှင်ဘုရင်အားလုံးတို့ကို စက်ကိရိယာနှင့် ပစ်ခတ်သတ်ဖြတ်ကြသည်၊ ထို့နောက် ဒွါရာဝတီမြို့တော်၌ အခြေစိုက်နေထိုင်ကြကာ ဇမ္ဗူဒိပ်ကျွန်းကို ဆယ်ပုံပုံ၍ ညီနောင် ဆယ်ယောက် ဝေယူ ကြသည်၊ အစ်မကြီး အဥ္စနဒေဝီကို မေ့နေကြသည်၊ တဖန် (၁၁)ပုံပုံ၍ ဝေငှကြရန် ပြောကြသော် အငယ်ဆုံး အင်္ကုရမင်းသားက–

"ကဲ....ဝေမနေကြပါနဲ့တော့ ကျွန်တော့်ဝေစု အစ်မကြီးပေးလိုက်ပါ၊ ကျွန်တော်တော့ ရှင်ဘုရင် မလုပ်ဘူး ကုန်သည် လုပ်စားတော့မယ်၊ ဒီတော့

အစ်ကိုကြီးတို့နိုင်ငံ ရောက်လာတဲ့အခါ ကျွန်တော့်ကို အခွန်အခ မကောက်ကြပါနဲ့....” ပြောဆိုရာ အားလုံးက ဝန်ခံကြပြီးနောက် အင်္ကုရ ဝေစုနိုင်ငံမြေကို အဥ္စနဒေဝီသို့ ပေးကြလေ၏။

**အသက်တသောင်းတန်းခေတ်**

အင်္ကုရသည် ကုန်သယ်လုပ်နေ၏၊ ကျန် ညီနောင်တို့သည် အစ်မကြီးနှင့်အတူ ဒွါရာဝတီမြို့၌ နေထိုင်ကြသည်၊ ထိုညီနောင်တို့သည် အဆင့်ဆင့် သားသမီးတို့ များပြားပွါးလာကြလေ၏၊ ကာလကြာမြင့်သော် ၎င်းတို့မိဘနှစ်ဦး (ဥပသာဂရမင်းသားနှင့် ဒေဝဂဗ္ဘာမင်းသမီး)သေလွန်ကြကုန်၏၊ ထိုခေတ် အချိန်ကား အသက်တသောင်းတန်းခေတ် ဖြစ်သည်။

**ဒသဘာတိက မင်းမျိုးတို့ ပျက်စီးခြင်း**

အစ်ကိုကြီးအကြီးဆုံး ဝါသုဒေဝမင်းကြီး ထီးနန်းအုပ်ချုပ်နေစဉ် ဒသဘာတိက ညီနောင်တကျိပ်တို့၏ သားတို့သည် ကြံကြီးစည်ရာ ကြံစည်ကြသည်၊ “ကဏှဒီပါယန ရသေ့ကို ဒိဗ္ဗစက္ခုရသေ့လို့ ပြောကြတယ်၊ ဟုတ်မဟုတ် စမ်းကြည့်ရအောင်” တိုင်ပင်ကြပြီး မင်းသားတယောက်ကို ကိုယ်ဝန်ဆောင် အဟန်ဖန်တီးဆင်ယင်ကြသည်၊ ထို့နောက် ဒိဗ္ဗစက္ခုရှင်ရသေ့ထံ သွားကြပြီး “ဒီကောင်မလေး ဘာကိုမွေးမလဲ” မေးကြသည်။

**ရှားနှစ်ဒုတ်မွေးလိမ့်မည်**

ဒိဗ္ဗစက္ခုရှင်ရသေ့က ဒိဗ္ဗစက္ခု အဘိညာ (နတ်မျက်စိကဲ့သို့ သိမြင်သောဉာဏ်)ဖြင့် မိမိသက်တန်းကို ကြည့်ရာ ယနေ့ပင် သေ

လွန်ရမည်ကို သိလေ၏၊ ထို့နောက် မင်းသားတို့ကို "ဒီမေးခွန်းက မင်းတို့အတွက် အကျိုးမရှိကြောင်း" ငြင်းပယ်ရာ အတင်းအကြပ် မေးမြန်းဖြေဆို ခိုင်းကြကုန်၏။

ထိုအခါ ရှင်ရသေ့က "ခုနစ်ရက်ကြာရင် ရှားနှစ်ဒုတ် မွေးလိမ့်မယ်၊ အဲဒီရှားနှစ်ဒုတ်ကြောင့် ဝါသုဒေဝမင်းမျိုး ပျက်စီးပြုန်းတီး ဖြစ်ရလိမ့်မယ်၊ အဲဒီ ရှားနှစ်ဒုတ်ကို ပြာကျအောင် မီးရှို့ပစ်ပြီး မြစ်ထဲ မျှောလိုက်ကြ" ဟူ၍ ပြောဆိုလေ၏။

## ရှင်ရသေ့ ဝိုင်းသတ်ကြခြင်း

ရှင်ရသေ့စကား ကြားသောအခါ မင်းသားတို့က "ရသေ့စုတ် ရသေ့ကောက်၊ ယောကျ်ားပဲ ဘယ်မွေးလိမ့်မတုံး" ပြောဆိုကြကာ ကြိုးနှင့် ရစ်ပတ် ဆွဲငင် မွေ့ယမ်း သေပန်းပွင့်အောင် ညှင်းဆဲကြကုန်၏၊ ရှင်ရသေ့သည် ထိုနေရာ၌ပင် ကွယ်လွန်လေ၏၊ မင်းအပေါင်းတို့ ကြားသိသောအခါ မင်းသားတို့ကို ခေါ်ယူမေးမြန်းကြကုန်၏၊ အကြောင်းသိရသောအခါ မိန်းမဆိုင်ကို စောင့်ရှောက်ထားရာ ခုနစ်ရက်မြောက် နေ့တွင် ရှားနှစ်ဒုတ် ဝမ်းဗိုက်မှ ထွက်လာသဖြင့် ရှင်ရသေ့ မိန့်မှာ ချက်အတိုင်း မီးရှို့ပြာချ မြစ်ထဲမျှောပစ်ကြလေ၏။

## ပြိန်းမြက်မှ ရှားနှစ်ဒုတ် ကျပေ့ဖြစ်

ထိုပြာတို့သည် မြစ်ကမ်းပါးနှစ်ဖက် ကပ်ငြိရာ ဌာနများတွင် ပြိန်းမြက်များ ပေါက်ရောက်လေ၏၊ ပြိန်းမြက်များသည် ကမ်းပါးနှစ်ဖက်တို့၌ ကြီးပွားများပြားလာသည်။

## ရေသဘင် ပွဲတော်ကြီး

တနေ့သ၌ ဝါသုဒေဝမင်းကြီးသည် သမုဒ္ဒရာကမ်းပါး ရေကစားပွဲ ကျင်းပမည် ကျေညာကာ သမုဒ္ဒရာအဝ မြစ်ထိပ်တွင် မဏ္ဍပ်ကြီးထိုးသည်၊ ရေသဘင်ပျော်ပွဲ၌ စားကြသောက်ကြ မူးယစ်ကြ ပျော်ရွှင်ကြ ဖြစ်နေကြသည်၊ ကစားရင်း မတော်တဆ ခြေလက်ထိပါးရာမှ စ၍ ခိုက်ရန်ဒေါသ စကားများကြပြီး လွန်စွာ ကြီးကျယ်သော ရန်ပွဲကြီး ဖြစ်လာလေ၏။

ဒုတ်လက်နက်ရှာဖွေရင်း ပြိန်းမြက်တောမှ ပြိန်းမြက်ကို ဆွဲနုတ်မိကြလေရာ ပြိန်းမြက်များသည် ရှားနှစ်ဒုတ် ကျပွေ့ ဖြစ်လာကြလေ၏၊ တယောက်မှစ တရာတထောင် လူပေါင်း များစွာ ရှားနှစ်ဒုတ် ကျပွေ့ဆွဲယူကာ မိမိတို့ အချင်းချင်း ရိုက်နှက်သတ်ဖြတ်ကြလေ၏၊ ထိုရေသဘင် ပျော်ရွှင်ပွဲကြီးမှာ သေပွဲကြီး ဖြစ်ကာ အကြီးအကျယ် ပျက်စီးကြလေကုန်၏။

## ဝါသုဒေဝမင်းကြီးတို့ ထွက်ပြေးကြခြင်း

ဝါသုဒေဝ မင်းကြီးသည် မိမိ ညီ၊တူ၊သား၊နှောင်၊မယ် အပေါင်း ပျက်စီးသေဆုံးကြ ကုန်သော်ဗလဒေဝ၊အဥ္စနဒေဝီ၊ပုရောဟိတ်အမတ်တယောက် ခေါ်ယူပြီး ရထားစီး ထွက်ပြေးကြလေ၏။

## မုဋ္ဌိကဘီလူးကြီး တွေ့ခြင်း

ဤသို့ လူလေးယောက်တို့ ရထားတစီးနှင့် ပြေးမိပြေးရာ ပြေးကြရာ မုဋ္ဌိကဘီလူးကြီးနေရာ ကာဠမတ္တိက(မြေနက်)တောအုပ်ကြီးသို့ ရောက်သွားကြလေ၏။

မုဋ္ဌိက ဘီလူးကြီးသည် ဗလဒေဝ လာနေပုံသိလျှင် သိခြင်း ရွာကြီးတရွာဖန်ဆင်းကာ လက်ဝှေ့ကျော်အဖြစ်ဟန်ပန်ဆောင်လျက် ကြွေးကြော်ကြုံးဝါးနေ၏၊

ဗလဒေဝ သိမြင်သောအခါ ယှဉ်ပြိုင်ထိုးသတ်မည်ဟု အစ်ကိုကြီး ဝါသုဒေဝကို ပန်ကြားလေ၏၊ ဝါသုဒေဝက တားမြစ်နေစဉ် ရထားပေါ်မှ ခုန်ဆင်းပြီး လူယောင်ဆောင် ဘီလူးကြီးထံ သွားသည်၊ ကြုံးဝါးကြိမ်းမောင်း လက်ခမောင်းခတ်နေစဉ် ဘီလူးကြီးက ဖမ်းဆီးကာ ကြာစွယ် ကြာရင်းကဲ့သို့ ကိုက်ဖြတ်စားသောက်ပစ်လိုက်လေ၏။

## ဝါသုဒေဝမင်းကြီးဒုက္ခ

ဝါသုဒေဝသည် ညီဗလဒေဝ ဖြစ်အင် မြင်ရသော အခါ အစ်မနှင့် ပုရောဟိတ်ခေါ်ကာ ထွက်ပြေးကြသည်၊ တညလုံး ပြေးကြရာ နေထွက်ချိန်တွင် ရွာငယ်တရွာရောက်သွားကြသည်၊ ထမင်းဆာလှ၍ အစ်မနှင့် ပုရောဟိတ်ကို အစာရှာဖွေခိုင်းပြီး ခြုံပုတ်တခုတွင် ခိုအောင်းနေရာ မုဆိုးတဦးက ဝက်မှတ်ထင်ကာ လှံနှင့်ထိုးသည်၊ မုဆိုးက လူမှန်းသိ၍ တောင်းပန်ပြီး အနာကို ပြုပြင်ခိုင်းသည်၊ မုဆိုးနာမည် ဇရာဖြစ်ရာ ဇရာသတ်လျှင် သေလိမ့်မည်ဟူသော ရှေးရိုးစကား သတိရကာ ယနေ့ သေရတော့မည်ကို သိနေသည်၊ ဒဏ်ရာပြင်းထန်လှသဖြင့် အစ်မကြီးနှင့် ပုရောဟိတ် ရှာဖွေလာသော အစာ အာဟာရများကို မစားသောက်နိုင်တော့ပဲ ထိုနေရာ၌ပင် ကွယ်လွန် ရှာလေ၏၊ ဒသဘာတိက မင်းမျိုးတို့မှာ အစ်မကြီး အဉ္ဇနဒေဝီမှ တပါး အားလုံး သေကြေပျက်စီးကြလေကုန်၏။

ထိုအခါက ဝါသုဒေဝ မင်းကြီးသည် အရှင် သာရိပုတ္တ မထေရ်မြတ်ဖြစ်လာ၍ ရောဟိဏေယျ အမတ်ကြီးသည် အရှင် အာနန္ဒာမထေရ်မြတ် ဖြစ်လာသည်၊ ထိုအခါက ပရိတ်အပေါင်းသည် ယခု မြတ်စွာဘုရား ပရိသတ်ကြီး ဖြစ်လာကာ ကိုးယောက်မြောက် ဃဋပဏ္ဍိတ မင်းသားသည် မြတ်စွာဘုရား ဖြစ်တော်မူလာလေ၏။

ဇာတကအဋ္ဌကထာ (စ)
ဒသက နိပါတ၊ ဃဋပဏ္ဍိတဇာတက။

## အသုရာနတ်တို့အကြောင်း

သိကြားမင်းစကား ဂါထာ အမှတ် ၂၃ အသုရာ နတ်တို့အကြောင်း အကျဉ်းရှင်းရ ပေအံ့။

ရှေးအခါ မာဂဓတိုင်း ရာဇဂြိုဟ်မြို့၌ မာဂဓမင်းကြီး အုပ်ချုပ်စဉ် ဘုရားလောင်းသည် မစလရွာ၌ အမျိုးကြီး၌ အမျိုးကောင်းသားဖြစ်၍ အမည် မဃကုမာရခေါ်သည်၊ မဃလုလင်သည် သန့်ရှင်းရေး စည်ပင်ရေး လုပ်လေ့ရှိရာ သဘောတူသူ ၃၃ ဦးတို့နှင့်အတူ လုပ်ကိုင်သည်။

လမ်းပြင်၊ တံတားခင်း၊ ရေတွင်း ရေကန်တူးဖော်၊ သစ်ပင်စိုက်၊ ပန်းဥယျာဉ်လုပ်၊ ဇရပ်ဆောက်၊ မဏ္ဍပ်ထိုး၊ အလှူဒါနပေးလှူ၊ သီလသီတင်းစောင့်ထိန်း စသည်ဖြင့် ကုသိုလ်ကောင်းမှုများကို ကိုယ်တိုင်လုပ်သည်၊ တရွာလုံးလည်း ဘုရားလောင်း ဩဝါဒ လိုက်နာကြသည်။

## မြို့စားမင်း ဒေါသရန်ငြိုး

ရှေးအခါက လူတို့သောက်စားမူးယစ် လူဆိုးသူဆိုး များပြား တရားစွဲ ဒဏ်တပ်ဖြင့် မြို့စားမင်းမှာ တံစိုး လက်ဆောင်များစွာ ရရှိဖွံ့ဖြိုးခဲ့ရာ ယခုအခါ မာဃအဖွဲ့ကြောင့် အမှုအခင်းမရှိ တံစိုးလက်ဆောင် ဘလာနတ္ထိကြောင့် စိတ်ဆိုး ရန်ငြိုးဖွဲ့ ဘုရင့်ထံ ဂုန်းတိုက်သည်။

## ဆင်နှင့်နင်းသတ်ခိုင်းခြင်း

မာဃအဖွဲ့ သုံးကျိပ် သုံးယောက်ကို ဖမ်းဆီးကာ သူပုန်ဟု ကျေညာပြီး ဆင်နှင့် နင်းသတ်ခိုင်းသည်၊ သီလတန်ခိုး မေတ္တာတန်ခိုးကြောင့် ဆင်မနင်းဝံ့ ချမ်းသာကြသည်။

## ဆင်နှင့်တကွ ရွာကြီး ဆုရကြခြင်း

ဘုရင်မင်းမြတ်က မန္တန်ဆေးဝါး စသည်ကြောင့် ဆင်မနင်းဝံ့သလား မေးမြန်းရာမှ အကြောင်းစုံသိရှိကာ ဂုန်းတိုက်သောမြို့စားနှင့် မြို့စားပိုင်ပစ္စည်းများကို သိမ်းယူပြီး မာဃအဖွဲ့ကို ပေးသည်၊ မြို့စားကို ကျွန်အဖြစ် ပေးအပ်သည်၊ ထိုအခါမှစ၍ မာဃအဖွဲ့ဝင်တို့သည် စိတ်တိုင်းကျ ကုသိုလ်ကောင်းမှု အမျိုးမျိုးတို့ကို ပြုလုပ်ခွင့်ရကြလေ၏။

## သုဇာတာ မယားပျင်း

မိန်းမတို့ကို မုန်းတီး၍ ရှာ၍ ကုသိုလ်ကောင်းမှု အမျှမပေးဝေကြပေ၊ မာဃလုလင်တွင် မယားလေးယောက်ရှိရာ သင့်သလို ကုသိုလ်ပြုလုပ်ကြသော်လည်း သုဇာတာမှာ သက်သက်

သာသာနှင့် အလှပြင် အချိန်ကုန် ကုသိုလ်အဟုန် နည်းပါး၍ သူတပါးတို့ တာဝတိံသာနတ်ပြည် နတ်သား, နတ်မိဖုရား ဖြစ်ကြသော်လည်း သုဇာတာမှာ ဗျိုင်းငှက် ဖြစ်နေရရှာသည်။

မာဃလုလင်မှာ မာဃအဖွဲ့ အကြီးအမှူးဖြစ်၍ သိကြား နတ်မင်းကြီး ဖြစ်နေရာ သုဇာတာကို နတ်ပြည်ရောက် နတ်မိဖုရားကြီး ဖြစ်ရအောင် အမျိုးမျိုး အကြံထုတ် ဆောင်ရွက် ရရှာသည်။

## အသုရာနတ်တို့ တာဝတိံသာနတ်ပြည်တွင် ရှေးဦးစွာ နေထိုင်ကြပုံ

မြင်းမိုရ်တောင်မင်းကြီး အောက်ခြေအပြင်တွင် တာဝတိံသာ နတ်ပြည်နှင့်တူစွာ အသုရာနတ်ပြည်ရှိသည်၊ ကမ္ဘာတည် သခွတ်ပင်ကြီး ရှိသည်၊ အသုရာနတ်တို့သည် အသုရာနတ်ပြည် တွင် မနေပဲ တာဝတိံသာနတ်ပြည် တက်နေကြသည်၊ မာဃ အဖွဲ့ဝင် နတ်မင်းသစ် နတ်သားသစ်တို့ ရောက်လာသောအခါ အသုရာနတ်တို့ကို နတ်ဖျော်ရည် အရက်မူးအောင် တိုက်ပြီး မြင်းမိုရ်တောင်အောက် ပစ်ချလိုက်ကြသည်၊ သခွတ်ပွင့်မှ တာဝတိံသာ မဟုတ်မှန်း သိကြကာ တာဝတိံသာ သိမ်းပိုက် ရန် စစ်တံခွန် လွှင့်လေ့ရှိကြသည်။

## စစ်မနိုင်ပြည်

တာဝတိံသာနှင့် အသုရာနတ်ပြည်မှာ တဘက်နှင့်တဘက် တိုက်ခိုက်နိုမ်နင်း သိမ်းပိုက်မရခြင်းကြောင့် အယုဇ္ဈပုရ (စစ်မ

နိုင်ပြည်) နှစ်ပြည်ထောင် ဖြစ်ကြသည်၊ ကုသိုလ်ရှိကြသော်လည်း အရက်မူး လွန်ကြခြင်းကြောင့် နတ်မင်းသစ် နတ်သားသစ် တို့၏ အနှုပ်ခံကြရရှာလေသည်။

ဓမ္မပဒအဋ္ဌကထာ (ပ)
ဇာတကအဋ္ဌကထာ (ပ)
သဂါထာဝဂ္ဂသံယုတ္တ၊ သက္ကသံယုတ်

ထိုအခါက သိကြားမင်းသည် ယခု မြတ်စွာဘုရား ဖြစ်တော်မူလာ၍ သဗ္ဗမိတ္တမင်းကြီးသည် အရှင် အာနန္ဒာမထေရ်မြတ် ဖြစ်တော်မူလေ၏။

(မှတ်ချက်) ထိုအခါမှစ၍ သုရာမှုဆိုးကို အစွဲပြုကာ အရက်ကို သုရာခေါ်သည်၊ သုရာ အရက် ဝေါဟာရကို ပါဠိ (မဂဓ)၊ သက္ကဋ၊ ဟိန္ဒီ၊ ဗင်္ဂါလီ၊ ရှေးဟောင်း ဘာသာကြီးတို့ တညီတညွတ်ထည်း သုံးကြသည်။
ထို့အတူ ဝရုဏ ရသေ့ (မူး) ကို စွဲကာ ဝါရုဏီပုဒ်ကို (အရက်) ဟုပင် ထိုဘာသာကြီးတို့က သုံးစွဲကြသည်။
သုရပုဒ်၊ ဝရုဏပုဒ် သီးခြား အနက်အဓိပ္ပာယ် ရှိသေးသည်။

ဇာတကအဋ္ဌကထာ (စ)
တိံသနိပါတ၊ ကုမ္ဘဇာတက။

အရက် အတိတ်ဝတ္ထုပြီး၏။

# အရက်

## အခန်း ၂

အခန်း (၁) တွင် အရက်အဋ္ဌုပ္ပတ် အရက် ဗျုပ္ပတ်တို့ကို ဖော်ပြပြီးသောအခါ ဤအခန်း (၂) တွင် အရက်ကြောင့် ပျက်စီးဆုံးရှုံး အသက်ကွဲ အရှက်ကွဲ ဇာတ်လမ်းဝတ္ထု အချို့ကို ဖော်ပြရပေမည်။

အမျိုးပျက်အောင် တိုးတက်ကြီးပွားလာခဲ့သော အရက်သတ္တိ (အရက်တန်ခိုး) ကို အမျိုးမျိုးသိမြင်ကြရပေလိမ့်မည်။

### (၁) သုရာပါနဇာတ် (ကေနိပါတ်)

စျာန်ရ အရှင်သာဂတ (မြတ်စွာဘုရား အလုပ်အကျွေး) အရက်မူးယစ်ပုံ ပစ္စုပ္ပန် ဝတ္ထု

မြတ်စွာဘုရား ကောသမ္ဗီမြို့ဃောသိတာရုံကျောင်းတိုက်ကြီး၌ သီတင်းသုံးနေထိုင်တော်မူစဉ် ဖြစ်သည်၊ ဤသုရာပါနဇာတ်ကို စျာန်ရရဟန်းတော် အရှင်သာဂတ မထေရ်ကိုအကြောင်းပြု ဟောကြားတော်မူသည်၊ မြတ်စွာဘုရားသည် သာဝတ္ထိမြို့၌ ဝါကျွတ်ပြီးနောက် ဒေသစာရီ (ခရီးလှည့်လည်) ကြွချီရင်း ရောက်လာခြင်းဖြစ်သည်။

ကောသမ္ဗီမြို့ မရောက်မီ ဘဒ္ဒဝတီမြို့အနီး တောအုပ်တခုသို့ ရှေ့ရှုကြွချီနေတော်မူသည်၊ ထိုတောအုပ်၌အမ္ဗတိတ္ထခေါ် ရသေ့

တဦး နေထိုင်သော ရသေ့ကျောင်း တခုလည်း ရှိသည်၊ အမ္ဗတိတ္ထ ရေအိုင်ကြီးလည်း ရှိသည်၊ ထိုရေအိုင်ကြီးကို စွဲ၍ အမ္ဗတိတ္ထအရပ်လည်း ခေါ်သည်၊ ထိုရေအိုင်ကြီး၌ နေသော တန်ခိုးကြီး နဂါးကြီးကိုလည်း အမ္ဗတိတ္ထ နဂါးဟု ခေါ်ကြသည်။

ရဟန်းသံဃာတော် မြောက်မြားစွာဖြင့် ခရီးကြွချီတော်မူသော မြတ်စွာဘုရားကို နွားကျောင်း, ကျွဲကျောင်း, ဆိတ်သိုးကျောင်းသားတို့နှင့်တကွ အခြား ခရီးသွားတို့က ရိုသေစွာ လျှောက်ထားကြသည်။

> "အရှင် မြတ်စွာဘုရား အမ္ဗတိတ္ထသို့ မကြွပါနှင့် အမ္ဗတိတ္ထရသေ့ကျောင်းမှာ အမ္ဗတိတ္ထ နဂါးကြီး ရှိပါသည်၊ အဆိပ်ပြင်းထန် တန်ခိုးကြီးလှပါသည်၊ မြတ်စွာဘုရားကို မညှဉ်းဆဲရန် လျှောက်ထားတားမြစ်ရခြင်းပါ ဘုရား"

မြတ်စွာဘုရားကား စကားတုံ့မပြန်ပဲ ဆိတ်ဆိတ်ပင် တောအုပ်သို့ ကြွသွားတော်မူလေ၏၊ ထိုအချိန်အခါ အလုပ်အကျွေး ရဟန်းတော်မှာ အရှင်အာနန္ဒာ မထေရ်မြတ် မဟုတ်ပဲ ပုထုဇဉ် စျာန် တန်ခိုးနှင့် ပြည့်စုံသော အရှင် သာဂတ မထေရ်မြတ် ဖြစ်သည်။

မြတ်စွာဘုရားနှင့် ရဟန်း သံဃာတော်တို့ တောအုပ်၌ နေရာယူပြီးသောအခါ တန်ခိုးသခင် အရှင်သာဂတ မထေရ်မြတ်သည် အမ္ဗတိတ္ထရသေ့ကျောင်းသွားကာ အမ္ဗတိတ္ထနဂါး

မင်း နေရာ၌ မြက်အခင်းတခု ခင်းလျက် တင်ပလ္လင်ချိတ် ထိုင်ပြီး သတိသမ္ပဇဉ်ဖြင့် တရားဆင်ခြင် နေတော်မူလေ၏။

## တန်ခိုးပြိုင်ကြခြင်း

အမ္ဗတိတ္ထ နဂါးမင်းသည် အရှင်သာဂတကို မနာလို ဌူစူကာ အခိုးလွှတ်လေ၏၊ မထေရ်မြတ်ကလည်း အခိုးပြန်လွှတ်လေ၏၊ နဂါးမင်းက တဖန် အလျှံလွှတ်ပြန်လေ၏၊ မထေရ်မြတ်ကလည်း အလျှံပြန်၍ လွှတ်လေ၏၊ နဂါးမင်း၏ တန်ခိုးသည် မထေရ်မြတ်ကို မနှိပ်စက်နိုင်ပဲ မထေရ်မြတ်၏ တန်ခိုးတော်ကသာ နဂါးမင်းကို နှိပ်စက်ညှင်းဆဲလေ၏။

## ဟိုးဟိုးကျော် သတင်းကြီးပုံ

အရှင်သာဂတမထေရ်မြတ်သည် တခဏချင်းပင် နဂါးမင်းကို ဆုမ္မနှိမ်နင်းကာ နဂါးမင်းကို သရဏဂုံသုံးပါး ငါးပါးသီလ ခံယူဆောက်တည် တည်မြဲစေပြီးနောက် မြတ်စွာဘုရားထံ ပြန်ကြွသွားလေ၏။

အမျက် ပြင်းထန် တန်ခိုးကြီးလှသော နဂါးမင်းကြီးကို အရှင်သာဂတ မထေရ်မြတ် ဆုမ္မနှိမ့်နင်း၍ ယဉ်ကျေး ပျော့ပျောင်းကာ ဗုဒ္ဓဘာသာဝင် ဖြစ်သွားကြောင်း သတင်းစကားသည် ဘဒ္ဒဝတီမြို့နယ် ကောသမ္ဗီမြို့နယ် တဝှမ်း လွှမ်းမိုးကာ ဟိုးဟိုးကျော် ထင်ရှား လူသိများနေလေ၏။

## အရှင်သာဂတ အရက်မူးယစ်ပုံ

မြတ်စွာဘုရားသည် ဘဒ္ဒဝတီမြို့မှ တဆင့် ကောသမ္ဗီမြို့သို့ ကြွချီတော်မူလေ၏၊ ကောသမ္ဗီမြို့သူမြို့သားတို့သည် မြတ်စွာဘုရား

နှင့် သံဃာတော်တို့ကို ခရီးဦးကြို ပြုလုပ် ဖူးမြင်ကြပြီးနောက် အရှင်သာဂတမထေရ်ထံ ဝန်းရံကြကာ အလိုရှိရာ အလှူခံတော်မူရန်နှင့် ရနိုင်ခဲသော အရာဝတ္ထုများ အမိန့်ရှိပါရန် လျှောက်ထားကြလေ၏။

ထိုအခါ နာမည်ကျော် ခြောက်ယောက်ပေါင်း လောင်းကျော် ဆဗ္ဗဂ္ဂီရဟန်းတို့က ဤသို့ ပြောဆိုကြကုန်၏။

"ဒီမှာ တကာကြီးတွေ တခြားဆွမ်းဘောဇဉ်တွေကတော့ လုပ်နေကျအတိုင်းပေါ့လေ၊ အရေးကြီးတာ ရခဲတာကတော့ ခိုခြေနီအဆင်းရောင် ရေကြည်အရက်ဆိုတာ အဲဒါ လုပ်ကြပါ၊ အဲဒါ ဦးပဥ္စင်းတို့မှာ ရနိုင်ခဲတယ်၊ ကြိုက်လဲ ကြိုက်ကြပါတယ်၊ အဲ-ဝကျတာက လှူမဲ့လူကမရှိဘူး...."

ဒကာဒကာမ အပေါင်းတို့ကား ကြည်ညိုရင်းစွဲ ရှိသည့်အတိုင်း ယနေ့ည စီမံပြီး မနက်ဖန် လှူဒါန်း ဆက်ကပ်မည် ဖြစ်ကြောင်း ပြောဆိုဝန်ခံ ပြန်သွားကြလေ၏။

မနက်ဖန် မြို့တွင်းမဏ္ဍပ်၌ မြတ်စွာဘုရားနှင့် တကွ သံဃာတော်တို့ကို ဆွမ်းလှူဒါန်း လုပ်ကျွေးပွဲကြီး ရှိသည်၊ ဆဗ္ဗဂ္ဂီရဟန်းကျော်တို့သည် အရှင်သာဂတကို ခေါင်းဆောင်တင်ကာ မနေ့က ဒကာများအိမ်သို့ အရက်သောက်ရန် သွားကြသည်၊ အိမ်တိုင်း အိမ်တိုင်းကပင် သဒ္ဓါကြည်ညိုရင်းအတိုင်း အရက်ကပ်လှူကြသည်။

အရှင်သာဂတကား အူရိုင်းဖြစ်သည်၊ ဆဗ္ဗဂ္ဂီရဟန်းတို့ကား အူယဉ် ဖြစ်ကြသည်၊ ဆဗ္ဗဂ္ဂီရဟန်းတို့ မမူးကြသော်လည်း အရှင်သာဂတမှာ မူးယစ်စ ဖြစ်နေသည်၊ မနည်း ဟန်ဆောင်ကာ အပြန်လမ်းသို့ မြန်းကြရသည်။

## အရှင်သာဂတ မူးလဲခြင်း

အရှင်သာဂတသည် အိမ်ပေါက်စေ့ အရက်ဒဏ် မခံနိုင်တော့ပဲ မြို့တံခါးအထွက်တွင် မဟန်နိုင်ပဲ လဲကျသွားရှာလေ၏၊ ထိုခဏ၌ပင် မြတ်စွာဘုရားသည် ဆွမ်းစားမဏ္ဍပ်ကြီးမှ ပြန်ကြွလာခိုက် အရက်မူး လဲကျနေသော အရှင်သာဂတကို တွေ့မြင်ရခြင်းကြောင့် အရှင်သာဂတကို ကျောင်းသို့ တွဲခေါ်ကြရန် ရဟန်းတော်တို့ကို စေခိုင်းတော်မူလေ၏။

## အရက်မူးသမား ဖောက်ပြန်ပုံ

ကျောင်းသို့ ရောက်သောအခါ ရဟန်း သံဃာတော်တို့က အရှင်သာဂတကို မြတ်စွာဘုရားဘက် ဦးခေါင်းထားကာ အိပ်စေကြကုန်၏၊ အရက်မူး အရှင်သာဂတကား ပြောင်းပြန် လှည့်ကာ မြတ်စွာဘုရားဘက်သို့ခြေထောက်ထားကာ အိပ်နေလေ၏။

## ရေမြွေကိုတောင် ဆုံမနိုင်ပမလား

မြတ်စွာဘုရားသည် အရှင်သာဂတဖြစ်ပုံ ဓမ္မသံဝေဂ ဖြစ်တော်မူကာ ရဟန်းသံဃာတော်တို့ကို ဤသို့ မေးမြန်းတော်မူလေ၏။

"ရဟန်းတို့.... သာဂတသည် ငါဘုရားကို ရှေး အခါက ရိုသေလေးစားမှု တုံ့ဝပ်ရိုကျိုးမှု ရှိသလား မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အခုကော ရှိသေးရဲ့လား"

"မရှိတော့ပါဘုရား"

စသည် ပြောဆိုဆွေးနွေး နေကြစဉ်ပင် မြတ်စွာဘုရား ကြွရောက်လာကာ ရဟန်းသံဃာတော်တို့ ပြောဆိုနေကြပုံ မေးမြန်းပြီးနောက်....

"အရက်သောက်သော ရဟန်း တို့သည် ယခုအခါသာ မူးယစ်ဖောက်ပြန်ကြသည် မဟုတ်ချေ၊ ရှေးကလည်း ရသေ့ (ရဟန်း)တို့ အရက်သောက်မိ၍ မူးယစ် ဖောက်ပြန်ဘူးကြကုန်၏..."

ဟု မိန့်ကြားပြီးနောက် ကေနိပါတ်လာ သုရာပါနဇာတ်ကို ဆက်လက်ဟောကြားတော်မူလေ၏။

## ၁။ သုရာပါနဇာတ်

### ဈာန်ရ မှရသေ့ ငါးရာတို့ အရက်မူးယစ်ကာ ကခုန်သီဆိုကြပုံ

ကာသိတိုင်း ဗာရာဏသီမြို့၌ ဗြဟ္မဒတ် မင်းကြီး ထီးနန်းအုပ်ချုပ် နေစဉ် ဘုရားလောင်းလျာသည်လည်း ထိုကာသိတိုင်း၌ပင် ဥဒိစ္စဗြာဟ္မဏ (ဥစ္စာကြွယ် ပညာတတ် အထက်တန်းစား ပုဏ္ဏား)မျိုး၌ ဖြစ်လေ၏၊ အရွယ်ရောက်သောအခါ စည်းစိမ်ဥစ္စာ ဘဏ္ဍာရတနာတို့ကို အကုန်လုံးပေးလှူစွန့်ကျဲကာ ရသေ့ပြုလုပ် တောထွက်သွားလေ၏။

ဟိမဝန္တာတောကြီး တနေရာ၌ နေထိုင်ကျင့်သုံးကာ ဈာန်အဘိညာ တရားကို မကြာမီ ရယူနိုင်လေ၏၊ တပည့် ပရိသတ်တို့လည်း တဖြေးဖြေး တိုးလာရာ အခြံအရံ ငါးရာမျှ ရှိလေ၏။

မိုးဥတု နီးသောအခါ တပည့် အပေါင်း တို့က ဘုရားလောင်း ဆရာကြီးရသေ့ကို လူတို့နေရာ မြို့ရွာသွားရန် ပန်

ကြားကြသည်၊ သွားလိုရင်းအကြောင်းမှာ အချဉ်အငန် အရသာတို့ကို မှီဝဲသုံးဆောင်ရန် ဖြစ်၏၊ တောတွင်း၌ ထိုအရသာများ မရှိချေ၊ ကြာသော် ခန္ဓာကိုယ်၌ အချဉ်ဓာတ်၊ အငန်ဓာတ် ဆုတ်ယုတ်လာကာ မကျန်းမမာဖြစ်တတ်သည်။

"ကိုင်း သင်တို့ လူတို့နေရာ သွားချင်သွားကြ၊ ငါဆရာကြီးတော့ ဒီမှာပဲ နေရစ်တော့မယ်၊ သင်တို့လဲ အချဉ်အငန် သုံးဆောင်စားသောက်ပြီး ခန္ဓာကိုယ် တောင့်တင်းအောင် လုပ်ပီး မိုးဥတု ကုန်တဲ့အခါ ပြန်လာခဲ့ကြ...."
ဟု မှာကြားလွှတ်လိုက်လေ၏။

ရသေ့အပေါင်းတို့သည် ရသေ့ဆရာကြီးကို ရှိခိုးဦးချကာ ဗာရာဏသီမြို့သို့ ရှေးရှုထွက်ခွာကြကုန်၏၊ မြို့တော်ရောက်သောအခါ မြို့၏အနီး မင်း၏ဥယျာဉ်ကြီး၌ နေရာယူ နေထိုင်ကြကုန်၏၊ နောက်တနေ့တွင် မြို့အနီး အနား ရွာသို့ ဆွမ်းခံလှည့်လည်ကြလေ၏၊ နောက်တနေ့တွင်မူ ဗာရာဏသီမြို့တွင်းသို့ ဆွမ်းခံလှည့်လည်ကုန်၏၊ လူအပေါင်းတို့ကလည်း ရသေ့တို့ကို ချစ်ခင်မြတ်နိုး သဒ္ဓါတိုးကာ လှူဒါန်း ကျွေးမွေးကြကုန်၏၊ ဘုရင်မင်းမြတ်ထံသို့လည်း လျှောက်ထား သံတော်ဦးတင်ကြလေ၏။

"အရှင်မင်းမြတ် ဟိမဝန္တာ တောမှ ရသေ့ငါးရာ ကြွရောက်လာကြပါသည်၊ အကျင့်သီလပြည့်စုံပြီး လွန်စွာသမာဓိကြီးရင့်ကြပါသည်၊အကျင့်သိက္ခာ လွန်စွာ သိမ်မွေ့နက်နဲလှပါသည်...."။

## ဘုရင်မင်းမြတ် ကျောင်းဒကာ

ဘုရင်မင်းမြတ်သည်လည်း သတင်းကြား ကြည်ညိုနှစ်သက်ကာ ဉယျာဉ်တော်သို့ လာရောက်ရှိခိုး နှုတ်ဆက် ပြီးနောက် မိုဃ်းလေးလပတ်လုံး ဥယျာဉ်တော်၌ ပဋိညာဉ် တောင်းယူလေ၏၊ ထိုအခါမှစ၍ ရသေ့ငါးရာတို့သည် ပစ္စည်းလေးပါး မပင်ပန်းပဲ ချမ်းသာစွာဖြင့် နန်းတော်၌ ဆွမ်းစားပြီး ဉယျာဉ်တော်၌ နေထိုင်ကြလေကုန်၏။

## ဆရာရသေ့တို့ မူးယစ်ကခုန်သီဆိုကြပုံ

တနေ့သ၌ ဗာရာဏသီမြို့တော်၌ သုရာနက္ခတ်ပွဲ(အရက်ပွဲ) သဘင် ဆင်ယင်ကျင်းပကြသည်၊ ဗြဟ္မဒတ်ဘုရင်မင်းမြတ်သည် ဆရာရသေ့တို့မှာ တောအရပ်၌ နေထိုင်ကြသူတို့ဖြစ်၍ အရက်သောက်ခွင့် ရနိုင်ကြမည်မဟုတ်ဟု သဒ္ဓါကြည်ညိုရင်းအတိုင်း ကြံကောင်းစည်ရာ စဉ်းစားမိသဖြင့် အကောင်းဆုံး အရက်တို့ကို ဆရာရသေ့တို့ထံ ပို့ဆောင်ဆက်ကပ်ခိုင်းလေ၏။

ဆရာရသေ့တို့ သည်လည်း စဉ်းစားဆင်ခြင်မရှိ အဖျော်ရည်အမှတ်ဖြင့် တပါးပြီးတပါး ဝပ်းဘိုင်ဝမ်းဖြင့် ဝမ်းပက်ဝမ်းပက်နှင့် အားရပါးရအရမ်းနှက်ကြခြင်းကြောင့် မေ့လျော့မူးယစ် ဖောက်ပြန်ကြကာ အချို့က ထ၍ကကြ၊ အချို့က တွေ့ကရာသီချင်းဆိုကြနှင့် အတော်ပင် ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေကြရှာလေ၏၊ ကခုန်သီဆို မောပန်းကြသောအခါ အိပ်စက်ကြလေ၏၊ အိပ်စက်ပြီးကြ၍ မူးယစ်ပြေပျောက်သောအခါ ရှင်ရှင်လန်းလန်း နိုးလာသဖြင့် မိမိတို့၏ မသင့်မတော် ဖောက်ပြန်မှု

တို့ကို သတိရ ဆင်ခြင်မိကာ "ငါတို့သည် ရသေ့ရဟန်းတို့နှင့် မသင့်တော် မလျော်ကပ်သော ပြစ်မှုကြီးကို လွန်ကျူးမိကြကုန်ပြီ" ဟူ၍ ဝမ်းနည်းပက်လက် ငိုကြွေးမြည်တမ်းကြလေကုန်၏။

## ဟိမဝန္တာတောသို့ ပြန်ကြကြပုံ

ထို့နောက် ဆရာရသေ့တို့သည် "ဤသို့ ရှက်စဖွယ် ဖြစ်ရခြင်းမှာ ဆရာကြီးဘုရားနှင့် ဝေးကွာနေခြင်းကြောင့် ဤသို့ သူယုတ်မာအမှု ပြုလုပ်ကြခြင်းဖြစ်သည်" ဟူ၍ သံဝေဂ ဖြစ်ကာ ထိုခဏ၌ပင် ဥယျာဉ်တော်ကို ပယ်စွန့်၍ ဟိမဝန္တာတော ဆရာဘုရားထံ ပြန်ကြရန် တိုင်ပင်ညီညွတ် ပြန်ကြွသွားကြလေ၏၊ ကျောင်းဒကာ ဘုရင်မင်းမြတ်ကိုပင် နှုတ်မဆက်ကြတော့ချေ။

ရသေ့ဆရာကြီးက ကျန်းမာချမ်းသာမှု ညီညွတ်စွာနေထိုင်မှုတို့ကို မေးမြန်းတော်မူသည်၊ တပည့်ရသေ့ အပေါင်းတို့က အောက်ပါအတိုင်း လျှောက်ထားကြကုန်၏။

"ရသေ့ဆရာကြီးဘုရား တပည့်တော်တို့ ကျန်းမာချမ်းသာကြပါသည်၊ ညီညွတ်စွာ နေထိုင်ခဲ့ကြပါသည်၊သို့သော်သည်း တပည့်တော်တို့သည် မသောက်သင့်သော အဖျော်ကို သောက်မိကြခြင်းကြောင့် မေ့လျော့ ယစ်မူးကာ သတိ မထိန်းနိုင်ကြပဲ ကလည်းက, ခုန်လည်းခုန်, ဆိုလည်းဆို ဖြစ်ချင်ရာဖြစ်ဖောက်ပြန်ကုန်ကြပါသည်"

အပါယိမှ အနစ္စိမှ၊
အဂါယိမှ ရုဒိမှ စ။

ဝိသညီ ကရဏီ ပိတ္ထာ၊
ဒိဌာ နာဟုမှ ဝါနရာ။

မသောက်သင့်သောအရာ သောက်မိကြကုန်ပြီ၊ သတိမေ့မူးယစ်ကာ ကလည်း ကခုန်မိကြကုန်ပြီ၊ သတိမေ့ကာ ဆိုလည်း ဆိုမိကြကုန်ပြီ၊ မေ့လျော့ မူးယစ် ဖောက်ပြန်စေတတ်သော အရက်ကို သောက်မိကြခြင်းကြောင့် မျောက်သတ္တဝါ မဖြစ်ရုံ တမယ် ကျန်၍ ရှက်စရာကြီး ဖြစ်ခဲ့ကြရပါပြီ။

မှတ်ချက်။ ။အာ-သဒ္ဒါနှင့် ခွဲဆို၊ အာ-ပါယိန်မှ၊ အာ-နစ္စိန်မှ၊ အာ-ဂါယိန်မှ၊ ရုဒိန်မှ စ၊ ဝိသင်ညီကရဏိန် ပိတ္ထာ၊ ဒိတ်ဌာ၊ နာဟုန်မှ၊ ဤသို့အသံထွက်လေ၊ ရ-အက္ခရာ လျှာလိမ်ဆို။

တပည့် ရသေ့တို့က လျှောက်ထားပြီးသောအခါ ရသေ့ကြီးက ဤသို့ မိန့်ကြားလေ၏။

"ဆရာသမားနှင့် ဝေးကွာခြင်း, ဆရာသမားအဆုံးအမ ဩဝါဒ ကင်းကွာခြင်း ဖြစ်သောအခါ ဤသို့ပင် ဖောက်ပြန်ပျက်စီးတတ်ကြကုန်၏၊နောက်နောင် ဤသို့မဖြစ်ကြစေနှင့်"....စသည် ဆုမ္မစကား, ကဲ့ရဲ့စကားများကို မိန့်ကြားတော်မူလေ၏။

ဆရာ ရသေ့ကြီးနှင့် တပည့်ရသေ့ငါးရာ အားလုံး စျာန်တရားနှင့် ပြည့်စုံကြခြင်းကြောင့် ကွယ်လွန်သောအခါ ဗြဟ္မာပြည်သို့ ရောက်ကြလေကုန်၏။

ထိုအခါက ဆရာရသေ့ကြီးသည် မြတ်စွာဘုရား ဖြစ်လာ၍

ထိုအခါက တပည့်ရသေ့တို့သည် ယခုရဟန်းသံဃာတော်တို့ ဖြစ်လာကြလေကုန်၏။

သုရာပါနဇာတ် ပြီး၏။

ဇာတကအဋ္ဌကထာ(ပ)
ကေနိပါတ၊ သုရာပါနဇာတက။

**မှတ်ချက်။** ။ဇာတ်ပေါင်းခြင်း၊ ဇာတ်ပေါင်းရာ၌ အတိတ်က ဇာတ်ကောင် (ပုဂ္ဂိုလ်သတ္တဝါ)တို့ကို ဤလူ့ပြည်လူ့ရပ်ဌာန် မတွေ့မမြင်ရချေက မြတ်စွာဘုရားသည် ဇာတ်ပေါင်းခြင်း မပြု (မဟော)တော့ပေ၊ ဤဇာတ်လာ ဗာရာဏသီ ဗြဟ္မဒတ်မင်းသည် မြတ်စွာဘုရား ထင်ရှားရှိတော်မူစဉ်အခါက လူ့ပြည်လူ့ဌာန် မရှိခြင်းကြောင့် ဇာတ်ပေါင်းရာတွင် မပါဝင်တော့ပေ၊ ဘယ်များရောက်နေပါလိမ့်နေဘ်၊ ဆရာရသေ့တို့ကို လွန်စွာ ကြည်ညို ထောက်ပံ့ခဲ့သူ ဖြစ်ပေသည်တကား။

ဤ ဇာတ်ပြီးက "အရက်အိုး" တယောက် အကြောင်း ဇာတ်လမ်းတခု ဖော်ထုတ်ရပေဦးမည်၊ စာဖတ်ပရိသတ်တို့ စိတ်ဝင်စားဖွယ် ဖြစ်စရာရှိသည်၊ ကြောက်လိုက ကြောက်၍ ကြိုက်လိုက ကြိုက်ကြစေဟာရို့။

## ၂။ သုရာဃဋဇာတ် ပစ္စုပ္ပန် ဝတ္ထု

ကျပ်ငွေ ကုဋေလေးဆယ် ကုန်အောင်
အရက်သောက်ပစ်သူများ

မြတ်စွာဘုရား သာဝတ္ထိမြို့ ဇေတဝန် ကျောင်းတိုက်ကြီး၌ သီတင်းသုံး နေထိုင်တော်မူစဉ် ကျောင်းဒကာ အနာထပိဏ်

သူဌေးကြီး၏တူ သူဌေးသားကို အကြောင်းပြုကာ ဤသုရာဃဋ ဇာတ်ကို ဟောကြားတော်မူလေ၏။

ခိုကိုးရာမဲ့ ဆင်းရဲသူတို့၏ ထမင်းရှင်(အနာထပိဏ်)သူဌေးကြီး၏ညီ သူဌေးတဦး ကွယ်လွန်သောအခါ သားဖြစ်သူသည် ငွေကျပ် ကုဋေ လေးဆယ် ရှိသမျှ ပစ္စည်းပိုင်ရှင်သူဌေးဖြစ်လာသည်၊ မိဘရှိစဉ်ကပင် ပျက်စီးဖောက်ပြန်နေသူ ဖြစ်၍ မိဘမရှိ မရှိသောအခါ ပျက်စီးခြင်း ကမ်းတဖက် ဆိုက်ရောက် သွားလေ၏၊ နေ့စဉ် နေ့မိုးညမိုး သောက်စားမူးယစ် ပျော်ပါးနေလေရာ မကြာမီ နှစ်ပိုင်းအတွင်း ကျပ်ငွေ ကုဋေလေးဆယ်လုံး အိမ်ပါဆုံးရှုံး လူလုံးမလှ ပျက်စီးသွားရရှာလေ၏။

ထိုအခါ ဘကြီးတော် သူဌေးကြီး အနာထပိဏ်ကို သတိရကာ သူဌေးကြီးထံ သွားသည်၊ သူဌေးကြီးက ဆုမ္မစကား ပြောကြားကာ ကူးသန်းရောင်းဝယ်လုပ်ဘို့ တိုက်တွန်းပြီး ငွေကျပ် တထောင် ထုတ်ပေးလိုက်သည်၊ "အရက်အိုး" သည် သူဌေးစကား နားမထောင် ဂရုမစိုက်ပဲ ငွေတထောင်လုံး အရက်အိုးထဲသို့ နှစ်မြှုပ်ပစ်လိုက်သည်။

အတန်ကြာသောအခါ "အရက်အိုး" သည် သူဌေးကြီးထံ ထပ်သွားပြန်သည်၊ သောတာပန် အရိယာပုဂ္ဂိုလ်ကြီး ဖြစ်သော ကျောင်းဒကာကြီးသည် သံယောဇဉ် မကင်းရှာပဲ ဆုမ္မစကား ပြောကြားကာ ငွေကျပ်ငါးရာပေးလိုက်ပြန်သည်၊ "အရက်အိုး" သည်လည်း နောင်တမရ သတိမရ ငွေကျပ် ငါးရာတို့ကို အရက်အိုးတွင် နှစ်မြှုပ်လိုက်ပြန်လေ၏။

"အရက်အိုး" တူတော်မောင်သည် သူဌေးကြီးထံ **တတိယ အကြိမ်မြောက်** ရောက်လာပြန်လေ၏၊ သူဌေးကြီးက တစုံတရာ မပြောဆိုပဲ ပုဆိုးကြမ်းထူထူ နှစ်ထည် ပေးပြီး လွှတ်လိုက်လေ၏။ ထိုပုဆိုးနှစ်ထည်ကိုလည်း အရက်နှင့် "စိမ်" ပစ်လိုက်ပြန်လေ၏။

## သူတောင်းစားဖြစ်ကာ သေဆုံးရခြင်း

"အရက်အိုး" သည် စတုတ္ထအကြိမ်မြောက် သူဌေးကြီးထံ သွားရောက်ပြန်လေ၏၊ ထိုအခါ သူဌေးကြီးက သူ၏လူယုံတော်များကို ခေါ်၍ ဆွဲကိုင်နှင်ထုတ်ခိုင်းလိုက်လေ၏။

"အရက်အိုး" သည် ကြံရာမရ အားကိုးအားထား မှီခိုရာ မရရှာတော့ပဲ ရတတ်သမျှ တောင်းရမ်းစားသောက်ကာ သူတပါး အိမ်နံရံတွင် ကပ်တွယ်နေထိုင်ရင်း ကွယ်လွန်သွားရရှာလေ၏၊ အလောင်းကိုလည်း သုသာန်သို့ ဆွဲထုတ်ပစ်လိုက်ကြလေ၏။

## မြတ်စွာဘုရားထံ လျှောက်ထားခြင်း

အနာထပိဏ် သူဌေးကြီးသည် ထိုသတင်းကို ကြားသိရသောအခါ မိမိ၏ "အရက်အိုး" တူတော်မောင်၏ ဖြစ်ကြောင်းကုန်စင်ကို ကျောင်းတော်သွား၍ မြတ်စွာဘုရားထံ လျှောက်ထားလေ၏၊ မြတ်စွာဘုရားက ဤသို့ မိန့်ကြားတော်မူလေ၏။

"ဒကာကြီး သင်သည် သူ့ကို နှစ်သိမ့်ရောင့်ရဲအောင် လုပ်ပေးနိုင်လိမ့်မည် မဟုတ်၊ ငါဘုရား

ကိုယ်တိုင်လည်း ရှေးအခါက ဇလ္ဗုဒ္ဓသယ လိုတိုင်းရ
အိုးတလုံး ပေးထားပါလျက် သူ့ကို နှစ်သိမ့်ရောင့်
ရဲအောင် ပြုလုပ်ရန် မစွမ်းနိုင်ခဲ့ချေ”

ထို့နောက် သူဌေးကြီးက “သူ့” အကြောင်း အတိတ်ကာလဖြစ်စဉ်ကို အကျယ်တဝင့် မိန့်ကြားရန် လျှောက်ထားတောင်းပန်လေ၏။

**သုရာဃဋဇာတ် အတိတ်ဝတ္ထု**

အရက်မူးမူးနှင့် ဇလ္ဗုဒ္ဓသယအိုး
မြှောက်ကစားရင်း ကျကွဲဖုံ

ရှေးအခါ ကာသိတိုင်း ဗာရာဏသီမြို့၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းအုပ်ချုပ် မင်းလုပ်စဉ် ဘုရားလောင်းသည် သူဌေးမျိုး၌ ဖြစ်ကာ ခမည်းတော် သူဌေးကြီး ကွယ်လွန်သောအခါ သူဌေးကြီးရာထူးရရှိလေ၏။

ထိုဘုရားအလောင်း သူဌေးကြီးအိမ်၌ အခြား ရတနာ ရွှေငွေ ပစ္စည်းဥစ္စာတို့ အသာထား၊ မြေကြီး၌ သိုမြှုပ်ထားသော ရွှေငွေရတနာ တန်ဘိုးပင် ကုဋေလေးဆယ် ဖြစ်လေ၏၊ သားတယောက်သာ ဖွားမြင်လေ၏၊ သူဌေးကြီးသည် ဒါန, သီလစသော ကုသိုလ်တရားတို့ကို နေ့စဉ်ပြုလုပ်လျက် ကံကုန်သောအခါ တာဝတိံသာနတ်ပြည်တွင် သိကြားမင်းကြီး ဖြစ်ရလေ၏။

သူဌေးကြီး၏ သားမိုက်ကား သူဌေးကြီး ကွယ်လွန်သောအခါ မကောင်းရာမှန်သမျှ အကုန်လုပ်လေ၏၊ လမ်းမကြီးကို

ခွ၍ မဏ္ဍပ်ကြီးဆောက်လုပ်ကာ အပေါင်းအသင်း ရောင်းရင်း ရိုးရင်းများနှင့် အရက်သောက်ပွဲ ကျင်းပလေ၏၊ လက်ဖွဲ့ပွဲ၊ ဂျွမ်းထိုးပွဲ၊ မျက်လှည့်ပွဲ၊ အလမ္ပာယ်ပြပွဲ၊ တိရစ္ဆာန်ကစားပွဲ၊ အငြိမ့်ပွဲ၊ အဆိုတော်ပွဲ စသည် ကျင်းပကာ တကြိမ်လျှင် ကျပ်ငွေ တထောင် ဆုချီးမြှင့်လေ၏။

မိန်းမကြိုက်သူ အရက်ကြိုက်သူ သားစားကြိုက်သူ စသော အဖြစ်မျိုးရောက်၍ နေလေ၏၊ ပွဲလမ်းသဘင် ပျော်ရွှင်ပွဲရှိရာ သွားလာလှည့်ပတ်လျက် နေထိုင်ပျော်ရွှင်လေရာ မကြာမီ နှစ် ပိုင်းအတွင်း ကျပ်ငွေ ကုဋေလေးဆယ် ကုန်ခမ်းသွားလေ၏၊ အိမ်ထောင်ပစ္စည်း အမျိုးမျိုးနှင့်တကွ အိမ်ကြီးပါ ရောင်းချ သုံးဖြုန်းပစ်လိုက်လေရာ နောက်ဆုံး၌ လွန်စွာ ဆင်းရဲမွဲတေ ဖြစ်ကာ အထီးကျန်ဘဝ ကျရောက်သွားလေ၏။

## သကြားမင်း၏ ဣစ္ဆာသယအိုး

ခမည်းတော်ဟောင်း သိကြားမင်းကြီးသည် တနေ့သ၌ လူ့ပြည်ကို ဆင်းကြည့်ရှုရင်း မိမိသား အဖြစ်အပျက်ကို သိမြင် ရလေ၏၊ ထိုအခါ သား၌ ချစ်ခြင်း မိဘ မေတ္တာဖြင့် လာ ရောက်ကာ လိုချင်ရာရ၍ အလိုရှိရာ ပေးစွမ်းနိုင်သော အိုးတ လုံးကို ပေးအပ်လေ၏၊

"ချစ်သား ဒီအိုးလေး မကွဲစေနဲ့၊ ချစ်သား လိုချင်တာ ဒီအိုးထဲ နှိုက်ယူ၊ ဒီအိုးဟာ ဣစ္ဆာ သယအိုးပဲ၊ မကွဲအောင် သေသေချာချာ စောင့်

ရှောက်ပါ၊ ဒီအိုးရှိနေသမျှ ဥစ္စာပစ္စည်းဟာ အပိုင်း အခြားမရှိ အရေအတွက်မရှိ များပြားတယ်လို့ မှတ်ထားပါ ချစ်သား”

သိကြားမင်းသည် ဤသို့ တင်းကြပ်စွာ ပြောဆိုမှာကြား ပြန်သွားလေ၏။

## အိုးကွဲ၍ ပြန်လည်ဆင်းရဲ သေဆုံးခြင်း

“အရက်အိုး” ငနဲသည် အရက်ထုတ်သောက် ပိုက်ဆံနိုက် သုံး အဝတ်နိုက်ဝတ် စသည်ဖြင့် လိုချင်ရာရာ လုပ်ချင်ရာရာ ပြုလုပ်ပျော်ရွှင် နေထိုင်လေ၏။

တနေ့သ၌ အရက်မူးယစ်နေရင်း ဣန္ဒာသယ အိုးလေးကို မြှောက်၍ မြှောက်၍ ကစားနေလေ၏၊ တကြိမ်တွင် အိုးကို မဖမ်းယူနိုင်ပဲ မြေကြီးပေါ် ကျသွားကာ အစိပ်စိပ် အမြွာမြွာ ကွဲကြေသွားလေ၏။

ထိုနောက်တဖန် ပြန်လည်ဆင်းရဲ မွဲတေကာ ခွက်လက်ဆွဲ တောင်းလျက် သူတပါးအိမ်နံရံ အိမ်နောက်ဖေး ကပ်ရပ်နေ ထိုင်ရင်း သေဆုံးသွားရရှာလေ၏။

မြတ်စွာဘုရားသည် ဤသို့ အတိတ်ကာလ ဖြစ်ကြောင်းကုန် စင် ဇာတ်ဆောင်ပြီးနောက် အောက်ပါတရားကို ဆက်၍ ဟောကြားတော်မူလေ၏။

သဗ္ဗ ကာမ ဒဒံ ကုမ္ဘံ၊
ကုဋ္ဋံ လဒ္ဓါန ဓုတ္တကော။

ယာဝ နံ့ အနုပါလေတိ၊
တာဝ သော သုခ မေဓတိ။

အရက်ကြူးသူ "အရက်အိုး" သည် ဤစ္ဆာသယ် လိုတိုင်း ရအိုးကို ရရှိပျော်မြူးနေလေ၏၊ အကြင်ရွေ့လောက် ဤစ္ဆာ သယအိုး မကွဲသေး၊ ထိုရွေ့လောက် ချမ်းသာကြီးပွားနေ လေ၏။

ယဒါ မတ္တော စ ဒိတ္တော စ၊
ပမာဒါ ကုမ္ဘ မဗ္ဘိဒါ။
တဒါ နဂ္ဂေါ စ ပေါတ္တော စ၊
ပစ္ဆာ ဗာလော ဝိဟညတိ။

သေသောက်ကြူး "အရက်အိုး" သည် မေ့လျော့မှုးယစ် ခြင်း မာန်တက် ဘဝင်ကိုင်ခြင်းတို့ကြောင့် ဤစ္ဆာသယအိုး ကွဲ သွားသောအခါ ပြန်လည်ဆင်းရဲမွဲတေလျက် ရံခါ အဝတ်မရှိ ဘလာ လုံးတီးဖြစ်၍ ရံခါ လျှော်မျှင်အဝတ် ဝတ်ဆင်ကာ ဆင်းရဲညှိုးနွမ်း သေပန်းပွင့်သွားရရှာလေ၏။

ဧဝမေဝ ယော ဓနံ လဒ္ဓါ၊
ပမတ္တော ပရိဘုဉ္ဇတိ။
ပစ္ဆာ တပ္ပတိ ဒုမ္မေဓော၊
ကုဋ္ဋံ ဘိတွာဝ ဓုတ္တကော။

ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပစ္စည်းဥစ္စာ တိုး တက်ကြီးပွား ချမ်းသာသော အခါ ဤစ္ဆာသယအိုးရသော အရက်ကြူးသူ လူမိုက်ကဲ့သို့ မေ့လျော့ယစ်မှုး မြူးထူးပျော်ရွှင်

နေလေ၏၊ အပျော်လွန်၍ ပစ္စည်းဥစ္စာ ဆုတ်ယုတ်ပျက်ပြား လာသော အခါ ဣန္ဒာသယအိုး ကွဲသော သေသောက်ကြူး လူမိုက်ကဲ့သို့ ဆင်းဆင်း ရဲရဲ ညှိုးညှိုး နွမ်းနွမ်း ငြိုငြင်ပင်ပန်း မရွှင်လန်း ဖြစ်ရလေ၏။

ထိုအခါ သေသောက်ကြူးသမားသည် ယခု အနာထပိဏ် သူဌေးကြီးတူဖြစ်လာ၍ထိုအခါက သိကြားမင်း(အဖေဟောင်း) သည် ငါဘုရား ဖြစ်လာ၏ ဟူ၍ ဇာတ်ပေါင်းတော်မူလေ၏။

သုရာဃဋဇာတ်ပြီး၏။

ဇာတကအဋ္ဌကထာ (ဒု)
တိကနိပါတ သုရာဃဋဇာတက၊

## ၃။ ပါနီယဇာတ် (ကောဒသနိပါတ်)

အရက်ပွဲတွင် ရန်ဖြစ် ကျူး, ကွဲ, သတ်ဖြတ်ကြပုံ

ပါနီယဇာတ်ကား အကုသိုလ် ဒုစရိုက် ကိလေသာကိုအနည်း ငယ် ဖြစ်ပွားရုံနှင့် အေးအေးမနေသင့် နှိုင်ကွပ်ဆင့်ပုံ အကုသိုလ် ဒုစ္စရိုက် ကိလေသာအရာ၌ ငယ်သည် သေးသည် မရှိဟူ၍ အတိတ်ဆောင် ဟောကြားသော ဇာတ်သမ်းဖြစ်၏။

ထိုဇာတ်၌ ဇာတ်ကောင် ငါးဦး (ဝတ္ထုငါးပုဒ်) ပါ၏၊ ပဋ္ဌမမြောက် အရက်နှင့် ပတ်သက်သော ဝတ္ထုကို ထုတ်ပြရပေ မည်။

ကာသိတိုင်း ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်း အုပ်ချုပ် မင်းလုပ်ချိန်ဖြစ်၏၊ ထိုကာသိတိုင်း မြို့ငယ်တခုရှိ မြို့

စားမင်းသည် သုရာမေရယ မူးယစ်ဆေးဝါးများကို ရောင်း ဝယ်ဖောက်ကား မလုပ်ရန် ပိတ်ပင်တားမြစ်ထား၏။

ပွဲလမ်းသဘင်အခါ တိတ်တိတ်ပုန်း ရောင်းဝယ်သောက်စား ကြသည်၊ ထုံးတမ်းစဉ်လာအရ သုရာဆဏခေါ် အရက်ပွဲ ကျင်းပချိန် ရောက်လာသည်၊ မြို့စားမင်း အမိန့်ကလည်း ရှိ သည်၊ ခွက်ပုန်းခုတ်ရသည်မှာလည်း အားမရကြ၊ ထို့ကြောင့် မြို့စားမင်းထံ ထုံးစံ အရက်ပွဲ ကျင်းပခွင့်ပြုရန် တောင်းဆိုကြ သည်။

မြို့စားမင်းကလည်း အားနာပါးနာနှင့် ယာယီအမိန့် ပြင် ဆင်ခွင့် ပြုလိုက်သည်၊ မြို့စားမင်းကား သာမန်လူ မဟုတ်၊ ပစ္စေကဗုဒ္ဓါ လောင်းလျာ ဖြစ်သည်။

လူအပေါင်းတို့ကား အမိန့်အရ အရက်ပွဲ ကျင်းပ အားရ ပါးရ သောက်စားမူးယစ်ကြလေ၏။ အရက်မူးရစ်ကြပြီးနောက် ခိုက်ရန်ဒေါသ ရန်ပွဲ ကျင်းပကြပြန်ကုန်၏၊ ခြေကျိုးသူ လက် ကျိုးသူ ခေါင်းကွဲသူ နားရွက်ပြတ်သူ များပြားလှကုန်၏၊ မြို့စားမင်းမှာ တရားစီရင် ဒဏ်တပ်ရ ထောင်ချရနှင့် အတော် ပင် အလုပ်များနေရရှာလေ၏။

"အင်း ဒုက္ခ ဒုက္ခ ဒုက္ခကြီးလှပါလား ကရို့.... ငါခွင့်ပြု မိလိုက်လို့ ဒီလို ဒုက္ခဖြစ်ကြရတာ၊ ငါသာ ခွင့်မပြုရင် ဒီလို ဒုက္ခကြီး တွေ့ကြရမှာ မဟုတ်ဘူး"

မြို့စားမင်းသည် ဤသို့ တွေးကာ သမ္မပ္ပဓာန်တရားဖြင့် လွန်စွာ နောင်တရရှာမိလေ၏၊ ထိုမှတဆင့် ဝိပဿနာ ရှုဆင်

ခြင်လျက် ပစ္စေကဗောဓိဉာဏ်ပွင့်ကာ (ပစ္စေကဗုဒ္ဓ) မြတ်စွာဘုရား အငယ် ဖြစ်သွားလေ၏။

သက်န်း သပိတ် ပရိက္ခာအစုံအလင် ကိုယ်ခန္ဓာသို့ အလိုလိုရောက်ရှိလာကာ သိက္ခာဝါသ် ငါးဆယ်ရ ရဟန်းအသွင်ဖြင့် ကောင်းကင်၌ မတ်တပ်ရပ် တရားဟောကြားပြီးနောက် ပစ္စေကဗုဒ္ဓ အရှင်မြတ်တို့ နေထိုင်သီတင်းသုံးရာ ဟိမဝန္တာတော ဂန္ဓမာဒနတောင် ဂန္ဓမာဒနလိုဏ်ဂူတို့ ကြွမြန်းတော်မူလေ၏။

**မှတ်ချက်။** ဗောဓိ ငါးမျိုးတွင် ပစ္စေကဗောဓိ (အလိုအလျောက် သစ္စာတရားသိကာ ပစ္စေကဗုဒ္ဓ မြတ်စွာဘုရားငယ်ဖြစ်ရသူ) သည် သမ္မာသမ္ဗောဓိအောက် ဂုဏ်အကြီးမြင့်ဆုံး အမြင့်မြတ်ဆုံး ဖြစ်သည်၊ နှစ်သင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်ကျင့်ရသည်၊ မိမိတို့ အာရုံနိမိတ် ဝိပဿနာအရ သွားရင်းလာရင်း နေထိုင်ရင်း ပစ္စေကဗုဒ္ဓ ဖြစ်သွားကြရသည်၊ တပါးတဆူမျှမက တပြိုင်နက်များစွာ ဖြစ်နိုင်ကြသည်၊ ပဒုမဒေဝီ မိဖုရားကြီး၏ သားတော် ငါးရာတို့သည် ဥယျာဉ်တွင်း မင်္ဂလာရေကန်၌ ကစားပျော်ရွှင်ကြရင်း ညှိုးနွမ်းသော ကြာပန်းတို့ကို ဝိပဿနာ ရှု ဆင်ခြင်ရင်း တပြိုင်နက်မင်းသားငါးရာလုံး ပစ္စေကဗုဒ္ဓ အရှင်မြတ်တို့ ဖြစ်ကြလေကုန်၏။

ထို့နောက် ပစ္စေက ဗုဒ္ဓ အရှင်မြတ်တို့သည် ပစ္စေက ဗုဒ္ဓ အရှင်မြတ်တို့ နေထိုင်သီတင်းသုံးရာ ဂန္ဓမာဒနတောင်သို့ ကြွသွားကြလေကုန်၏၊ မယ်တော် မိဖုရားကြီးသည်လည်း "ငါ့မှာ သားတွေ အများချည်း အခု တယောက်မျှ မရှိကြတော့ဘူး"

ဟူ၍ စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းရင်း ရင်ကွဲနာကျ သေဆုံးရရှာလေ၏။

(ပဒုမဒေဝိ မိဖုရားကြီးသည် ငါတို့ မြတ်စွာဘုရား၏ လက်ဝဲတော်ရံ အဂ္ဂသာဝိကာ ဣဒ္ဓိမန္တ တေဒဂ်ရ အရှင်မ ဥပ္ပလဝဏ္ဏာ ထေရီ ဖြစ်သည်။)

## ၄။ လူပေါင်း အသိန်းအသန်းမကသေမည့် အရက်ပွဲကြီး

မဟောသဓ်ပညာရှိ သုခမိန်ကြောင့် ချမ်းသာကြရခြင်း

ကပိလတိုင်း ဥတ္တရပဉ္စာလမြို့တော် စူဠနီဗြဟ္မဒတ်မင်းကြီးသည် အတိုင်ပင်ခံ အမတ်ချုပ်ကြီး ကေဝဋ်၏ အစီအမံအရ ဇမ္ဗူဒိပ်ကျွန်း၌ ဧကရာဇ်မင်းကြီး ပြုလုပ်ရန် မင်းတရာ့တပါးတို့ကို ဖမ်းယူသတ်ဖြတ်ရန် ကြံစည်သည်၊ ခုနစ်နှစ်, ခုနစ်လ ခုနစ်ရက်ဖြင့် မင်းတရာကို ဖမ်းဆီးရရှိသည်။

မြို့ငယ်ကလေးကို အရင်တိုက်ခိုက် သိမ်းပိုက်သည်၊ ထို့နောက် နှစ်နိုင်ငံ စစ်တပ်တို့ဖြင့် နောက်မြို့တမြို့ ဤသို့ စသည်ဖြင့် ဝိဒေဟတိုင်း မိတ္ထိလာမြို့တော်မှ တပါး ကျန်နိုင်ငံတော် မြို့တော်အားလုံး စူဠနီဗြဟ္မဒတ်မင်း လက်အောက်ခံ ဖြစ်ကြကုန်သည်။

စူဠနီမင်းကြီးနှင့် မင်းပေါင်းတရာ့တပါးတို့သည် စိတ်ဓာတ်တက်ကြွနေကြသည်၊ အားလုံး စစ်တပ်ကြီးမှာ အကျော်ဘနီ စစ်တပ်ကြီး ဖြစ်လာသည်၊ ဝိဒေဟတိုင်းကို တိုက်ခိုက်သိမ်းပိုက်ရန် ဆွေးနွေးညှိနှိုင်း ကြသောအခါ ကေဝဋ် အမတ်ချုပ်ကြီးက မဟောသဓ သုခမိန် ဇွမ်းရည်ဂုဏ်သတ္တိ သိ၍ ပရိယာယ်နှင့်

ဖြောင်းဖျချော့မော့ ထားရသည်၊ ထိုအတွင်းပင် စိတ်ခေတ် တက်ကြွလာကြသဖြင့် စူဠနီမင်းကြီးနှင့်တကွ မင်းတရာပါဝင် သော အက္ခောဘနီ စစ်တပ်ကြီးသည် ဝိဒေဟတိုင်း တိုက်ခိုက် သိမ်းပိုက်ရန် ချီတက်သေးရာ ကေဝဋ္ဋ အမတ်ကြီး ဖြောင်းဖျ ချော့မော့၍ ပြန်ဆုတ်စေရသည်၊ ကေဝဋ္ဋမှာ အချုပ်ကြီး (မဟာသေနာပတိချုပ်ကြီး) ဖြစ်နေ၍ များစွာတာဝန်ရှိနေရာ တွက်ခြေမကိုက်သေး၍ ဆင်ကြံကြံနေရသည်၊

## ဇယပါနခေါ် အဆိပ်ခပ် အရက်ပွဲကြီး

တနေ့သ၌ ကေဝဋ္ဋအမတ်ကြီး အကြံဖြင့် မင်းပေါင်းတရာ တပါး ကိစ္စတုံးရန် အဆိပ်ရေ ရောနှောထားသော အရက် သောက်ပွဲကြီး ကျင်းပ၍ အောင်ပွဲလုပ်ရန် စီမံသည်၊ ရာဝင် အိုးကြီးပေါင်း အရာအထောင် အရက်နှင့်အဆိပ် ရောနှော ထားသည်၊ ကုန်းသား ရေသား အကြော်အကင် များစွာစီမံ ထားသည်၊ မင်းတရာ့တပါးနှင့် ၎င်းတို့၏ အကြီးအချုပ် စစ်ဗိုလ်ကြီးများ သေဆုံးကုန်လျှင် တမီးငြိမ်းပြီဟူသော အကြံ နှင့် ကြံစည်ပုံရသည်၊ ကေဝဋ္ဋ အမတ်ကြီး၏ လျှို့ဝှက်လူယုံ တော်များဖြင့် ကြံစည်စီမံပြုလုပ်ခြင်းကို မင်းတရာ့ဘပါးတို့ကား မသိကြပေ၊ မင်းတရာတပါးတို့နှင့် ၎င်းတို့၏ စစ်တပ်စစ်သား အပေါင်းတို့ကား အောင်ပွဲအရက် အားရပါးရ သောက်စား မူးယစ် ပျော်ရွှင်ကြရန် မျှော်လင့်ဝမ်းသာ နေကြသည်။

ဤအောင်ပွဲ (သို့) သေပွဲကြီးကို မင်းတရာ့ တပါးနှင့် အပေါင်းပါတို့ မသိကြသော်လည်း ဝေးလံသော ဝိဒေဟနိုင်ငံ

မိထိလာမြို့မှ မဟောသဓ် သုခမိန်က သူ၏ ကျေးစေတမန်နှင့် သူလျှိုများ သတင်းပေးချက်အရ သိနေသည်၊ သိနေသည် အတိုင်း စိတ်မကောင်း ဖြစ်နေမိရှာသည်၊ ငါလို အတုမဲ့ ပညာရှိကြီး တယောက် ရှိလျက် ဤမင်း တရာ့တပါးနှင့် အပေါင်းပါ စစ်တပ် ပရိသတ် အသောင်းအသိန်းတို့ အကြောင်း မဲ့ မသေသင့်၊ ငါကယ်ဆယ်မှ ဖြစ်တော့မည်ဟု ဘုရားလောင်း ပီပီ ကြံစည်စိတ်ကူးမိပြီးလျှင် ထိုအရက်အောင်ပွဲ ကျင်းပမည့် နေ့ရက်ကို အတိအကျ သိအောင် စုံစမ်းပြီးနောက် ဖွားဘက် တော် ရဲဘော် ရဲဘက် သူရဲကောင်း တထောင်ကို အကျိုး အကြောင်း အသေးစိပ် စုံလင်စွာ မှာကြားဖျက်ဆီး ခိုင်းလိုက် လေ၏၊ သူရဲကောင်း တထောင်တို့သည်လည်း ဗိုလ်ချုပ်ကြီး မဟောသဓသုခမိန် မိန့်မှာချက်အတိုင်း သွားရောက်ဖျက်ဆီးပြီး အောင်မြင်စွာ ပြန်လာကြလေ၏။

## စိတ်ဆိုး ချီတက်ကြခြင်း

ကေရာဇ် စူဠနီဗြဟ္မဒတ်မင်းကြီးနှင့်လက်အောက်ခံ မင်းတရာ့ တပါး ၎င်းတို့၏ အကျွောဘနီ စစ်တပ်ကြီး၏ စစ်သားများ သည် လွန်စွာစိတ်ဆိုးကြကုန်၏၊ မဟောသဓသုခမိန်၏ ဖွား ဘက်တော် သူရဲကောင်းတို့၏ မခန့်လေးစား ပြောကြားသော စကား မခံချိဖြစ်နေသော စူဠနီကေရာဇ်ကြီးသည် စစ်ချီရန် ချက်ခြင်း အမိန့်ပေးလိုက်လေ၏၊ ဝိဒေဟတိုင်းနိုင်ငံကို သိမ်း ကာ ဝိဒေဟ မင်းကြီးကို ဦးခေါင်းဖြတ်ယူပြီးမှ အောင်ပွဲ ကျင်းပ ဇယပါန လုပ်ကြမည်ဟု မိန့်ကြားလေ၏။

မင်းတရားတပါးနှင့် အကျော်ဘနီ စစ်တပ်ကြီးလည်း အားရပါးရ သော်ကစားမှုးယစ်ကြမည့် မျှော်လင့်ချက်ကို ဖျက်ဆီးပစ်သော ဝိဒေဟမင်းကြီး အစေခံ သတ္တဝါများကို အမျက်ဒေါသ ခြောင်းခြောင်းထကာ ချီတက်ရန် စီမံကာ အပြင်းချီတက်ကြလေရာ တနေ့တညတည်းနှင့်ပင် ဝိဒေဟတိုင်းနိုင်ငံ မိထိလာမြို့တော်သို့ ဆိုက်ရောက်ကြလေ၏။

ကေဝဋ် အမတ်ချုပ်ကြီးကား မဟောသဓာသုခမိန် နေထိုင်သော မိထိလာမြို့တော်သည် ခြသေ့စောင့်သော ရေကန်ကြီးနှင့်တူသည်၊ ငါတို့ ရှက်ဖွယ်ပန်းမောဖွယ်သာ ဖြစ်လိမ့်မည်ကို သိထား၏၊ မဟောသဓာသုခမိန်၏ ကာယဗလကို မကြောက်၊ ဉာဏဗလကို ကြောက်ရွံ့စိုးရိမ်နေ၏၊ စူဠနီမင်းကြီးနှင့် မင်းတရားတို့ကား မိမိတို့၏ ကာယဗလ (မဟာလက်နက်နိုင်ငံကြီး မဟာအင်အားကြီး နိုင်ငံကြီး) ကိုသာ အားကိုးကာ ဉာဏဗလကို မသိနားမလည်ကြပေ၊ မဟောသဓ သုခမိန်ကို ဖြုတ် ခြင်ကောင် သတ္တဝါမျှလောက်သာ သဘောထားကြသည်၊ ထို့ကြောင့် ပဌမအကြိမ် ချီတက်ရန် ပြင်ဆင်မှုကို ကေဝဋ် အမတ်ချုပ်ကြီး အပြင်းအထန် ချော့မော့ဖြားယောင်း တားမြစ်နိုင်သော်လည်း ယခု ဒုတိယအကြိမ်၌ကား ဒေါသနှင့် ယှဉ်လာကြပြီ ဖြစ်ခြင်းကြောင့် ကေဝဋ် အမတ်ချုပ်ကြီးမှာ မတားမြစ်နိုင်တော့ပေ၊ မိမိ၏ အရှင်သခင် မင်းကြီးနှင့် ဆန့်ကျင်ဘက်လုပ်ရန် မသင့်ဟူသော အသိဉာဏ်ဖြင့် အသာအယာ မွေး၍လိုက်ပါသွားကြလေ၏။

နောက်ဆုံး၌ စစ်ရှုံး၍ ပြန်ပြေး ကြရသည်၊ နောက်တဖန် စူဠနီ မင်းကြီးက သမီးတော်နှင့်မျှား၍ ဝိဒေဟမင်းကြီးသတ်

ရန် ကြံစည်ရာမှစ၍ မဟောသဓ သုခမိန် အကြံအစည် အစီအမံ ဖြင့် သမီးတော်လက်ခံမည်၊ ပဉ္စာလမြို့အနီး၌ လက်ထပ် နန်း တော် ဥမဂကာရိဝယ် (ဥမင်လိုဏ်ခေါင်းမြို့) တည်ဆောက်မည် စသည် ပြောဆိုရာ စူဠနီမင်းကြီးက သဘောတူခွင့်ပြုသည်၊ ဒင်း လာပစေ လာမှ အသာဖမ်းသတ်မည် ကြံထားသည်။

လေးလနှင့်အပြီး ဆန်းကြယ်သောလက်ထပ်နန်းမြို့ကို တည် ဆောက်၊ ဝိဒေဟမင်းကြီး ပဉ္စာလမြို့ ရောက်လာ၊ စူဠနီမင်း ကြီးသမီး ပဉ္စာလစန္ဒာနှင့်မိသားစုကို လျှို့ဝှက်ခေါ်ထုတ်၊ လက် ထပ် အဘိသိက်သွန်း၊ ဝိဒေဟနိုင်ငံ ပြန်လွှတ်၊ နောက်မှ စူဠနီ မင်းကြီး သိ၊ မဟောသဓ သုခမိန်က ပရိယာယ်စကား ဖြား ယောင်းသိမ်းသွင်းပြီး ဆန်းကြယ်သော ဥမင်မြို့တော် ဝင်ခိုင်း၊ မင်းတရာ့တပါး စစ်တပ်နှင့် ဝင်၊လှည့်ပတ်ကြည့်၊ စူဠနီမင်းကြီး ဥမင်လိုဏ်ခေါင်း အပြင်ဘက် အရောက်တွင် မဟောသဓ သုခမိန်က လျှင်စွာထွက်၍ ဥမင်တံခါးအားလုံး စက်ခလုတ်နှင့် ပိတ်၊ မင်းတရာ့တပါးနှင့် စစ်တပ်ကြီး ပိတ်မိနေ၊ မဟောသဓ က စူဠနီမင်းကြီးကို အစွမ်းပြချိမ်းခြောက်၊ နောက်သစ္စာဆိုကြ၊ ဥမင် ဖွင့်ပေး၊ မင်းအပေါင်းတို့ ဝမ်းသာကြကုန်၏။

အကယ်၍ သေစေလိုက ဥမင်မဖွင့်ပဲ ထားနိုင်သည်၊ ဖွင့် ပေး၍ အသက်ချမ်းသာရရသဖြင့် ကျေးဇူးတင်ကြောင်း မင်း အပေါင်းက ပြောဆိုရာ မဟောသဓက ယခုအကြိမ်သာ မင်း အပေါင်းတို့ကို အသက်ကယ်ဆယ်သည် မဟုတ်သေး၊ ရှေးက လည်း ကယ်ဆယ်ခဲ့ဘူးကြောင်းနှင့် ယခင် အရက်ပွဲကြီး အ ကြောင်းကို စူဠနီမင်းကြီးရှေ့တွင် ပြောပြ၊စူဠနီမင်းကြီးကလည်း

အမတ်မိုက်စကား နားထောင် နားယောင်၍ ပြုလုပ်မိကြောင်း ဝန်ခံ၊ တောင်းပန်ကြေနပ်ကြကုန်၏။

ဤအရာဌာန အမှတ်(၄)၌ ဆိုလိုရင်းမှာ အဆိပ်သက်သက် ကျွေး၍ မဖြစ်နိုင်၊ နာမည်ကျော် လူကြိုက်များသော အရက်နှင့် ရောနှောသောက်ခိုင်းမှ သေကြမည်၊ မိမိတို့အကြံ အောင်မည်ဟူ၍ သရက်ကို ပဓာနထားကာလျှို့ဝှက်အကြံကို ဖော်ပြလိုရင်းဖြစ်သည်၊ အရက်(မူးယစ်ဆေးဝါး)သည် ဤသို့ ကောင်းကျိုးမပြု မကောင်းကျိုးသာ ပြုလုပ်နိုင်သည်၊ မကောင်းကျိုး ပြုလုပ်ရာ၌ ပါဝင်နေသည်ကို သိစေလိုရင်းဖြစ်သည်။

## ၅။ ဗာရာဏသီမင်းကြီး ဝတ္ထု

အရက်မူးမူးနှင့် မိမိ၏ရင်သွေးသားငယ်သတ်စားပုံ

ရှေးအခါက ဗာရာဏသီ မင်းတပါးသည် အရက်မသောက်ပဲ မနေနိုင်၊ အရက်နှင့်ကင်း၍နေလို့မဖြစ်၊ အသားဟင်း မပါက လည်း ပွဲတော်မတည်နိုင်၊ ထမင်းမစားနိုင်၊ ဥပုသ်နေ့၌ ထုံးစံစဉ်လာအတိုင်း အသားမပေါ်ရန် စည်လှည့်ခြင်း (မာဃာတ) နေ့ရက်နှင့် တနေ့တွင် တွေ့ဆုံပေါ်ပေါက်လာသည်၊ စားဖိုသူကြီးသည်လည်း လဆုတ်ပိုင်း ၁၃ ရက်နေ့ကပင် ဘုရင်မင်းမြတ်အတွက် အသားများကို ရှာမှီ့ထားရာ ခွေးသူခိုး တွေ့သွားကုန်ဆုံးရှာလေ၏။

စားဖိုသူကြီးသည် လကွယ်လဆုတ် ရက်မစုံ ဥပုသ်နေ့အတွက် စားသောက်ဖွယ်ရာ ဘောဇဉ်ဟင်းလျာ အရသာကောင်း အမျိုးမျိုး စီမံချက်ပြုတ် ပြီးစီးသော အခါ အသားမပါသော

ပွဲတော်အုပ်ဖြစ်၍ မဆက်သဝံ့ဖြစ်နေစဉ် အဲကြုံတခုရရှိကာ မိဖုရားခေါင်ကြီးသို့ ချဉ်းကပ် လျှောက်တင်လေ၏။

"အရှင်မိဖုရားကြီး ကျွန်တော်မျိုးမှာ ဒီနေ့ ပွဲတော်အုပ်အတွက် အသားဟင်းမရပါ၊ ဘုရင်မင်းမြတ်ကလဲ အသားမပါရင် မသုံးဆောင်ပါ၊ သယ်လိုလုပ်ရမယ်ဆိုတာ သနားညှာတာ အကြံပေးတော်မူပါ...."

"အဲ ဒုက္ခပဲနော်၊ ဒီမယ် စားဖိုသူကြီး ဒီလိုလုပ်၊ မောင်တော်ဘုရားက သူ့သားလေးကို သိပ်ချစ်တော်မူတယ်၊ သားလေးကို တန်းဆာဆင်ယင်ပီး ပွဲတော်အုပ် ပို့ခါနီးမှာ သခင်မသွားပို့ထားလိုက်မယ်၊ သားလေးချီပီး နမ်းလိုက်ချော့မြှူလိုက်လုပ်နေရရင် သူ့ကိုယ်သူတောင် ဘာဖြစ်မှန်း မသိတော့ဘူး.... ကိုင်း....ဒါဖြင့်....သွားတော့...."

## သားကိုသတ်၍ ဟင်းချက်ခိုင်းခြင်း

ဘုရင်မင်းမြတ်သည် ထုံးစံအတိုင်း အရက်မူးယစ်နေသည်၊ မိဖုရားကြီး သည်လည်း သားတော်လေးကို တန်းဆာဆင်ယင်လိမ်းကျံပြီးနောက် ဘုရင်မင်းမြတ်ပေါင်ပေါ်သို့ လာချထားလိုက်လေ၏၊ ထိုခဏ၌ပင် စားဖိုသူကြီးသည်လည်း ပွဲတော်အုပ်ကို လာရောက်ဆက်သလေ၏၊ ဘုရင်မင်းမြတ်သည် ချစ်သားငယ် ရင်သွေးကို မြှူနေရာမှ ပွဲတော်အုပ်ကို လှမ်းကြည့်လိုက်ရာ အသားဟင်းဘလာ ပဲ, ခရမ်း, ဘူး, ကန်စွန်း, ချဉ်ပေါင်တို့ခေါင်းဆောင်နေသည်ကိုသာ တွေ့မြင်ရသဖြင့် မေးခွန်းထုတ်လေ၏။

"ဒီနေ့ အသားဟင်း မပါပါလား မောင်မင်း"
"ဒီနေ့ လက္ခယ်ဥပုသ်နေ့ မာဃာတ စည်တော်နေ့နဲ့ ကြုံကြိုက်နေပါတယ် အရှင်မင်းမြတ်"

ထိုအခါ ဘုရင်မင်းမြတ်သည် အရက်မူးမူးနှင့် လွန်စွာ စိတ်ဆိုးမိလေ၏၊ "ငါလိုဘုရင်တယောက် အတွက်တောင် အသားရဘို့ ခဲယဉ်းနေပါတကား" ငြီးတွားအော်ဟစ်ရင်းပေါင်ပေါ်မှ သားငယ်ကို လယ်ပင်းကို လိမ်ချိုးသတ်ကာ စားဖိုသူကြီးရှေ့သို့ ပစ်ပေးလျက် "မြန်မြန်ချက်ခဲ့" ဟု အမိန့်ပေးလိုက်လေ၏။

## မည်သူမျှ မငိုဝံ့ကြ

စားဖိုသူကြီး သည်လည်း ဘုရင်မင်းမြတ် အမိန့် အတိုင်း ကောင်းစွာ ကြော်ချက် ဆက်သလေ၏၊ ဘုရင်မင်းမြတ်သည်လည်း မြိန်မြိန်ရှက်ရှက် သုံးဆောင် စားသောက်လေ၏၊ မည်သူတစုံတယောက်မျှ ငိုကြွေးမှု မြည်တမ်းမှု ပြောဆိုမှု မပြုလုပ်ဝံ့ကြချေ။

ဘုရင်မင်းမြတ်သည်လည်း စားသောက်ပြီးနောက် အဆီယစ်ကာ မူးမူးနှင့် အိပ်ခန်းဆောင်တွင် အိပ်ပျော် သွားလေ၏၊ နောက်တနေ့နံက် အိပ်ရာမှ နိုးသောအခါ အမူးအယစ် ပြေပျောက်ကာ သားငယ်ကို သတိရသဖြင့် သားတော်ကို လာရောက်ပို့ရန် အမိန့်ပေးလေ၏။

ထိုအခါမှ မိဖုရားကြီးသည် လာရောက် ငိုကြွေးရင်းဘုရင့်ခြေရင်း၌ လဲကျသွားလေ၏။နောက်မိဖုရားကြီးက-

"မနေ့က အရှင်မင်းကြီး မူးမူးရူးရူးနဲ့ သားတော်ကို ကိုယ်တိုင်သတ် ချက်ခိုင်းပီး စားသောက်လိုက်ပါတယ်"....ဟု ငိုကြွေးလျှောက်ထားလေ၏။

## ဘုရင့်နောင်တနှင့် အဓိဋ္ဌာန်

ဘုရင်မင်းမြတ်သည်လည်း မကြားဝံ့ မနာသာ ရက်စက်မှုကြီးကို ကြားသိရသောအခါ သား၏ဇောသောကဖြင့် များစွာငိုကြွေး မြည်တမ်းမိရှာသည်။

"ဒါ....ဒါ....ဒါ....ဒီလိုဖြစ်ရတာ အရက်ပဲ-အရက်ပဲ အရက်တော်ပြီ....တော်ပြီ....ငါ....ငါ....ငါ အရဟတ္တမဂ်ဉာဏ် (နိဗ္ဗာန်) မရသမျှ ဒါလောက်ကြီး ဆိုးရွားယုတ်မာတဲ့ အရက်ကိုမသောက်တော့ပါဘူး...."

ဤသို့ငိုကြွေးမြည်တမ်း မြေကြီးမှုန့်ဖြင့် မျက်နှာကို လိမ်းသုတ်ကာ အဓိဋ္ဌာန်ပြုလုပ်လေ၏။

စာဖတ်သူပရိသတ် သင်တို့သည် ဤဘုရင်ကို မည်သူဖြစ်သည်ဟု ထင်ပါသနည်း၊ ဤနေရာတွင် စာအုပ်ပိတ်ပြီး ငါးမိနစ်လောက် ရပ်တန့်စဉ်းစားစေချင်သည်၊ ပိတ်ဖြစ်အောင် ပိတ်လိုက်ပြီး စဉ်းစားမိအောင် စဉ်းစားလိုက်ပါ။

## အရှင်သာရိပုတ္တာ မထေရ်မြတ်လောင်းလျာ

ထိုသားသတ်ဘုရင် သားကိုသတ်စားသောဘုရင်ကား ငါတို့မြတ်စွာဘုရား လက်ျာတော်ရံ မဟာပညာ တေဒဂ်ရ ပထမ

အဂ္ဂသာဝကကြီး အရှင်သာရိပုတ္တာ မထေရ်မြတ် လောင်းလျာ ဖြစ်လေသည်။

ထိုမျှ ပါရမီရှင် ပုဂ္ဂိုလ်ကြီးကိုပင် အရက်သည် ဖျက်ဆီး နိုင်စက် နိုင်ခဲ့ချေသော် သာမန်ပုဂ္ဂိုလ် သူလိုငါလိုကို အဘယ်မှာလျှင် မဖျက်ဆီးနိုင်ဖြစ်ချိမ့်မည်နည်း၊ အမှန်မုချ ဖျက်ဆီးနိုင်တော့မည်သာဖြစ်၏။

ဇာတကအဋ္ဌကထာ(ဒု)
ဒုကနိပါတ၊ ဓမ္မဓဇဇာတက။

**ဆတ္တပါဏိ ဆေတ္တာသယ်နှင့်ဘုရားလောင်းဓမ္မဓဇပုရောဟိတ်**

ဤဒုကနိပါတ် ဓမ္မဓဇဇာတ်တွင် အဆိုပါ **သားသတ်စား** ဗာရာဏသီမင်း အဋ္ဌုပ္ပတ် တစိတ်တဒေသ ပါဝင်လာခြင်း ဖြစ်သည်၊ မူရင်း ဓမ္မဓဇဇာတ်လမ်း မဟုတ်သေးပေ၊ ဤဓမ္မဓဇဇာတ်မှာ အနည်းငယ် ရှည်လျားသည်၊ စိတ်ဝင်စားဖွယ်လည်း ကောင်းသည်၊ ထို့ကြောင့် အကျဉ်းချုပ် ဖော်ပြရပေမည်၊ ဆက္ကနိပါတ်တွင်လည်း ဓမ္မဓဇဇာတ်ရှိရာ **ဆက္ကနိပါတ်မဟုတ်** ဒုကနိပါတ်ဟု မှတ်သားထားရမည်။

ပစ္စုပ္ပန်ဝတ္ထုမှာ ဒေဝဒတ်သည် မြတ်စွာဘုရားကို အကြိမ်ကြိမ် သေကြောင်းကြံစည်ပြုလုပ်မှုနှင့်ပတ်သက်၍ ယခုသာ ကြံသည်မဟုတ်သေး ရှေးကလည်း ကြံဘူးသည်၊ သို့ရာတွင် ငါဘုရားကို ကြောက်ရွံ့ထိတ်လန့်ရုံမျှ ဖြစ်အောင် မစွမ်းဆောင်နိုင် ဟူ၍ အတိတ်ဝတ္ထု ဓမ္မဓဇဇာတ်ကို ဟောကြားတော်မူခြင်း ဖြစ်၏။

## ဓမ္မဇေဒါတ်

ကာသိတိုင်း ဗာရာဏသီမြို့၌ ယဲ့သပါဏိ ဘုရင်မင်းမြတ် အုပ်စိုးစဉ်ဖြစ်၏၊ သေနာပတိချုပ်ကြီးမှာ ကာဠကဖြစ်၍ အတိုင်ပင်ခံ အမတ်ချုပ်ကြီးမှာ ဘုရားလောင်း ဓမ္မဇ ပုရောဟိတ်ဖြစ်သည်၊ မင်းကြီး၏ဆံပင် မုတ်ဆိပ် ပြုပြင်ကာ ဦးခေါင်းတန်တာ ဆင်ယင်သူ ဆေတ္တာသည်မှာ ဆတ္တပါဏိ ဆိုသူ ဖြစ်၏။

ဘုရင်မင်းမြတ်သည် တရားနှင့်အညီ အုပ်ချုပ်၏၊ သေနာပတိသည် စစ်တပ်အပြင် တရားဆုံးဖြတ်မှုကိုပါ ပူးတွဲကိုင်တွယ်သည်၊ တရားစီရင်၍ တံစိုးလက်ဆောင် လာဘ်စားသည်၊ ပိုင်ရှင်မဟုတ်သူကို ပိုင်ရှင်ပြုလုပ် မတရားစီရင်လေ့ ရှိသည်။

### ဘုရားလောင်းအမတ်နှင့် တွေ့ကြခြင်း

သေနာပတိချုပ်ကြီး မတရားစီရင် လာဘ်စား ခြင်းကြောင့် လူအပေါင်းတို့ မကျေမနပ်ဖြစ်နေကြသည်၊ တနေ့သ၌ နန်းတော်သို့ အခစားဝင်ရန်လာစဉ် လူတို့သည် အမတ်ချုပ်ကြီးဓမ္မဇခြေရင်း၌ဝပ်စင်းလဲကျကာ အကြောင်းကုန်စင် ပြောဆိုတိုင်ကြားကြသည်၊ ဘုရားလောင်း အမတ်ချုပ်ကြီးသည် များစွာ သနားကြင်နာကာ တရားစီရင်ရာဌာန လိုက်ပါသွားရသည်၊ လူအပေါင်းတို့ ဝိုင်းလာကြသည်၊ ထို့နောက် တရားသဖြင့် စီရင်ပေးလိုက်ရာ လူအပေါင်းတို့ ကောင်းချီးပေးသံ ကြွေးကြော်သံများ ဆူညံသွားလေသည်။

## စစ်သူကြီး၏ ရန်ငြိုး

ထိုဆူညံသံကြီးကို ဘုရင်မင်းမြတ် ကြားသိမေးမြန်းသော အခါ အကြောင်းစုံသိရ၍ ပုရောဟိတ် အမတ်ချုပ်ကြီးကို ခေါ်ယူမေးမြန်း ချီးမွမ်းပြီး တရားဌာနကို အပ်နှင်းသည်၊ လုပ်ချင်စိတ် မရှိသော်လည်း သနားစိတ်နှင့် လက်ခံလိုက်ရရှာသည်။

စစ်သူကြီးသည် လာဘ်မစားရတော့၍ အမတ်ချုပ်ကြီးကို ရန်ငြိုးဖွဲ့ ဂုန်းတိုက်သည်၊ ဘုရင်မင်းမြတ်က မယုံကြည်ပယ်ချသည်၊ ဂုန်းစကားမည်သည် စွမ်းရည်သတ္တိရှိ၏၊ သစ်ငုတ်ကြီးပင် လှုပ်ပါများသောအခါ ကျွတ်ထွက်သွားရ၏။

"အရှင်မင်းကြီး ကြည့်ပါ၊ ထီးနန်းကြုံစည် ပရိသတ်ဗိုလ်ပါ စုဆောင်းတာ မယုံကြည်ယင် ဟောဒီ တံခါးပေါက်လေးက လှမ်းကြည့်တော်မူပါ၊ ဘယ်လောက် များပြားတယ်ဆိုတာ သိရပါလိမ့်မယ်"

တနေ့တွင် ဂုန်းတိုက်ရင်း လက်တွေ့ပြလေ၏၊ ဘုရင်မင်းမြတ်ကား ဉာဏ်ပညာ နည်းသူဖြစ်၍ တရားလို့ တရားခံ တရားရုံး ပရိသတ်ကြီးကို အမတ်ချုပ်ကြီး၏ ပရိသတ် မှတ်ထင်ယုံကြည်သွားရှာသည်။

"ကိုင်း.... ဒါဖြင့် ဘယ်လို အရေးယူရ ကောင်းမလဲ"

"သတ်ပစ်သင့်ပါတယ်"

"ဟာ ဝက်ကျတာပဲ ဘာပြစ်မှုကြီးမှ မရှိပဲနဲ့ ဘယ်လိုလုပ် သတ်ရမလဲ"

"အကြောင်းဥပါယ် ပရိယာယ်တခုတော့ ရှိပါတယ်"

"ကဲ.... ဆိုစမ်းပါအုံး"

"လူတိုင်း မလုပ်နိုင်တဲ့ အလုပ်တခု လုပ်ခိုင်းတော်မူပါ၊ မလုပ်နိုင်ရင် အဲဒါ ရမယ်ရှာပြီး သတ်ပစ်နိုင်ပါတယ်"

"ကဲလေ ဆိုစမ်းပါအုံး"

"သီးမျိုးစုံ ပန်းမျိုးစုံ ဥယျာဉ်ကြီးတခု ဖန်ဆင်းခိုင်းပါ၊ ဥယျာဉ်ဆိုတာ မြေညီမြေကောင်းမှာ သုံးနှစ် လေးနှစ်လုပ်မှ အောင်မြင်မှု ရနိုင်ပါတယ်၊ သူ့ကိုခေါ်ပြီး အမိန့်ပေးပါ၊ ဥယျာဉ်ဟောင်းကို မသွားချင်ဘူး ဥယျာဉ်သစ်ကြီးကို မနက်ဖြန် သွားချင်တယ် အမိန့်ရှိပါ၊ သူမတတ်နိုင်ပါဘူး၊ အဲဒီအပြစ်နဲ့ သတ်နိုင်ခွင့်ရပါတယ်"

ဘုရင် ငမိုက်သားသည် ထိုအတိုင်း စေခိုင်းလေ၏၊ ဘုရားလောင်းသည် အိမ်ပြန်စားသောက်ပြီးနောက် အိပ်ရာဝင် စဉ်းစားနေသည်၊ ဘုရားလောင်း၏ သီလဂုဏ်ကြောင့် သိကြားမင်း ကိုယ်ထင်ပြ ရောက်လာ မေးမြန်း ဝန်ခံသွားသည်။

## နောက်တကြိမ် ခိုင်းပြန်ခြင်း

မိုးသောက်လင်းသောအခါ ဥယျာဉ်သစ်ကြီး အံ့သြစဖွယ် တွေ့မြင်ကြရလေ၏၊ ထို့ကြောင့် အကြံပျက်ကာ ဥယျာဉ်ကြီးနှင့် လိုက်ဖက်ညီသော ရတနာ ခုနစ်ပါး ရေကန်ကြီးကို လုပ်ခိုင်းပြန်လေ၏၊ ထို့အတူ သိကြားမင်းက ကူညီဖန်ဆင်းပေးပြန်လေ၏၊

## တတိယအကြိမ် ခိုင်းပြန်ခြင်း

သတ်ခွင့်မရသောအခါ ဥယျာဉ်ရေကန်တို့နှင့် လိုက်ဖက်ညီသော အိမ်ကြီးတဆောင် (ပြာသာဒ်) ကို ဖန်ဆင်းခိုင်းပြန်လေ၏၊ ထို့အတူ သိကြားမင်းက ကူညီဖန်ဆင်းပေးပြန်လေ၏။

## စတုတ္ထအကြိမ် ခိုင်းပြန်ခြင်း

သတ်ခွင့်မရပြန်သောအခါ ငမိုက်သားနှစ်ယောက် ဉာဏ်နီဉာဏ်နက်ထုတ်ကာ အလင်းရောင်ပေးစွမ်းနိုင်သော ပတ္တမြားတုံးကြီး ဖန်ဆင်းခိုင်းပြန်လေ၏၊ ထို့အတူ သိကြားမင်းက ကူညီဖန်ဆင်းပေးပြန်လေ၏။

## ပဥ္စမအကြိမ် ခိုင်းပြန်ခြင်း

သတ်ခွင့်မရပြန်လျှင် ငမိုက်သားနှစ်ဦး တမျိုးကြံကြပြန်လေ၏၊ သူတော်ကောင်း နတ်ကောင်းမ "တရားစောင့်လျှင် တရားက ပြန်စောင့်သည်" စသော သဘောတရား တရားသဘောကို မသိကြပဲ သတ်ဖြတ်ရန်သာ ဒေါသဇော စောနေကြရှာသည်၊ တိုင်ပင်ဆွေးနွေး ဉာဏ်နီ ဉာဏ်နက် ထုတ်ကြပြန်သည်။

"ကိုင်း.... စစ်သူကြီး၊ အလုပ်တွေတော့ စုံသွားတာပဲ၊ အခု ဘယ်လိုလုပ်ကြအုံးမလဲ"

"သူ့မှာ လိုတိုင်းပေးနိုင်တဲ့ နတ်မင်းကြီး ရှိနေပါနဲ့တူတယ်၊ ဒီတော့ အဲဒီ နတ်မင်းကြီး မပေးနိုင် မဖန်ဆင်းနိုင်တဲ့ဟာကို ဖန်ဆင်းလုပ်ခိုင်းရမယ်၊ ဒါကိုတော့ ဘယ်နည်းနဲ့မှ လုပ်နိုင်မှာမဟုတ်ဘူး၊ ဒီတခါတော့ ကျိန်းသေပါပဲ"

"ကဲ.... လေ.... ဆိုစမ်းပါအုံး"

"ဥယျာဉ်တော် ရသီ၊ ရတနာ ရေကန်ကြီးလဲ ရသီ၊ပီးတော့ အဲဒါတွေနဲ့ လိုက်ဖက်ညီတဲ့ ပြာသာဒ်ကြီးလဲ ရသီ၊ အလင်းရောင် ပတ္တမြားတုံးကြီးလဲ ရသီ၊ ဒီတော့ အင်္ဂါလေးပါးနဲ့ ပြည့်စုံတဲ့ ဥယျာဉ်မှူး ရှာခိုင်းပါ၊ ဒါကိုတော့ ရှာနိုင်မယ် မဟုတ်ပါဘူး၊ ဒီတခါတော့ ကိစ္စတုံးမှာပါပဲ"

ဘုရင် ငမိုက်သည် ထိုအတိုင်း စေခိုင်းပြန်လေ၏၊ ဘုရားလောင်းသည် အိမ်ပြန် စားသောက် အိပ်စက် စဉ်းစားရင်း နံနက်လင်းလာပြန်လေ၏။

"သိကြားမင်း ခမျာက ငါ့ကို သနားကြည်ညိုပီး အကူအညီ ပေးရှာတယ်၊ အခု နောက်ဆုံး အလုပ်ကိုတော့ သိကြားမင်းကြီး ပေးစွမ်းနိုင်မှာ မဟုတ်ဘူး၊ ဒီတော့ အသတ်ခံ သေရလိမ့်မယ်၊ သူများသတ်လို့ သေမှာထက် ကိုယ့်ဟာကို တောထဲသွားပီး လူမသိ သူမသိ သေတာက ကောင်းပါတယ်လေ"

ဤသို့ စိတ်ကူးကာ တောထဲထွက်လာပြီးနောက် သစ်ပင်ရင်း တခုတွင် လောကဓံတရား ရှစ်ပါး သူတော်ကောင်း တရားကို ဆင်ခြင်နေရှာလေ၏။

## သိကြားမင်းက အကြံပေးပုံ

ထိုအခါ သိကြားမင်းသည် တောမုဆိုးယောင်ဆောင်ကာ လာရောက် မေးမြန်း သိရှိကာ အောက်ပါအတိုင်း ပြောကြားလေ၏။

"ငါကား သိကြားမင်းဖြစ်သည်၊ သင်လိုအပ်သမျှ ဖန်ဆင်း ပြုလုပ်ပေးပြီးပြီ၊ သို့သော် အင်္ဂါလေးပါးနှင့် ပြည့်စုံသော

ဥယျာဉ်မှူးကိုမူ ဖန်ဆင်းမပေးနိုင်ပါ၊ မင်းကြီး၏ ဆေတ္တာသယ်သည် အင်္ဂါလေးပါးနှင့် ပြည့်စုံသည်၊ သူ့ကို ဥယျာဉ်မှူး လုပ်ခိုင်းပါ”

ဤသို့ မှာကြားပြီးနောက် နတ်ပြည် ပြန်သွားလေ၏၊ ဘုရားလောင်း အမတ်ချုပ်လည်း အိမ်ပြန်စားသောက်ပြီးနောက် နန်းတော်သို့သွားရာ နန်းတော် အဝင်ဝတွင် ဆတ္တပါဏိ ဆေတ္တာသယ်နှင့်တွေ့၍ အကျိုးအကြောင်း အစုံအလင် ပြောဆိုကာ မင်းထံပို့ဆက်လိုက်လေ၏။

**မှတ်ချက်။** **ကောသ**လောမနခေ ဆိန္ဒတီတိ ဆေတ္တာဟူသည်နှင့် အညီ ဆေတ္တာသည်ကိုရေးလေ၊ “ချွတ်ယွင်းစေတတ် မောသော ခတ်သို့ ဥပစ္ဆေဒ” ဟူသော အလင်္ကာဥ္စကဲ့သို့ ဖတ်လေ၊ ကောသ လောမနခေ၊ သံမှတ်ဆိတ် လက်သည်းတို့ကို။ ဆိန္ဒတိ၊ ဖြတ်တတ် (ပုပြင်တတ်) ၏။ ဣတိ၊ ထိုသကတ်ကြောင့်။ **ဆေတ္တာ**၊ ဆေတ္တာမည်၏။

(**ဆရာတော်** ဦးဗုဓ် ခုဒ္ဒသိက္ခာ**အ**ဋ္ဌကထာနိဿယ-ပကိဏ္ဏက ကဏ္ဍ-၃၈၆ ဂါထာ ၁၂၀၀ ပြည့်နှစ်။)

## အင်္ဂါလေးပါးပြည့်စုံပုံ

မင်းကြီးက မည်သို့ မည်ပုံ အင်္ဂါလေးပါး ပြည့်စုံပုံကို မေးမြန်းလေရာ ဆတ္တပါဏိက အောက်ပါအတိုင်း သံတော်ဦးတင်လေ၏။

၁။ ငြူစူခြင်းမရှိပါ၊
၂။ အရက်မသောက်ပါ၊

၃။ အချစ်မရှိပါ၊
၄။ အမျက်မထွက်ပါ။

ဤသို့ အင်္ဂါလေးပါးနှင့် ပြည့်စုံသူဖြစ်ကြောင်းကို အကျယ်တဝင့် လျှောက်တင်လေ၏၊

အမှတ် (၂) ပါ အရက်မသောက်ပါ အဓိဋ္ဌာန်မှုသည် ဆိုအပ်ခဲ့ပြီးသော အရက်သမားဖြစ်သူ သားကို သတ်စားသူ ဗာရာဏသီမင်းကြီးဘဝ အဋ္ဌုပ္ပတ်ကို ဇာတိဿရဉာဏ် (ဘဝတပါးကို သတိရအောက်မေ့နိုင်သော အသိ) ဖြင့် ပြောဆိုသော ဝတ္ထု ဖြစ်သည်။ ကျန် ၁၊ ၃၊ ၄ အမှတ်ပါ အဓိဋ္ဌာန်ဝတ္ထုတို့မှာ ဤအခဏ်းနှင့် မဆိုင်သော်လည်း တဆက်တည်းဖြစ်နေခြင်း, သိလိုသော သောတဇဉ်တို့ သိသင့်ခြင်း အကြောင်းနှစ်ချက်ကြောင့် ဖော်ပြရပေဦးမည်။

## ဗန္ဓနမောက္ခဇာတ် (ဇကနိပါတ်)

### မိဖုရားခေါင်ကြီး၏ အလိုဆန္ဒ

ပစ္စုပ္ပန် ဝတ္ထုမှာ မြတ်စွာဘုရား သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတိုက်၌ နေထိုင်တော်မူစဉ် စိဉ္စမာဏဝိကာ အမျိုးသမီး စွပ်စွဲချက်နှင့် စကားဖြစ်ပွား လာရာတွင် ဤအမျိုးသမီးသည် ယခုအခါသာ မဟုတ်မဟပ် လုပ်ဇာတ်ဖြင့် စွပ်စွဲသည် မဟုတ်သေး၊ ရှေးအခါကသည်း စွပ်စွဲခဲ့ဘူးကြောင်း အတိတ်ဆောင်၍ ဗန္ဓနမောက္ခဇာတ် (အနှောင်အဖွဲ့မှလွတ်သောဇာတ်) ကို ဟောကြားတော်မူလေ၏။

ဗာရာဏသီမြို့ ဗြဟ္မဒတ်မင်းကြီးသည် မိဖုရားခေါင်ကြီး အဂ္ဂမဟေသီ ဒေဝီကို အချစ်လွန်ကာ ချစ်ဆုပေးသည်၊ မိဖုရားက တခြားဘာမျှမလို၊ မိမိမှတပါး အခြားမိန်းမများကို တပ်မက်(ရာဂ)စိတ်ဖြင့် မကြည့်ရန် တောင်းဆို၏၊ မင်းကြီးက ငြင်းပယ်သော်လည်း ဇွတ်အတင်း မာယာပြု၍ တောင်းနေလေရာ မလွန်နိုင်တော့ပဲ ပေးရလေ၏၊ ထိုနေ့မှစ၍ တသောင်းခြောက်ထောင်မျှသော အဆိုတော် ကခြေသည် ပျိုကညာတို့ကို ကိလေသာစိတ်ဖြင့် မကြည့်ရတော့ပေ။

တနေ့သ၌ နိုင်ငံတော် အစွန်အဖျား၌ သူပုန်သူကန် ထကြွသောင်းကျန်း နေရာ မြို့စောင့်တပ်တို့ မနိုင်နင်းနိုင်ပဲ ရှိသဖြင့် ဘုရင်ကိုယ်တိုင် နိုင်ငံတော် စစ်တပ်နှင့် စစ်ချီရန်ကိစ္စပေါ်လာသည်၊ ဘုရင်က အကျိုးအကြောင်းပြောလျက်နှင့် မိဖုရားခေါင်ကြီးက လိုက်ပါရန် တကဲ-ကဲ လုပ်နေသည်၊ ဘုရင်ကလည်း တွင်တွင်ငြင်းပယ်နေသည်။

## တွေ့မရှောင် မိဖုရားကြီး

နောက်ဆုံး၌ တယူဇနာ ခရီးအကွာတွင် သူမအတွက် ချမ်းသာဆင်းရဲ သိနိုင်ရန် စေတမန်တော်တဦးကျစီ စေလွှတ်ပါဟု ဆိုသဖြင့် မင်းကြီးက သဘောတူလိုက်၏၊ တယူဇနာလျှင် စေတမန်တဦး မိဖုရားထံ စေလွှတ်လိုက်၏၊ မိဖုရားသည် လာသမျှ စေတမန် ယောကျ်ားတို့နှင့် တယောက်မလွှတ် ကာမဂုဏ် အကြောထသဖြင့် သဘောကျပျော်မြူးပြီး လွှတ်လိုက်လေ၏။

စစ်တံခွန်လွှင့်သော ခရီးမှာ ၃၂ ယူဇနာဖြစ်၏၊ တယူဇနာမှာ ယခုမြန်မာတိုင်နှင့် ခြောက်တိုင်၊ အင်္ဂလိပ်မိုင်နှင့် တဆယ့်

နှစ်မိုင် ပမာဏရှိ၏၊ မိဖုရားသည် အသွားခရီး သုံးဆယ့်နှစ်ယောက် အပြန်ခရီးသုံးဆယ့်နှစ်ယောက်၊ ယောကျ်ားပေါင်းခြောက်ဆယ့် လေးယောက်တို့နှင့် မကြောက်မရွက် တပ်မက်လွန်ကဲ သဲစွဲတဏှာ မာယာကြာစုံ ဖိမ့်ဖိမ့် တုန်အောင် အာရုံခံစား ကာမဂုဏ်အမှားကို မှားပြီးရင်းမှား ယားပြီးရင်းယား မှားလိုက်ယားလိုက် ယားလိုက် မှားလိုက်နှင့် အကြည်ဆိုက်နေလေ၏။

## ဘုရားလောင်း ပုရောဟိတ်အမတ် ဒုက္ခ

ဘုရင်သည် နိုင်ငံတော်စစ်တပ် (တပ်မတော်) ဖြင့် သူပုန်သူကန်များကို နှိမ်နင်းပြီးနောက် အောင်ပွဲခံကာ မြို့တော်သို့ ပြန်လာသည်၊ မြို့စောင့်ထားခဲ့သော ဘုရားရောင်းပုရောဟိတ် အမတ်ထံ စာချွန်တော်ပို့လိုက်သည်၊ မြို့စောင့်အမတ်သည် ဘုရင်မင်းမြတ်ကို ခမ်းနားစွာ ကြိုဆိုရန် မြို့တော်ကို သန့်ရှင်းသုတ်သင်ပြင်ဆင်သည်၊ နန်းတော်တွင်းရှိ ခမ်းမဆောင် များသို့ သွားလာလှည့်ပတ် ကြည့်ရှုစေခိုင်းသည်။

အဂ္ဂဒေဝီ မဟေသီ တဏှာမကြီးသည် ဘုရားလောင်းကို မြင်လိုက်သောအခါ မရပ်တည်နိုင် ဖြစ်နေသည်၊ ဘုရားလောင်းအမတ်၏ တင့်တယ်လှပ ခန့်ငြားသော ရုပ်ဆင်းသဏ္ဍာန်ကို စွဲမက်မိရှာသည်၊ ထို့ကြောင့် အခြားငနဲများနည်းတူ ခမ်းမဆောင်တိုက်ခန်း ကုတင်ပေါ်တက်ခိုင်းသည်၊ ဘုရားလောင်းက ငြင်းပယ်သည်။

"အရှင်မိဖုရား ဒီလိုမတော်တာတွေ မပြောပါနဲ့၊ ဘုရင်မင်းမြတ်ကိုလဲ လေးစားပါတယ်၊ အကုသိုလ်လဲ ကြောက်ပါတယ်၊ ကျွန်တော်မျိုးမလုပ်ဝံ့ပါ"

"အမယ်လေးတော် ကြီးကျယ်နေလိုက်တာ ဟင်း ဟိုစေတမန်တော် ခြောက်ဆယ့်လေးယောက်ကတော့ ဘုရင့်မင်းမြတ်ကို မလေးစားဘူးပေါ့၊ အကုသိုလ်လဲ မကြောက်ကြဘူးပေါ့-ဟုတ်လား မောင်တယောက်ထဲ ဘုရင်မင်းမြတ်ကို လေးစားတယ် အကုသိုလ်ကို ကြောက်တယ် ဒီလိုလား"

"မှန်ပါတယ် အရှင်မိဖုရား သူတို့လဲ ကျွန်တော်မျိုးလို အသိဉာဏ်ရှိရင် ကျွန်တော်မျိုး သိသလိုသိရင် အရှင် မိဖုရား အလိုလိုက်ကြမယ် မဟုတ်ပါဘူး၊ ကျွန်တော်မျိုးကတော့ အသိဉာဏ်ရှိတယ် သိတယ်၊ ဒီလိုအယုတ်မာမျိုး မပြုလုပ်ဝံ့ပါဘူး"

"အမယ်လေးနော် လာလာချီသေးတယ်၊ ဒီမယ် မောင်ဘာတွေညာတွေ ရှေ့မနေနဲ့ အလိုလိုက်မလား မလိုက်ဘူးလား ဒါပဲ လိုက်ရင်လိုက် မလိုက်ရင် ခေါင်းဖြတ် သတ်ခိုင်းမယ်"

"အရှင်မိဖုရား ဒီတဘဝ မပြောနဲ့ နောင်ဘဝ အရာအထောင် ခေါင်းဖြတ်သတ်ပေမဲ့ ကျွန်တော်မျိုး ဒီကာမေသုမိစ္ဆာစာရကံ၊ ပရဒါရကံကြီးကိုတော့ ဘယ်တော့မှ မလုပ်ဘူး မကျူးလွန်ဘူး"

"ကဲ...ကဲ ဒါဖြင့် သွားတော့ သိရမှာပေါ့လေ"

တဏှာဒေဝီ မိဖုရားကြီးသည် ဘုရားလောင်း အမတ်ကို အာဏာပြ ခြိမ်းခြောက် ပြန်လွှတ်လိုက်ပြီးနောက် တကိုယ်လုံး မြင်

ကောင်းရာတွင် လက်သဲနှင့်ကုတ်ခြစ်လျက် တကိုယ်လုံး ဆီဖြင့် လိမ်းကျံကာ အဝတ်နွမ်း အဝတ်ညစ် ဝတ်ဆင်ပြီး လူနာကြီး ယောင် ဆောင်လိုက်ပြီးနောက် အပျိုတော် လက်ပါးစေများကို ခေါ်ယူကာ "ဘုရင်မင်းမြတ် မေးမြန်းက မကျန်းမာကြောင်း ပြောရန်" မှာကြားကာ အိပ်ဆောင်ခမ်းမကြီးတွင် အိပ်နေလေ၏။

## မယားထိ ခေါးကြည့်

ဘုရားလောင်းအမတ်သည် ဘုရင်မင်းမြတ်ထံ သွားရောက်ကြိုဆိုကာ မြို့တော်ကို လက်ျာရစ်လှည့်၍ နန်းတော်သို့ ဝင်ကြလေ၏၊ မိဖုရားခေါင်ကြီးကို မမြင်ရ၍ မေးမြန်းရာ မကျန်းမာဟု သိရသဖြင့် မိဖုရား ခမ်းမဆောင် ဝင်ပြီး ကြေသပ်ရင်သပ် ဆဲ့ငါးကျပ်နှင့် ချော့မော့ယုယ မေးမြန်းလေ၏၊ မိဖုရားက တအင့်အင့် တဟင့်ဟင့်နှင့် ငြိမ်နေသည်၊ သုံးကြိမ်မြောက် မေးမြန်းသော အခါ ဘုရင်ကို မော့ကြည့်ပြီး....

"အရှင်မင်းကြီးလဲ နတ်ပြည် မစံသေးပါဘူးနော်၊ ကျွန်တော်မတို့လို အဂ္ဂဒေဝီ မဟေသီ မိဖုရားခေါင်ကြီးတွေလဲ ပိုင်ဆိုင်သူ သဿာမိကတွေ ဖြစ်ပါတယ်.... ဟင့်....အဟင့်"

"ဒီမယ် ရှင် မိဖုရား ဘာမှန်းလဲ မသိဘူးကွယ် အချစ်ရယ် ရှင်းရှင်း ပြောစမ်းပါ"

"မောင်တော်ဘုရားရဲ့ မြို့စောင့် အမတ်ကြီး ပေါ့တော်၊ မြို့စောင့်သလား မစောင့်လားတော့

မသိဘူး ကျမကိုတော့ စောင့်သွားပါတယ်၊ တကာ
တဲတော် ကျေးဇူးရှင် အသက်သခင် မင်းမိဖုရား
ဆိုတာတောင် မငဲ့ကွက်ဘူး သူ့အလို မလိုက်ဘူး
ဆိုတာနဲ့ အတင်း ဗလက္ကာရ (ဘလက်ကာယ
မဟုတ်) ပြုလုပ်သွားပါတယ်၊ ကဲ.... သိဂ္ဂလား
ရှင်ကြီးရဲ့ ဟင်း...."

ဘုရင် ငမိုက်သားသည် စဉ်းစားဉာဏ်မရှိ၊ မယားထိ ဓားကြည့် ဖြစ်သွားလေ၏၊ အိုးကင်းတွင် ထည့်လှော်ဆားကဲ့သို့ ဒေါသအိုး ပေါက်ကွဲကာ အာဏာသား ပါးကွက်သမားတို့ကို ဆင့်ဆို အမိန့်ထုတ်လေ၏။

"မောင်မင်းတို့ သွားကြ၊ မြို့စောင့်အမတ်ကို
လက်ပြန်ကြိုးတုပ်၊ သေဒဏ်ကျသူလိုလုပ်၊ အနောက်
တံခါးက သုသာန်ထုတ်ပြီး ခေါင်းဖြတ်သတ်စေ"

အာဏာသားတို့သည် လျင်စွာ သွားဖမ်းကာ မင်းမိန့်အတိုင်း ပြုလုပ်ကာ ဝဇ္ဈဘေရီ (လူသတ်စည်) ကို တီးခတ် လှည့်လည်ကြစေကုန်၏။

ဘုရားလောင်း မြို့စောင့်အမတ် ပုရောဟိတ်သည် မိဖုရားဆိုး အကြံမှန်း သိရသဖြင့် လူသတ်စည်သံ တညံညံဖြင့် မိမိထံ ရောက်လာကြသောအခါ အာဏာသားတို့ကို စကားဆိုလေ၏။

"အမောင်တို့ ငါ့ကို မသတ်ကြနဲ့အုံး၊ မင်းကြီး
ထံ ငါ့ကို ပြပြီးမှ သတ်ကြပါ၊ ငါက မင်းကြီးရဲ့

အတွင်းရေး အတွင်းဝန် အဖြစ်နဲ့ မင်းကြီးရဲ့ ရွှေအိုးများစွာ ငါသိမ်းထားတာ ရှိတယ်၊ ဒါတွေ ငါသေသွားရင် အကုန်ပျက်စီးကြလိမ့်မယ်၊ မင်းကြီးကို ဒါတွေ ပြောပြပြီးတဲ့အခါ လုပ်သင့်ရာ လုပ်ကြတာပေါ့”

မင်းကြီးထံ ရောက်သောအခါ မင်းကြီးက စကားဆိုသည်။

“မောင်မင်းဟာ ငါ့ကိုတောင်မှ မရှက်ဘူး၊ ဘာဖြစ်လို့ ဒီလို ယုတ်ယုတ်မာမာ ပြုလုပ်ရသလဲ”

“အရှင်မင်းကြီး အရှင်မင်းကြီး ရွှေနား ဆင်တော်မူပါ၊ ကျွန်တော်မျိုး သောဏ္ဍိယ (စင်ကြယ်သော) အမျိုးမှာ လူဖြစ်လာပါတယ်”

၁။ ပါဏာတိပါတ ဆိုရင် ပိုးရွ ခြပုန်းတောင် မသတ်ဘူးပါ။

၂။ အဒိန္နာဒါန ဆိုရင်လဲ မြက်ဝါးခြမ်းစိပ်တောင် မခိုးယူဘူးပါ။

၃။ ကာမေသုမိစ္ဆာစာရ ဆိုရင် တဏှာရာဂ ကိလေသာစိတ်နဲ့ သူတပါး မယား မကြည့်ရှုဘူးပါ။

၄။ မုသာဝါဒဆိုရင် ရယ်စရာ အဖြစ်တောင် မပြောဘူးပါ။

၅။ သုရာမေရယ ဆိုရင်လဲ သမန်းမြက်ဖျား လောက်တောင် သေရည် သေရက် မသောက်ဘူးပါ။

"အရှင်မင်းကြီး ကျွန်တော်မျိုးသည်အရှင်မင်းကြီး တို့ကိုမပြစ်မှားပါ၊ ယိုမိန်းမမိုက်ကြီးသာ ကျွန်တော် မျိုးလက်ကို ဆွဲကိုင်ဖြားယောင်း တိုက်တွန်းပါ တယ်၊ ကျွန်တော်မျိုးဇွတ်ငြင်းပယ်တော့ ကျွန်တော် မျိုးကိုခြိမ်းခြောက်ပါတယ်၊ ကျွန်တော်မျိုးမှာ တစုံ တရာမျှ အပြစ်မရှိပါ၊ တမန်တော် (ခြေမြန်တော်) ယောကျ်ား ခြောက်ဆယ့်လေးယောက်တို့ အပြစ် ရှိကြပါတယ်၊ ခေါ်ယူ မေးမြန်းတော်မူပါ"

ခြေမြန်တော်တို့တို မေးစစ်သောအခါ အသီးအသီး ဝန်ခံ ကြလေ၏၊ ၎င်းတို့ကို ချက်ခြင်း လက်ပြန်ကြိုးတုပ်နှောင် ခိုင်း လေ၏၊ ထို့နောက် တဏှာဒေဝီ မိဖုရားကိုမေးရာ အဲမှန်အတိုင်း ဝန်ခံသဖြင့် ၎င်းကိုလည်း လက်ပြန်ကြိုး တုပ်နှောင်စေပြီး နောက် ခြေမြန်တော် ခြောက်ဆယ့်လေးယောက်တို့ကို ခေါင်း ဖြတ်သတ်ရန် အမိန့်ပေးလေ၏။

ထိုအခါ ဘုရားလောင်း မြို့စောင့်အမတ် ပုရောဟိတ်က လျှောက်တင်လေသည်။

"အရှင်မင်းကြီး တမန်တော် ခြောက်ဆယ့် လေးယောက်တို့မှာ အပြစ်မရှိပါ၊ မိဖုရားအလို လိုက်ရခြင်းသာ ဖြစ်ပါတယ်၊ ဒါကြောင့်မို့လို့ သူတို့မှာ အပြစ်မရှိပါ၊ အရှင်မင်းကြီး သည်းခံ ခွင့်ပြုတော်မူပါ၊ ထိုမိဖုရားမှာလဲ အပြစ်ရှိမပါ

မိန်းမမှန်သမျှ မေထုန်အကျင့်၌ ရောင့်ရဲမှု မရှိခြင်း
မှာ ဓမ္မတာ တရားသဘောအတိုင်း ဖြစ်ပါတယ်၊
ထိုမိန်းမတို့ကို သည်းခံခွင့်ပြုတော်မူပါ”

ဤသို့ ဘုရင်မင်းမြတ် နားလည် ကျေနပ်အောင် ရှင်းပြပြီး အနှောင်အဖွဲ့မှ ကျွတ်လွတ်စေပြီးနောက် မိမိတို့နေရာသို့ ပကတိ အတိုင်း နေနိုင်ရန် ပြန်ပို့စေလေ၏။

ထို့နောက် ပုရောဟိတ်အမတ်သည် ဘုရင်မင်းမြတ်ထံ ဤသို့ တင်လျှောက်လေ၏။

“အရှင်မင်းကြီး လောကမှာ လူမိုက်တွေဟာ
မနှောင်ဖွဲ့သင့်သူကို နှောင်ဖွဲ့စေကြတယ်၊ ပညာရှိတွေ
ကတော့ နှောင်ဖွဲ့ပြီးသား လူတွေကိုတောင် အ
ကြောင်း ယုတ္တိပြပြီး လွတ်မြောက်အောင် ပြုလုပ်
စေကြတယ်”

ဤသို့ တရားဟောကြားပြီးနောက် သံဝေဂဉာဏ် ထပ်မံ ဖြစ်ပွားကာ “ငါသည် လူ့ဘောင်မှာ နေထိုင်လို့ ဒီလိုဆင်းရဲ မျိုး တွေ့ရတာ၊ ရသေ့ ရဟန်းဘောင်မှာ နေရင် ဒီလို ဒုက္ခ မျိုး တွေ့ရမှာ မဟုတ်ဘူး’’ တွေးကြံမြော်မြင်ပြီး ရဟန်းရသေ့ ပြုလုပ်ခွင့် တောင်းဆိုလေ၏။

ဘုရင်မင်းမြတ်နှင့် ဆွေမျိုး, ပစ္စည်း ဥစ္စာများကို စွန့်လွှတ် ပြီးနောက် ရသေ့ ရဟန်း ပြုလုပ်လျက် ဟိမဝန္တာတောသို့ တောထွက်သွားကာ ဈာန်, အဘိညာ, သမာပတ် တရားတို့ကို

ရရှိအောင် ကြိုးစားပြီးလျှင် ကွယ်လွန်သောအခါ ဗြဟ္မာ့ပြည်သို့ ရောက်ရှိသွားလေ၏။

ဇာတကအဋ္ဌကထာ (ပ)
ဓမ္မဓဇဇာတ် (ဒုကနိပါတ်)
ကေနိပါတ၊ ဗန္ဓန မောက္ခဇာတက၊'

**မှတ်ချက်**။ ကေနိပါတ် ဗန္ဓနမောက္ခဇာတ်ပေါင်းချုပ်နှင့် ဒုကနိပါတ် ဓမ္မဓဇဇာတ် ဇာတ်ပေါင်း အချင်းချင်း ရှေ့နောက် မညီမညွတ် ဖြစ်နေသည်၊ ဓမ္မဓဇဇာတ်လာ ဇာတ်ကောင် ဆတ္တပါဏိသည် မိမိ၏ ရှေးဖြစ်ဟောင်း (အဓိဋ္ဌာန်) တို့ကိုပြန်ပြောင်း ပြောဆိုရာတွင် ဝတ္ထုလေးပုဒ် ပါဝင်၏၊ အဓိဋ္ဌာန်တရားအမှုလေးချက်ဖြစ်၍ လေးဝတ္ထု ဖြစ်သည်။

အမှတ် (ခ) အရက်မသောက်ပါ ဝတ္ထုသည် ဒုကနိပါတ် ဓမ္မဓဇဇာတ်တွင် ပါဝင်၏၊ အမှတ် (က) ငြူစူခြင်း မရှိပါ ဝတ္ထုသည် ဆိုအပ်ခဲ့ပြီးသော ကေနိပါတ် ဗန္ဓနမောက္ခဇာတ်ပင် ဖြစ်၏။

ဓမ္မဓဇ ဇာတ်ပေါင်းချုပ်၌ ကာဠက စစ်သူကြီးသည် ဒေဝဒတ်၊ ဆတ္တပါဏိ သေတ္တာသယ်သည် သာရိပုတ္တာ၊ သိကြားမင်းသည် အနုရုဒ္ဓါ၊ ဓမ္မဓဇ အမတ်သည် မြတ်စွာဘုရားဟု ပေါင်းထား၏။ (မှန်၏)

ကေနိပါတ် ဗန္ဓနမောက္ခ ဇာတ်ပေါင်းချုပ်၌ ဒုဋ္ဌဒေဝီ (မိဖုရားဆိုး) သည် စိဉ္စမာဏဝိကာ၊ မင်းသည် အာနန္ဒာ၊ပုရော

ဟိတ် အမတ် (အမည်မပါ) သည် မြတ်စွာဘုရားဟု ပေါင်း ထားသည်။ (မမှန်)

ဇာတ်ပေါင်းရာ၌ ယသပါဏိမင်း မပါ၊ မြေကြီးပေါ်၌ မြင်ရသူတို့ကိုသာ ဇာတ်ပေါင်းလေ့ရှိရာ ယသပါဏိဘုရင်ရှိပုံ မရချေ၊ အကယ်၍ ရှိသင့်လျှင် (ရာဇာ အာနန္ဒော) မင်းသည် အာနန္ဒာ ဖြစ်သင့်၏။

ဇာတ်ပေါင်းသောအခါ တဒါ (ထိုအခါ) ဟု စချီလေ့ရှိသည်၊ ဓမ္မဓဇဇာတ်၌ တဒါကို ကာဋ္ဌကသေနာပတိမှ စချီခြင်းကြောင့် မြေကြီးပေါ်၌ ယသပါဏိဘုရင် မရှိခြင်း ထင်ရှား၏၊ ဗန္ဓနမောက္ခဇာတ်ကိုသာ ပြင်ရန်လို၏။

အမည်မပါသော်လည်း ဒုကနိပါတ် ဓမ္မဓဇ ဇာတ်အရ ပုရောဟိတ် အမတ် (ဓမ္မဓဇ) ပင် ဖြစ်၏။

ဓမ္မဓဇဇာတ်၌ ဆေတ္တာသယ်သည် သာရိပုတ္တာဖြစ်ရာ ဗန္ဓနမောက္ခဇာတ်လာ မင်းသည် သာရိပုတ္တာ ဖြစ်သင့်၏။ ပုံနှိပ်စာ အုပ်၌ကား မဖြစ်၊ မင်းသည် အာနန္ဒာ ဖြစ်နေ၏။ မဖြစ်သင့်၊ သာရိပုတ္တာသာ ဖြစ်သင့်သည်။

အရှင်အာနန္ဒာ မထေရ်မြတ်သည် ဇာတ်တော်တို့၌ အများအားဖြင့် မင်း(ရာဇာ အာနန္ဒော) ဟု ဇာတ်ပေါင်းခံရလေ့ရှိသည်၊ ဘာဏကဆောင် မထေရ်မြတ်တို့ ယောင်မှားနှုတ်တက်လာဟန်တူသည်၊ ထို့ကြောင့် ဗန္ဓနမောက္ခဇာတ်၌ ရာဇာ အာနန္ဒာကို ရာဇာ သာရိပုတ္တောဟု ပြင်ဆင်၏။

ဤဇာတ်လာ ဘုရင်မင်းမြတ်သည် အပြစ်မရှိသူကို ပြစ်မှားမိသည်၊ မိန်းမကို အကြောင်းပြု (အမှီပြု) ၍ မှားယွင်းရခြင်းဖြစ်ရာ တရားကိုယ်မှာ ဣဿာ (ငြူစူခြင်း) ပင် ဖြစ်၏၊ ကိုဣဿာတရား ဘယ်တော့မှ မဖြစ်ပါစေနဲ့၊ ဣဿာအမှု မပြုလုပ်ရပါလို ဟူ၍ ဆုတောင်း အဓိဋ္ဌာန် ပြုလုပ်ခြင်း ဖြစ်၏။

အမှတ် (ခ) ၌ အရက်မသောက်ပါ အဓိဋ္ဌာန်နှင့် အမှတ် (က) ငြူစူခြင်း မရှိပါ အဓိဋ္ဌာန်ဝတ္ထု ပြဆိုပြီးနောက် အမှတ် (ဂ) အချစ်မရှိပါ အဓိဋ္ဌာန်ဝတ္ထု ပြဆိုရပေမည်။

အမှတ်(ဂ) အချစ်မရှိပါ အဓိဋ္ဌာန်ဝတ္ထုသည် ဤဒုက- ဓမ္မဓဇဇာတ်၌ပင် ပါရှိ၏၊အမှတ်(ခ) အရက်မသောက်ပါအဓိဋ္ဌာန်ဝတ္ထုကဲ့သို့ ဖြစ်၏၊ သီးခြား မရှိပေ၊ ဓမ္မဓဇဇာတ် အစိတ်အပိုင်းတို့ ဖြစ်သည်။

## အမှတ်(ဂ) ချစ်ဒုက္ခဘုရင်ဝတ္ထု

ဗာရာဏသီမြို့ ကိတဝါသမင်းကြီး၌ သားတယောက် ဖွားမြင်သည်၊ လက္ခဏာဆရာတို့က ''ဒီမင်းသားလေး ရေတော် သေလိမ့်မယ်'' ဟောဆိုကြကုန်၏၊ အမည်မှာ ဒုဋ္ဌကုမာရ ဖြစ်သည်၊ နာမည်မှာ ခပ်ဆိုးဆိုး ဖြစ်နေသည်၊ အဓိပ္ပါယ်မှာ ကြမ်းထန်းခက်ထန်သော မင်းသား ဖြစ်နေရှာ၏၊ မင်းကြီးက ချစ်မြတ်နိုး၍ သွားလေရာခေါ် သွားလေ့ရှိ၏၊ ရေတော်သေလိမ့်မည် ဟောဆိုချက်ကြောင့် မြို့တော် တံခါးလေးဘက် မြို့တွင်း နေရာရှိသမျှ ရေကန်, ရေတွင်း တူးဖော်ထားလေ၏၊ လမ်းမကြီး လေးခွဆုံ

သုံးခွဆုံ နေရာ စသည်တို့၌ မဏ္ဍပ်ထိုးကာ ရာဝင်အိုးကြီးတို့ဖြင့် သောက်ရည်အပြည့် တည်ထားလေ၏။

## မင်းသား ဒေါသ

အရှယ်ရောက်သောအခါ အိမ်ရှေ့မင်းအရာ ပေးထားသည်၊ တနေ့သ၌ အိမ်ရှေ့မင်းသည် အခြံအရံများနှင့်တကွ နံနက်အချိန် ဥယျာဉ်တော်ကြွချီလေရာ လမ်းတွင် ပစ္စေကဗုဒ္ဓ အရှင်မြတ် တပါးကို ဖူးမြင်တွေ့ဆုံကြရလေ၏၊ လူအပေါင်းတို့သည် အရှင် မြတ်ကို ချီးမွမ်းစကား ပြောဆိုရှိခိုးကြကုန်၏၊ လက်အုပ်ချီကာ ကောင်းချီးပေးကြကုန်၏။

မင်းသားသည် မခံမရပ်နိုင် ဖြစ်လာသည်၊ ''ငါလိုအိမ်ရှေ့ မင်းကြီးနဲ့ ပါလာတဲ့လူတွေက ဒီကတုံးကို လက်အုပ်ချီမိုး ရှိခိုး ချီးမွမ်းနေလိုက်ကြတာ အံ့စရာပဲ'' တွေးကာ ဆင်ပေါ်မှ ခုန် ဆင်းပြီး ပစ္စေကဗုဒ္ဓါ အရှင်မြတ်ထံ ချဉ်းကပ်ပြီး ''ရဟန်း ဆွမ်း ရရဲ့လား'' မေး၏၊ ''ရတယ်'' ဟု ပစ္စေကဗုဒ္ဓ အရှင်မြတ် ဖြေ ဆိုသောအခါ သပိတ်လုယူပြီး မြေကြီးပေါ် ပစ်ချကာ ခြေ ထောက်နှင့် နင်းချေပစ်လိုက်လေ၏။

ပစ္စေကဗုဒ္ဓ အရှင်မြတ်သည် ''ဒီသတ္တဝါလေး ပျက်စီး ရ တော့မှာပါတကား''ဟု သနားကြင်နာ စိတ်နှင့် ကြည့်လေရာ မင်းသားက''ဒီမယ် ရဟန်း ကိတဝါသမင်းကြီးရဲ့ သားတော် ဆိုတာ ငါပဲ၊ ဒုဋ္ဌကုမာရခေါ်တယ် မှတ်ထား၊ သင်က ငါ့ကို စိတ်ဆိုးပြီး မျက်လုံးလှန်ကြည့်လဲ ငါဂရုမစိုက်ဘူး''ဟု.... အော် ဟစ်ပြောဆိုလေ၏။

## ရေပျောက်ကွယ်ကုန်ခြင်း

ပစ္စေကဗုဒ္ဓ အရှင်မြတ်သည် ထိုနေ့ ဆွမ်းစားတော်ကာ ကောင်းကင်ခရီး ဈာန်အဘိညာဖြင့် မိမိနေရာဌာန ဟိမဝန္တာတောဂန္ဓမာဒနတောင်သို့ ပြန်ကြွသွားလေ၏။

အရှင်မြတ် ပြန်ကြွသွားပြီးသော အခါတွင် အိမ်ရှေ့မင်းသားသည် "ပူတယ်ပူတယ်" အော်ဟစ်ငြီးငြူကာ ထိုနေရာတွင်ပင် လဲကျသွားရှာလေ၏၊ ယခင် သိုလှောင်ထားခဲ့သမျှ ရေအားလုံး ခန်းခြောက်ကုန်ရုံမျှမက အနီးအနား ရေအိုင်, ချောင်း, မြောင်း ရေ ဟူသမျှ ခန်းခြောက်သွားလေ၏၊ ရေမရှိတော့ချေ၊ မင်းသားသည် ပူလောင်အော်ဟစ် ငြီးတွားရင်း ကွယ်လွန် သွားရှာလေရာ၊ အဝီစိငရဲကြီးသို့ ကျရောက်သွားလေ၏။

## မင်းကြီး၏အဓိဋ္ဌာန်

ဘုရင်မင်းမြတ် ကြားသိရသောအခါ သားချစ်အတွက် လွန်စွာ စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းမိရှာလေ၏၊ (ဒီလို ဒုက္ခဟာ အမှန်အစစ်တော့ အချစ်ဝတ္ထုကြောင့် ဖြစ်ရတာ၊ တကယ်လို့ ချစ်စရာဝတ္ထု (အချစ်)မရှိရင် ဒီလိုစိုးရိမ်ပူဆွေး ငိုကြွေးမှု ဒုက္ခလဲ ဖြစ်မှာ မဟုတ်တော့ဘူး၊ ဒီနေ့မှစပြီး သက်ရှိသက်မဲ့ အရာဝတ္ထုအားလုံး တစုံတခုအတွက် ငါ့အား ချစ်ခြင်း(အချစ်)သည် မဖြစ်ပေါ်ပါစေနဲ့၊ မဖြစ်ပေါ်ပါစေ သတည်း) ဟူ၍ ဆုတောင်း ဓိဋ္ဌာန် ပြုလုပ်လေ၏၊ ထိုအခါမှစ၍ အချစ်သဘောတရားမဖြစ်ပေါ်လာတော့ချေ။

ဇာတကအဋ္ဌကထာ(ဒု)
ဒုကနိပါတ၊ ဓမ္မဒ္ဓဇဇာတက။

## အမှတ်(ဃ) အရက ရသေ့ကြီးဝတ္ထု

ဤ အရက (ဗမာသံ အယက မဆိုနှင့်၊ ပါဠိသံ လျှာလိမ် အရက တဆက်ထည်းဆို) ဇာတ်သည် အင်္ဂုတ္တရပါဠိတော် သတ္တနိပါတ် အရက သုတ်နှင့် ဇာတက ပါဠိတော် ဒုကနိပါတ် အရက ဇာတ်တွင် သင်္ဂါယနာတင်ထား (ပါဝင်)၏။

ယခုဘဝတွင် ဤဆတ္တပါဏိ ဆေတ္တာသယ် အရှင်သာရိပုတ္တ မထေရ်မြတ် လောင်းလျာသည် ရသေ့ရဟန်းဘဝနှင့် ခုနစ်နှစ် ကြာမျှ မေတ္တာစိတ် ပွားများခဲ့ဘူးသည်၊ ထိုကုသိုလ် အဟုန် ကြောင့် သံဝဋ္ဋကပ်, ဝိဝဋ္ဋကပ် ခုနစ်ကမ္ဘာစီ ဗြဟ္မာ့ဘုံမှာ ဖြစ်ရသည်၊ (သံဝဋ္ဋကပ်=ပျက်ဆဲကမ္ဘာ၊ ဝိဝဋ္ဋကပ်=တည်ဆဲကမ္ဘာ) ထိုမေတ္တာဘာဝနာ အထုံအဆက် အလေ့အကျက်ပါရမီကြောင့် အမျက်မထွက် ဖြစ်သည်။

## စစ်သူကြီး ကာဠကကို ဝိုင်းသတ်ကြခြင်း

ဤသို့ ဆတ္တပါဏိက မိမိ၏ဖြစ်ကြောင်းကုန်စင် အင်္ဂါလေးပါးကို ရှင်းလင်းပြောဆိုပြီးသောအခါ ယသပါဏိ ဘုရင်မင်းမြတ်က ပရိသတ်အပေါင်းကို အမှတ်သညာ ပေးလိုက်သည်၊ ထိုခဏ၌ မင်း မှူးမတ် ပရိသတ်နှင့် လူထုကြီးက ထ၍ဆဲကာ အပြင်ထုတ်ကြသည်၊ ''တံစိုးစား,သူခိုး ခားမြ နင်လိုကောင်က လာဘ်မစားရတာနဲ့ ပညာရှိ ပုရောဟိတ်ကို မဟုတ်မဟပ် စွပ်စွဲပြီး သတ်ဖို့ လုပ်ရသလား''.... အော်ဟစ်ကြွေးကြော်ကြပြီး ဒုတ်, ခဲ,အုတ်ခဲတို့ဖြင့် ဦးခေါင်းကွဲအောင် ရိုက်နှက်သတ်ဖြတ်ကာ အမှိုက်ပုံပေါ် ပစ်တင်လိုက်ကြလေကုန်၏။

ထိုနေ့မှစ၍ ယသပါတို ဘုရင်မင်းမြတ်သည် တရားနှင့်အညီ ကျင့်သုံး၍ အုပ်ချုပ်လေ၏။

ဇာတက အဋ္ဌကထာ(ဒု)
ဒုကနိပါတ၊ ဓမ္မဓဇဇာတက

**အမှာ။** ။အင်္ဂုတ္တရပါဠိတော် သတ္တကနိပါတ် အရကသုတ်ကိုမူ မဖော်ပြတော့၊ လူတို့အား မမေ့မလျော့ ကုသိုလ်ပြုလုပ်အားထုတ် ကြိုးစားကြရန် အရက ရသေ့ကြီး တရားဟောကြားခြင်းများ ပါဝင်သည်၊ ထို အရက ဆရာရသေ့ကြီး ခေတ်မှာ သက်တန်းခြောက်သောင်း ဖြစ်၏၊ သို့ပါလျက် ဒို့လူတွေ အသက်တိုတောင်းသည်၊ ကုသိုလ်လုပ်ကြ၊ မြတ်သောအကျင့် ကျင့်သုံးကြ စသည်ဖြင့် ဥပမာများစွာ ထုတ်ဖော်ဟောကြားသည်၊ အမျိုးသမီးတို့သည် အသက်ငါးရာပြည့်မှ အိမ်ထောင် (လင်ယူ) ကြသည်၊ ဤမှတ်ချက် ထူးခြား၏၊ အလွန်မှတ်သားဖွယ် ဖြစ်၍ လေ့လာ သင့်ကြသည်၊ ပါဠိမကြည့်နိုင်က မြန်မာပြန်ကို ကြည့်ကြလေ။

ဤနေရာမှစ၍ အခဏ်း (၂)၏ အရက်အပြစ်ဝတ္ထု **အမှတ်** (၆) အဖြစ် နာမည်ကျော် တပင်ရွှေထီး မင်းတရား **အရက်**သမားအကြောင်း ဖော်ပြရပေမည်။

## (၆) တပင်ရွှေထီးမင်းတရားကြီးဝတ္ထု

တောင်ငူမင်းဆက်တွင် သတ္တိဗျတ္တိနှင့်တကွ ဘုန်းတန်ခိုးကြီးသော တပင်ရွှေထီး မင်းတရား (၈၈၂-၉၁၂) (၁၅၃၀-

၁၅၅၀)မှာ လူသိများ၍ ထင်ရှားကျော်ကြားလှသည်၊ရာဇဝင်ကျန်းဂန်ကြီးငယ်များနှင့်တကွ ဒုတိယနတ်ရှင်နောင် ခေါ်ထိုက်သော လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ တပင်ရွှေထီး ဝတ္ထုတော်ကြီးလည်း ရှိနေသည်၊ ငါတို့ ဖော်ပြလိုခြင်း၏ အကြောင်းရင်းမှာ အရက်အကြောင်းဖြစ်သည်၊ဤအကြောင်းကို ဖော်ပြလိုခြင်း မရှိပေ၊ ရင်နှင့်ဝမ်းနည်းဖွယ် စိတ်မသက်သာစရာ ဖြစ်ရသည်၊ ထို့ကြောင့် မေ့ပစ်လို့ရက မေ့ပစ်လိုက်ချင်မိသည်။

(၁၅) နှစ်သားတွင် ခမည်းတော် အရိုက်အရာ ရွှေထီးရွှေနန်း ရ၍ ဘုန်းတန်ခိုး ကြီးမားလှသည်၊ရှင်ရဲထွတ် (ဘုရင့်နောင်ကျော်ထင်နော်ရထာ)၏ အကူအညီဖြင့် လျှမ်းလျှမ်းတောက်ဖြစ်နေရသည်။

နှစ်မတော် သခင်ကြီးနှင့် ရှင်ရဲထွတ်ကို ထိမ်းမြား ပေးပြီး ရှင်ရဲထွတ်နှစ်မ ခင်ဘုန်းကို မိဖုရားမြှောက်ထားသည်၊ရှင်ရဲထွတ်မှာ အထိန်းတော် မင်းကြီးဆွေ၏ သားဖြစ်၍ ကလေး ဘဝကပင် ရင်းနှီးခင်မင် ချစ်ကြွမ်း ဝင်ကြသည်၊ ရှင်ရဲထွတ်ကား အရာရာ အားကိုးယုံကြည်ရသော စစ်သူကြီး (တကယ့်လူ) ဖြစ်သည်။

တပင်ရွှေထီးနှင့် ဘုရင့်နောင် ကျော်ထင် နော်ရထာတို့သည် တောင်ငူ ရွှေနန်းမှနေ၍ ပြိုင်ဘက်မင်းတို့ကို တိုက်တိုင်း အောင်စစ်တံခွန် လွှင့်ချီပြီးနောက် ဟံသာဝတီမြို့တော်ကြီးတွင် ပြောင်း ရွှေ ထီးနန်းစိုက် စိုးစံသည်။

တပင်ရွှေထီး မင်းတရားသည်

၁။ မွန်, မြန်မာ ချစ်ကြည်ရေးအတွက် အမျိုးမျိုး ဆောင်ရွက်ခြင်း။

၂။ ရေတပ်,ကြည်းတပ် အစုံအလင်ဖြင့် ခမ်းနား ကြီးကျယ်စွာ ရွှေတိဂုံစေတီတော်ကြီး ရွှေထီးတင်ပွဲ (ဘုရားပွဲ) ကျင်းပပူဇော်ခြင်း။

၃။ မြန်မာ ရဟန်းသံဃာတော် မွန်ရဟန်းသံဃာတော်တို့ အစည်းအဝေးကြီး (၇)ရက် ကျင်းပစေလျက် ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းတော်မူခြင်း။

၄။ ထိုအစည်းအဝေးကြီးက (ရဟန်းတို့၏ ကျင့်ဝတ် ဖြစ်သော ဝိနည်းငယ်လေးစောင်ကို ရဟန်းဖြစ်သည်မှစ၍ အမြဲ နှုတ်တက်ဆောင်ထား လေ့လာရန်) ဆုံးဖြတ်တော်မူခြင်း–

စသော ဘာသာ, သာသနာရေး နိုင်ငံရေးတို့ကို အားသွန်ဆောင်ရွက်သည်။

## ကုလားပျို့တပ် ဖွဲ့စည်းခြင်း

တပင်ရွှေထီးသည် (၉၀၁) ခုနှစ်တွင် ဟံသာဝတီမြို့တော်ကို ချွှထွင် တည်ထောင်သည်၊ မုတ္တမမင်း စောဗညား. မကျိုးမနွံ မှုကြောင့် (၉၀၂)ခုနှစ်တွင် မုတ္တမကို စစ်ဆင် တိုက်ခိုက်အောင်မြင်သည်၊ ပေါ်တူကီသင်္ဘောကြီး ပျက်စီးရာမှ သုံ့ပန်းအများ ရရှိသည်၊ နောင်အခါ ပေါ်တူကီတို့သည် မြန်မာစစ်တပ်တွင် ပါဝင် အမှုထမ်းကြသည်၊ ထိုအခါမှစ၍ မြန်မာနိုင်ငံတွင် ကုလားပျို့တပ် ဖြစ်ပေါ်လာရာ မန္တလေးခေတ် အထိ ဖြစ်သည်။

## တပင်ရွှေထီး နတ်ရှာခံခြင်း

တပင်ရွှေထီးနှင့် ပေါ်တူကီလူမျိုးတဦးနှင့် ရင်းနှီး ချစ်ကြွမ်းဝင်ရာထိုကုလားတိုက်တွန်းချက်အရ သဗျစ်ရည်အရက် သောက်လာသည်၊ရက်ကြာလကြာသော် စွဲလမ်းလာကာအရက်သမားဘုရင်ဖြစ်လာသည်၊ဘုရင်မှာ နေ့ရှိသမျှ အရက်မူးပျော်ပါးနေ၍ နန်းတွင်းရေး နိုင်ငံရေးတို့ကို ဘုရင့်နောင်က ကြီးမှူး ကွပ်ကဲ နေရသည်။

## တကာယ့်လူ

ဘုရင်မှာ မူးယစ်နေ၍ တိုင်းနိုင်ငံကြီး ဖရိုဖရဲ ဖြစ်မည်စိုးရိမ်သော မှူးမတ်အပေါင်းတို့က ဘုရင့်နောင်ကို မင်းလုပ်အုပ်ချုပ်ရန် အကြိမ်ကြိမ်တိုက်တွန်းကြ တောင်းပန်ကြသည်၊ ဘုရင့်နောင်ကလည်း အမြဲတန်း ငြင်းပယ်ပစ်သည်၊ (အစ်ကိုတို့ ဒီစကားနောက်မပြောကြပါနဲ့တော့) ဟု ပြင်းထန်စွာ တားမြစ် ပိတ်ပင်လိုက်သည်။

မြန်မာလူမျိုးတို့ စိုးမိုးခြင်းကို မခံလိုသော မွန်တလိုင်းတို့ကလည်း အခါအခွင့် ကြည့်ချောင်း နေကြသည်၊ ဗညားရံမင်း အိမ်နိမ့်စံစဉ် မွေးဖွားသော သားတော် ရဟန်းတပါးသည် လူထွက်ကာ (သမိန်စောရာမ) ဘွဲ့အမည် ခံယူပြီး သံလျင်အရပ်မကော်အရပ်တို့မှ ပုန်ကန်ထကြွနေသည်။

ဘုရင့်နောင်သည် သံလျင်သို့ စစ်ထွက်ရမည်၊ ညီတော်ဘုရင်အရက်သမားကိုလည်း စိတ်မချချေ၊ နန်းတော်အပြင်သို့ ဘာ

အကြောင်းနှင့်မှ မထွက်ရန် အကြိမ်ကြိမ် ကြပ်တည်းစွာမှာကြား ပြီး သံလျင်သို့ စစ်တံခွန်လွှင့် ချီတက်သွားသည်။

## ဆင်ဖြူတော်ရယူလိုခြင်း

တပင်ရွှေထီး မင်းတရားသည်လည်း ထုံးစံအတိုင်း ယစ်မူးမြဲ ယစ်မူးနေသည်၊ ထိုအခါ လျှို့ဝှက်ကြံစည်နေသော စစ်တောင်း စားသမိန်စောထွက်သည် ဘုရင့်ထံပါးကပ်ကာ အယုံသွင်း၍အမှု ထမ်းနေသူ ညီတော် လက်ဝဲမားမှူး လကျ်ာမားမှူးတို့နှင့် တိုင် ပင်လျက် (အရှေ့ဘက် ကသာအရပ်တွင် ဆင်ဖြူတော် ပေါ် ပေါက်နေပါသည်၊ ကိုယ်တော်တိုင် ကြွပြီး ဖမ်းယူတော်မူ ပါရန် တလိုင်းအမတ် ညီနောင်တို့၏ လျှောက်တင်ချက်ကို နား ဝင်ယုံကြည်ပြီး ဆင်ဖြူတော် အဖမ်းထွက်ချီသည်။

စစ်တောင်းအရပ်၌ ညအချိန် စက်တော်ခေါ်ရာတွင် လက်ဝဲ မားမှူး၏ လုပ်ကြံချက်ဖြင့် နတ်ရွာ စံတော်မူရှာလေ၏။

တပင်ရွှေထီး မင်းတရားသည် နန်းသက် (၂၀)သက်တော် (၃၅)နှစ် ပျိုရွယ်သန်မာ လန်းဆန်းချိန်တွင် အရက်ကြောင့် နတ်ရွာစံရရှာသည်၊ သတိ, သမ္ပဇဉ်, သမာဓိ ဟူ၍ ဘာမျှမရှိ တော့ချေ။

"နောင်တော်ပဲ ကြည့်ရှုလုပ်ကိုင် စီမံပါတော့ ညီတော် ကို မပြောပါနဲ့တော့၊ ညီတော်စိတ်ပျော်သလို နေထိုင်ပါစေ တော့" စသော စကားတို့ကား ဝမ်းနည်းကြေကွဲဖွယ်ရာ(အရက် စကား)တို့သာ ဖြစ်လေသည်။

## လူယုံသတ်က သေတတ်စွ

အတွင်းလူမျိုး ဥစ္စာခိုးက ခါးကြိုးလည်ဆွဲ နှုတ်ထဲငုံကာ ထားတုံပါလည်း လုံရာမမြင် ပမာသွင်သို့ အကြင်ရင်းသူ အတွင်းလူတို့ ရန်မူထွက်သော် ကိုယ်သက်လုံးစုံ ကြံတိုင်းကုံ၏၊ လူယုံသတ်က သေတတ်စွရှင့်၊ မုချမှန်စွာ နည်းငယ်သာဟု ရေးရာမထား မပေါ့မှားလင့်။

(မဃဒေဝပျို-၂၁၈)

# အရက်

## အခန်း ၃

### သုရာမေရယ သိက္ခာပုဒ်

အရက်အဋ္ဌုပ္ပတ်, အရက်အပြစ်တို့ကို သင်တို့သည် သိသင့်သလောက် သိမြင်နားလည် ဆင်ခြင်နိုင်ကြပေပြီ၊ အရက်ဝတ္ထုများစွာပင် ကျန်နေပေသေးသည်၊ ရည်မှန်းထားသည်ထက် စာဖောင် များသွားခြင်းကြောင့် မဖော်ပြတော့ပဲ ရှေ့သို့တိုး၍ သုရာမေရယ သိက္ခာပုဒ်အကြောင်း ဖော်ပြရပေအံ့၊

သုရာ, မေရယ, မဇ္ဇ, ပမာဒဋ္ဌာနာ, ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

သုရာတပုဒ် မေရယတပုဒ် မဇ္ဇတပုဒ် ပမာဒဋ္ဌာနတပုဒ် ပေါင်း (၄) ပုဒ် ပါဝင်သည်။

### သုရာ

သုရာပုဒ်၌

ပိဋ္ဌသုရာ မုန့်ညက် (ဂျုံမှုန့် ဆန်မှုန့်စသည်) ဖြင့် ပြုလုပ်သော သုရာ (သေရည်)။

ပူဝသုရာ မုန့်ဖြင့် လုပ်သော သေရည်။
ဩဒနသုရာ ထမင်းဖြင့် လုပ်သော သေရည်။
ကိဏ္ဏပက္ခိတ္တသုရာ တဆေးခပ်၍ လုပ်သော သေရည်။
သမ္ဘာရသံယုတ္တာသုရာ မုန့်ညက်စသည် အဆောက်အဦး မျိုးစုံ ထည့်စပ်ရောနှော၍လုပ်သော သေရည်။
ဤသို့ ငါးမျိုးပြားသည်။

## မေရယ

မေရယပုဒ်၌
ပုပ္ဖာသဝ ပန်းမျိုးစုံဖြင့် ပြုလုပ်သော သေရက် (သေရက်)။
ဖလာသဝ သီးမျိုးစုံဖြင့်ပြုလုပ်သော သေရက်။
မဓွာသဝ သစ်မည်သစ်သီးဖြင့် ပြုလုပ်သော သေရက်။
ဂုဠာသဝ ထန်းလျက်ဖြင့် ပြုလုပ်သော သေရက်။
သမ္ဘာရသံယုတ္တာ၊ အချိုရည်မျိုးစုံ ထည့်စပ်ရောနှော၍ပြုလုပ်သော သေရက်။ ဤသို့ ငါးမျိုးပြားသည်၊

ရဟန်းတို့ ဖျော်ရည်ဖျော်ရာ၌ သစ်မည်စည်ကို သူ့အတိုင်း မအပ်၊ ရေနှင့်ရောမှ အပ်၏။

## မဇ္ဇ

သုရာ မေရယနှစ်ပုဒ်လုံး မူးယစ်ထိုင်းမှိုင်း ထုံထိုင်းမှု ဖြစ်စေတတ်ခြင်းကြောင့် မဇ္ဇမည်၏၊ ၎င်းမှကြွင်းသော မူးယစ်ဆေးဝါး မှန်သမျှလည်း မဇ္ဇမည်၏။

## ပမာဒဋ္ဌာန

၎င်းတို့ အလုံးစုံသည် ကုသိုလ်ကောင်းမှု မေ့လျော့ခြင်းကို ပြုလုပ်ခြင်း(ဖြစ်စေတတ်ခြင်း)ကြောင့် ပမာဒဋ္ဌာန မည်၏။

ထိုကြောင့် သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာဟု တဆက်တည်း ပညတ်ထားခြင်း ဖြစ်သည်။

## ဘီအက်စီ ဒကာတဦး မေးခွန်း

တကြိမ်က ထိုဒကာက ယခု ကာလ နံပါတ်ဖိုး, ဟီးရိုးအင်း စသည် ဘယ်ထဲသွင်းရမလဲ၊ သူတို့ လွတ်နေသလား မေးမြန်း၏၊ ၎င်းတို့အားလုံးလည်း မဇ္ဇပုဒ်၌ ပါဝင်သည်၊ အကြွင်းအကျန်မရှိ မြတ်စွာဘုရားတို့မည်သည် အကြွင်းအကျန်မရှိ တိတိကျကျ မိန့်ဆိုဟောကြားလေ့ရှိကြောင်း ကေဝလပရိပုဏ္ဏာဖြစ်ကြောင်း (အပိုအလိုမရှိကြောင်း) ပြောဆိုရဘူးသည်။

## သိက္ခာပဒပုဒ်

၎င်းတို့ကို ရှောင်ကြဉ်ခြင်း (ထိန်းသိမ်းခြင်း မကျူးလွန်ခြင်း သည် ကျင့်ခြင်းအကြောင်း ဖြစ်ခြင်းကြောင့် သိက္ခာပုဒ်မည်၏။ စောင့်ထိန်းလိုသောစိတ် ရှောင်ကြဉ်လိုသောစိတ် စေတနာသည်လည်း သိက္ခာပုဒ်မည်၏။

## သမာဒိယာမိ

ငါးပါးသီလတို့ကို ဖြစ်စေ, အခြား သီလတို့ကို ဖြစ်စေ မိမိကိုယ်ကို အဓိဋ္ဌာန်ပြုလုပ် ဆောက်တည် (ခံယူ) နိုင်၏၊ တပါးစီ တပါးစီလည်း ခံယူဆောက်တည်နိုင်၏၊ ရဟန်းတော်စသော သူတပါးထံ၌လည်း ခံယူဆောက်တည်နိုင်၏၊ ပေါင်း၍ဖြစ်စေ, တပါးစီ တပါးစီဖြစ်စေ ခံယူဆောက်တည်နိုင်၏။

ဓမ္မ, ကောဋ္ဌာသ, အာရမ္မဏ, ဝေဒနာ, မူလ, ကမ္မ, သာဝဇ္ဇ, ပယောဂ အားဖြင့်လည်း သိက္ခာပုဒ်အားလုံး အဆုံးအဖြတ် (ဝိနိစ္ဆယ) ကို သိအပ်၏။

(ဓမ္မ = တရားသဘော၊ အာရမ္မဏ = ကရုံ, ရှင်မြူးခြင်း၊ ဝေဒနာ = ခံစားခြင်း၊ မူလ = အကြောင်းရင်း၊ ကမ္မ = ကံအလုပ်၊ သာဝဇ္ဇ = အပြစ်ရှိခြင်း၊ ပယောဂ = အားထုတ်ခြင်း, လှုံ့ဆော်ခြင်း ဖြစ်အောင်လုပ်ခြင်း၊)

**ဓမ္မအားဖြင့်** သိက္ခာပုဒ်အားလုံး စေတနာဓမ္မတို့ဖြစ်ကုန်၏။

**ကောဋ္ဌာသအားဖြင့်** ကမ္မပထ (ကံမြောက်) ကုန်၏၊ ငရဲလမ်းကြောင်း ဖြစ်ကုန်၏။

**အာရမ္မဏအားဖြင့်**
ပါဏာတိပါတသည် ဇီဝိတိန္ဒြေကို အာရုံပြု၏။
အဒိန္နာဒါနသည် သတ္တဝါအာရုံ, သင်္ခါရအာရုံ။
ကာမေသုမိစ္ဆာစာရသည် မိန်းမ, ယောက်ျားအာရုံ။
မုသာဝါဒါသည် သတ္တဝါ, သင်္ခါရအာရုံ၊
သုရာပါနသည် သင်္ခါရအာရုံတို့ ဖြစ်ကုန်၏။

**ဝေဒနာအားဖြင့်** ပါဏာတိပါတသည် ဒုက္ခဝေဒနာ။
အဒိန္နာဒါနသည် ဝေဒနာသုံးပါး (ဝမ်းမြောက်က သုခ၊ ကြောက်ရွံ့က ဒုက္ခ၊ ထိုနှစ်ပါးမဖြစ်က ဥပေက္ခာ)
ကာမေသုမိစ္ဆာစာရသည် သုခ, ဥပေက္ခာ။
မုသာဝါဒသည် အဒိန္နာဒါနကဲ့သို့ သုံးပါး။
သုရာပါနသည် သုခ, ဥပေက္ခာ ဝေဒနာတို့ ဖြစ်ကုန်၏။

**မူလအားဖြင့်** ပါဏာတိပါတသည် ဒေါသ, မောဟ မူလ။ ဒသဒိန္နာဒါနသည် ရံခါလောဘ, မောဟမူလ၊ ကာမေသု မိစ္ဆာစာရသည် လောဘ, မောဟ မူလ၊ မုသာဝါဒသည် ရံခါ လောဘ, မောဟ မူလ၊ ရံခါဒေါသ,မောဟမူလ၊ (သုရာပါန သည် လောဘ, မောဟ မူလ) တို့ ဖြစ်ကုန်၏။

**ကမ္မအားဖြင့်** မုသာဝါဒသည် ဤအဘိဓမ္မာ အရာ၌ ဝစီကံ ကြွင်းလေးပါးတို့သည် ကာယကံတို့ ဖြစ်ကုန်၏။

အပြစ်အားဖြင့် အပ္ပသာဝဇ္ဇ (အပြစ်ငယ်) မဟာသာဝဇ္ဇ အပြစ်ကြီးအားဖြင့် နှစ်မျိုးစီ ဖြစ်ကုန်၏။

**ပါဏာတိပါတ**

ပါဏာတိပါတ အရာ၌ ပိုးရွခြပုန်း သတ်ခြင်းသည် အပ္ပသာဝဇ္ဇ၊ ၎င်းထက်ကြီးက မဟာသာဝဇ္ဇ၊ ၎င်းထက်ကြီးသော ငှက်ကို သတ်ခြင်းသည် မဟာသာဝဇ္ဇ၊ ၎င်းထက် ဖွတ်၊ ၎င်း ထက် ယုန်၊ ၎င်းထက် သမင်၊ ၎င်းထက် နွား၊ ၎င်းထက် မြင်း၊ ၎င်းထက် ဆင်၊ ၎င်းထက် လူဒုဿီလ၊ ၎င်းထက် သီလကျိုးသူ (မစင်ကြယ်သူ)၊ ၎င်းထက် သရဏဂုံတည်သူ၊ ၎င်းထက် ငါးပါးသီလတည်သူ၊ ၎င်းထက် သာမဏေရ် (ကိုရင်)၊ ၎င်း ထက် ပုထုဇဉ် ရဟန်း၊ ၎င်းထက် သောတာပန်၊ ၎င်းထက် သကဒါဂါမ်၊ ၎င်းထက် အနာဂါမ်၊ ၎င်းထက် ရဟန္တာ (ရဟန္တာ အရေအတွက်၌ ပစ္စေကဗုဒ္ဓ၊ သမ္မာသမ္ဗုဒ္ဓတို့ ပါဝင် သည်ကို သတိပြုအပ်၏)

## အဒိန္နာဒါန

အဒိန္နာဒါန အရာ၌လည်း လူဒုသီလ၏ ပစ္စည်းမှ ရဟန္တာ ပစ္စည်းအထိ ပါဏာတိပါတကဲ့သို့ အပြစ်သိအပ်၏။

## ကာမေသုမိစ္ဆာစာရ

ကာမေသုမိစ္ဆာစာရ အရာ၌ ဒုသီလ မိန်းမ ပြစ်မှားရာ၌ အပြစ်ပေါ့၏၊ ထို့နောက် သီလကျိုးမိန်းမ၊ ထို့နောက် သရဏ ဂုံတည်၊ ငါးပါးသီလတည်၊ (ငါးပါးသီလ၌ ကျန်သီလတည် သူ အားလုံး ပါသည်) ကိုရင်မိန်းမ၊ ပုထုဇ္ဇဉ် ရဟန်းမိန်းမ၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ရဟန်းမိန်းမ ဤသို့ အဆင့်ဆင့် အပြစ်ကြီးလေး၏။

## မုသာဝါဒ

မုသာဝါဒ အရာ၌ နှစ်ပြား, သုံးပြားဘိုးမျှ အကျိုးပျက် အောင် လိမ်ခြင်းသည် အပြစ်ပေါ့၏၊ ထိုထက် များပြားက အဆင့်ဆင့် အပြစ်ကြီးလေး၏၊ လိမ်လည်မုသားဆို၍ သံဃာ သင်းခွဲက အလွန်အပြစ်ကြီးမားစွာ၏၊ အရာကျယ်ဝန်း၏။

## သုရာမေရယ

သုရာပါနအရာ၌ မူးယစ်လို၍ လက်တခုပ် (ဝမ်းပက်) မျှ သောက်ခြင်းသည် အပြစ်ငယ်၏ ပေါ့၏၊ ထို့ထက်များစွာ အစာသစ် အစာဟောင်း အန်ထွက်အောင် သောက်ခြင်း၊ သူခိုးဒမြလုပ်ကာ မြို့ရွာတိုက်ခိုက် လုယက်ရအောင် သောက်ခြင်း တို့ကား အမှန်စင်စစ် အပြစ်ကြီးမားလှကုန်၏။

## အပြစ်ကြီးမားပုံ

ပါဏာတိပါတအရာ၌ ရဟန္တာကို သတ်ဖြတ်ညှင်းဆဲခြင်း၊ **အဒိန္နာဒါနအရာ၌ ရဟန္တာပစ္စည်း** ခိုးဝှက် တိုက်ခိုက်ခြင်း၊ **ကာမေသုမိစ္ဆာစာရအရာ၌** ရဟန္တာမိန်းမကို လွန်ကျူးခြင်း (ဥပ္ပလဝဏ္ဏာ ဘိက္ခုနီမကို လွန်ကျူးသော နန္ဒာသည် ချက်ခြင်း မြေခွဲမြိုခံရ အဝီစိငရဲ ကျ၏) မုသာဝါဒဖြင့် သံဃာသင်းခွဲခြင်း (ကွဲပြားအောင် မညီညွတ်အောင်လုပ်ခြင်း) သုရာပါနအရာ၌ ကိုယ်တုန်လှုပ်အောင် များစွာ သောက်စား၍ မြို့ရွာဖျက်ဆီး လုယက်တိုက်ခိုက်ခြင်း တို့သည် လွန်စွာ အပြစ်ကြီးမားကုန်၏။ ၎င်းငါးပါးတို့တွင် မုသာဝါဒဖြင့် သံဃာသင်းခွဲခြင်းသည် အပြစ်ကြီးမား၏၊ လွန်စွာယုတ်မာ၏၊ ကမ္ဘာတည်ခံရ၏။

**ပယောဂအားဖြင့်** ပါဏာတိပါတသည် **သာဟတ္ထိက** (ကိုယ်တိုင်လုပ်ခြင်း) အာဏတ္တိက (သူတပါးကို စေခိုင်းခြင်း) နှစ်မျိုး ဖြစ်၏၊ အဒိန္နာဒါနလည်း ထို့အတူ နှစ်ပါး ဖြစ်ကုန်၏။

ကျန်ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒ၊ သုရာပါန သုံးပါး တို့သည် သာဟတ္ထိက (ကိုယ်တိုင်လုပ်ခြင်း) မျိုး ဖြစ်ကုန်၏။

ဤသို့အားဖြင့် **သိက္ခာပုဒ်** (သီလ) တို့ကို ဓမ္မကောဋ္ဌာသ စသည်အားဖြင့် ဆုံးဖြတ်အပ် သိမြင်အပ်သကဲ့သို့ **ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ** ဟူ၍ သိက္ခာပုဒ် ခံယူခြင်း (သီလ ဆောက်တည်ခြင်း) အရာ၌လည်း ထိုအပြားတို့ကို **သိအပ်ကုန်၏**၊ ခဏ္ဍ (ကျိုးပေါက်ပျက်စီးခြင်း), သမာဒါန (ခံယူဆောက်တည်

ခြင်း) နှစ်ပါး တိုးပွားလာ၏၊ (သမ္မောဟဝိနောဒနီ အဋ္ဌကထာ သိက္ခာပဒဝိဘင်္ဂဝဏ္ဏနာ စသည်)

ငါတို့သည် အရက်ကိုသာ ဖော်ပြလိုသည်၊ ပတ်သက်ရာ ပတ်သက်ကြောင်းဖြစ်၍ အနည်းအကျဉ်း ဆိုသည်၊ ကျန်အရာ တို့ကို မဖော်ပြသာပေ။

# အရက်

## အခန်း ၄

### အရက်ကမ္ဘာ သိမှတ်ဖွယ်များ

"အချစ်ကမ္ဘာကြီးသည် အရက်ကမ္ဘာကြီးအဖြစ် ပြောင်းလဲနေအုံးမှာလား ဟရို့...." ဟု စိုးရိမ်ဖွယ် ဖြစ်နေလေသည်၊ နိုင်ငံတကာ အစိုးရတို့၏ နှိမ်နင်းချက်အရ ထိရောက်မှု ရှိမရှိ၊ အောင်မြင်မှု ရမရကို ဤစာအုပ်ပါ ကြေးနန်းသတင်း ကောက်နုတ်ချက်များအရ အကဲခပ် မှန်းဆနိုင်သည်။

အရက်အစ ဘိန်းဖြူအဆုံး တကမ္ဘာလုံး သိမ်းကျုံးမှုနောက် ဖျက်ဆီးနေသော (မဇ္ဇ) မူးယစ်ဆေးဝါး မှန်သမျှ (ဆေးလိပ်တော့ ကျန်နေအုံးမှာပဲနော်) မရှိမှ ဤကမ္ဘာကြီး အေးချမ်းသာယာ ဖြစ်လိမ့်မည်။

လူသား (ပုထုဇဉ်) တို့၏ စိတ်ကား ဆန်းကြယ်၏၊ ဆန်းကြယ်သလောက် မကောင်းမှု (အကုသိုလ်) လုပ်ချင်၏၊ ထိုလုပ်ချင်စိတ် ပပျောက်အောင် ငါတို့ဆရာ မြတ်စွာဘုရားသည် အမျိုးမျိုး များစွာ ဟောကြားထားရှိပြီး ဖြစ်သည်။

ကျယ်ပြောလှသော စာပေကမ္ဘာမှ များစွာသော အရက်ကမ္ဘာဆိုင်ရာ အကြောင်းခြင်းရာများကို ဤအခဏ်းတွင် သတိရသမျှ ဖော်ပြရပေအံ့။

## ၁။ ညစ်ညူးစိတ်

ရဟန်းတို့ စိတ်သည် ပြိုးပြက်ပြောင်လက် အရောင်ထွက်၏၊ ထိုပြိုးပြက်ပြောင်လက် အရောင်ထွက်နေသော စိတ်ကို အပြင်အပ ခဏပန်း ညစ်ညူးစေကြောင်း တရားတို့က ညစ်ညူးစေအပ်၏၊ ငါ့ဘုရားတို့စကား မကြားဘူးသော ပုထုဇဉ်သည် ဟုတ်တိုင်းမှန်စွာ မသိချေ၊ ထို့ကြောင့် ထိုပုဂ္ဂိုလ်အား စိတ္တဘာဝနာ (စိတ်ကို လေ့ကျက်ပွားများခြင်း) မရှိဟု ငါဘုရားမိန့်ဆို၏။ (ပဘဿရသုတ်)

## ၂။ ဝင်းပြောင်စိတ်

ရဟန်းတို့ စိတ်သည် ပြိုးပြက်ပြောင်လက် အရောင်ထွက်၏၊ ထိုပြိုးပြက်ပြောင်လက် အရောင်ထွက်နေသော စိတ်သည် အပြင်အပ ခဏပန်း ညစ်ညူးစေကြောင်း တရားတို့မှ ကင်းလွတ်စေအပ်၏၊ ငါဘုရားတို့စကား ကြားနာဘူးသော အရိယာသာဝက (ရတနာသုံးပါး ယုံကြည်ဆည်းကပ်သူ) သည် (ဗုဒ္ဓဘာသာပုထုဇဉ်သည်) ဟုတ်တိုင်းမှန်စွာ သိမြင်နားလည်၏၊ ထို့ကြောင့် ထိုပုဂ္ဂိုလ်အား စိတ္တဘာဝနာ (စိတ်ကိုလေ့ကျက်ပွားများခြင်း) ရှိ၏ ဟု ငါဘုရားမိန့်၏။ (ပဘဿရသုတ်)

## ၃။ ရိုင်းပြကြမ်းတမ်းစိတ်

ရဟန်းတို့ စိတ်ကို ယဉ်ကျေးအောင် မလေ့ကျက်ခြင်း, မဆုံးမခြင်း, မစောင့်ရှောက်ခြင်း, မထိန်းသိမ်းခြင်း, မစောင့်စည်း

ခြင်းကြောင့် အကျိုးကြီးစွာ ပျက်စီးခြင်းမျိုးနှင့် တူသော အခြား အကြောင်းတပါးကို ငါဘုရား မမြင်မိချေ။ (အနုတ္တ သုတ်)

## ၄။ ယဉ်ကျေးသိမ်မွေ့စိတ်

ရဟန်းတို့ စိတ်ကို ယဉ်ကျေးအောင် လေ့ကျက်ခြင်း, ဆုံးမခြင်း, စောင့်ရှောက်ခြင်း, ထိန်းသိမ်းခြင်း, စောင့်စည်း ခြင်းကြောင့် အကျိုးကြီးစွာ ဖြစ်ပေါ်ခြင်းမျိုးနှင့် တူသော အခြား အကြောင်းတပါးကို ငါ ဘုရား မမြင်မိချေ။ (အတ္ထ သုတ်၊ အင်္ဂုတ္တရပါဠိတော် ဧကနိပါတ်)

## ၅။ တင်းမတိမ်မှု သုံးပါး

ရဟန်းတို့ အရာဝတ္ထု သုံးမျိုးကို အဖန်တလဲလဲ မှီဝဲ၊ သုံး ဆောင်ခြင်းဖြင့် ရောင့်ရဲတင်းတိမ်မှု မရှိချေ၊ ၎င်းသုံးပါးတို့ ကား အိပ်စက်ခြင်း, သေရည်သေရက်သောက်စားခြင်း, မေ ထုန်ကျင့်ခြင်းတို့ ဖြစ်ကုန်၏၊ (အင်္ဂုတ္တရပါဠိတော် တိကနိပါတ်)

## ၆။ အရက်သမုဒ္ဒရာနှင့် အရက်ငါးကြီး

အရက်သမားသည် အရက်ငါးကြီးဖြစ်ကာ အရက်သမုဒ္ဒရာ၌ အရက်သောက်စား ပျော်မြူး မူးယစ် နေရသော်လည်း ဘယ် တော့မျှ တင်းမတိမ်နိုင် မရောင့်ရဲနိုင်ချေ။

(မနောရထပူရဏီ အဋ္ဌကထာ (ပ) အတိတ္တိသုတ္တဝဏ္ဏနာ)

## ၇။ မည်းညစ်တရား နှစ်ပါး

ရဟန်းတို့ မည်းညစ်တရား နှစ်ပါး ရှိကုန်၏၊ ၎င်းတို့ကား မရှက်ခြင်း, မကြောက်လန့်ခြင်းတို့ ဖြစ်ကုန်၏။ (ကဏှသုတ်)

## ၈။ ဖြူစင်တရား နှစ်ပါး

ရဟန်းတို့ ဖြူစင်တရား နှစ်ပါး ရှိကုန်၏၊ ၎င်းတို့ကား ရှက်ခြင်း, ကြောက်လန့်ခြင်းတို့ ဖြစ်ကုန်၏။ (သုတ္တသုတ်)

## ၉။ လောကကျင့်ဝတ် နှစ်ပါး

ရဟန်းတို့ ဖြူစင်တရား နှစ်ပါးတို့သည် လောကကို စောင့်ရှောက်တတ်ကုန်၏၊ ၎င်းတို့ကား ရှက်ခြင်း, ကြောက်လန့်ခြင်းတို့ ဖြစ်ကုန်၏။

ရဟန်းတို့ လောက၌ ဤတရားနှစ်ပါး မရှိကုန်ငြားအံ့၊ အမေဟူသော ဝေါဟာရ၊ မိကြီး မိထွေး (အဒေါ်ကြီး, အဒေါ်လေး=အန်တီးကြီး, အန်တီလေး, ဟူသော) ဝေါဟာရ၊ ဦးရီး (ဘကြီး) ၏ မယားဟူသော ဝေါဟာရ၊ ဆရာမ သားဟူသော ဝေါဟာရ၊ အလေးအမြတ် ရိုသေအပ်သောပုဂ္ဂိုလ်ကြီးတို့၏ မယားဟူသော ဝေါဟာရတို့သည် ဖြစ်ပေါ်ကြတော့ (ရှိတော့)မည် မဟုတ်ကုန်၊ ဤလောကကြီးသည် ဆိတ်, သိုး, ကြက်, ဝက်, အိမ်ခွေး, တောခွေး စသော တိရစ္ဆာန်သတ္တဝါတို့ကဲ့သို့ ရောနှောရှုပ်ထွေး ဖြစ်လေရာ၏၊ ဤလောက ကျင့်ဝတ် (လောကစောင့် ကမ္ဘာစောင့် လောက ယဉ်ကျေးမှု ကမ္ဘာ့ယဉ်ကျေးမှု) တရားနှစ်ပါး ရှိခြင်းကြောင့် ထိုဝေါဟာရတို့သည် ထင်ရှားဖြစ်ပေါ်ကြ (ရှိကြ) ကုန်၏။

(စရိယသုတ် အင်္ဂုတ္တရပါဠိတော် ဒုကနိပါတ်)

## ၁၀။ သုရာမေရယ အပြစ် ခြောက်ပါး

၁။ ပစ္စည်းဥစ္စာ ကုန်ခမ်းပျက်စီးခြင်း။
၂။ ရန်များခြင်း။
၃။ ရောဂါဖြစ်တတ်ခြင်း။
၄။ မကောင်းသတင်း ကျော်ကြားခြင်း (အရက်သမား စကားမမှန်, မတည်)။
၅။ အရှက်အကြောက် ပျက်စီးခြင်း (အရှက်ကွဲခြင်း)
၆။ အသိဉာဏ်ပညာ ဆုတ်ယုတ်ပျက်စီးခြင်း။

(ပါထိကဝဂ်ပါဠိတော်၊ သိင်္ဂါလောဝါဒသုတ်)

## ၁၁။ ပျက်စီးကြောင်းတရား ခြောက်ပါး

၁။ လောင်းကစားကြူးခြင်း။
၂။ မိန်းမကြူးခြင်း (လိုက်စားခြင်း)။
၃။ အရက်ကြူးခြင်း (သောက်စားမူးယစ်ခြင်း)။
၄။ ပွဲလမ်းသဘင် ပျော်ရွှင်မှု လိုက်စားခြင်း။
၅။ နေ့အိပ်, ညလယ် ရှုပ်ပွေခြင်း။
၆။ မိတ်ဆွေယုတ်နှင့် ပေါင်းသင်းကာ စဉ်းလဲ ကောက်ကျစ်ခြင်း။

၎င်းခြောက်ပါးတို့သည် လဆုတ်လကဲ့သို့ ဆုတ်ယုတ်ပျက်စီးတတ်ကုန်၏။

(ပါထိကဝဂ်ပါဠိတော်၊သိင်္ဂါလောဝါဒသုတ်)

## ၁၂။ အရက်သမား စကားမမှန် (မတည်) ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတိုက်၌ နေထိုင်တော်မူစဉ် ဒေဝဒတ်သည် "ဂေါတမတရားသည် တရား မဟုတ်၊ ငါ့တရားသာ တရားစစ် တရားမှန် ဖြစ်သည်" ဟု လိမ် လည် ဝါကြွားကာ မသိ နားမလည်သော ရဟန်းသစ်ကလေး ငါးရာတို့ကို လှည့်ဖြားခေါ်ယူ သင်းခွဲခြင်းကို အကြောင်းပြု၍ ဤသိင်္ဂါလဇာတ်ကို ဟောကြားတော်မူ၏။

### မြေခွေးလိမ်

ဗာရာဏသီမြို့၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းအုပ်ချုပ် မင်း လုပ်နေစဉ် ဘုရားလောင်းသည် သုသာန်အရပ်၌ ရုက္ခစိုးနတ် ဖြစ်နေလေ၏၊ မြို့တော် နက္ခတ်ပွဲသဘင် ဆင်ယင်ကျင်းပသော အခါ နတ်ပူဇော်ရန် ဆိုကာ ထိုထို လမ်းဆုံလမ်းခွ စသည်တို့၌ ရေသား, ကုန်းသား, မုန့်, ခဲဖွယ်, ဘောဇဉ်တို့နှင့်တကွ အရက် များကိုလည်း ခွက်ကြီး ခွက်ငယ်တို့ဖြင့် ထည့်ကာ တည်ထား ကြကုန်၏။

ညသန်းခေါင်အချိန် တောခွေး (မြေခွေး) တကောင်သည် ပြွန်ပေါက်မှ မြို့တွင်းဝင်ကာ သားငါးမျိုးစုံ စားသောက်ကာ အရက်တဝသောက်ပြီး ခြုံပုတ်တခုထဲ တိုးဝင် အိပ်နေ လေ၏၊ မိုးသားလင်းသော အခါ အထွက်ရ ခက်နေသဖြင့် မြို့တံခါး ပေါက် အနီးသို့ ပုန်းလျှိုးကာ သွားဝပ်ပြီး အကဲခပ်နေသည်။

ပုဏ္ဏားတယောက် မြင်ရသည်၊ ပုဏ္ဏား မည်သည် ပစ္စည်း ဥစ္စာ လောဘကြီးသည်၊ ဥစ္စာဖြင့် ဖြားယောင်းမည် ကြံစည်ကာ လှမ်းခေါ် စကားဆိုလေ၏။

> "အရှင် ပုဏ္ဏား ကျွန်တော်မျိုးကို အဝတ်နဲ့ ထုပ်ပြီး အပြင် ထုတ်ဆောင်သွားပါ၊ ကျွန်တော် ထိန်းသိမ်းထားတဲ့ ငွေဒင်္ဂါးတွေ ပေးပါ့မယ်"

ပုဏ္ဏားသည် ဥစ္စာလောဘဖြင့် မြွေခွေး ပြောတိုင်း အဝတ်နှင့်ထုပ် ခေါ်သွားလေ၏၊ မြွေခွေးက သုသာန် မရောက်မခြင်း မေးနေရာ သုသာန်ရောက်သောအခါ ချခိုင်းပြီး အဝတ်ကို ဖြန့်စေလေ၏၊အဝတ်ဖြန့်ခင်းပြီးသောအခါ အဝတ်၏ ထောင့်လေးထောင့်နှင့် အလယ်ခေါင်တွင် ကျင်ကြီး, ကျင်ငယ် စွန့်ကာ ထွက်ပြေး၏၊ ထိုအခြင်းအရာကို ဘုရားလောင်း ရုက္ခစိုဝ်းနတ် မြင်၍ အောက်ပါစကားမိန့်ကြားလေ၏။

> "အိုပုဏ္ဏား သင်ကား အရက်မူး မြွေခွေးစကား ယုံကြည်နေသည်၊ အရက်မူး မြွေခွေးမှာ ကျပ်ငွေဒင်္ဂါး တရာ့နှစ်ရာ ဝေးလို့ ယောက်သွား (ခရုခွံ) တရာတောင် မရှိချေတကား"

"ပုဏ္ဏား- သင်ပြန်သွားတော့၊ လျှော်ဖွပ် ရေချိုးပြီး ကိုယ့်လုပ်ငန်းကိုယ် လုပ်လေတော့"

ဟု ပြောဆိုလေရာ ပုဏ္ဏားသည် ငါတော့ အကြီးအကျယ် အလိမ်ခံရပြီဟု နှလုံးမသာ ပြန်သွားရှာလေ၏။

ထိုအခါက မြေခွေးသည် ဒေဝဒတ် ရဟန်းယုတ် ဖြစ်လာ၍ ရုက္ခစိုဝ်းနတ်သည် မြတ်စွာဘုရား ဖြစ်တော်မူလာလေ၏။

ဇာတကအဋ္ဌကထာ (ပ)
ဧကနိပါတ၊ သိင်္ဂါလ ဇာတက၊

## ၁၃။ တေမိမင်းသား နှုတ်ဆက်စကား

တေမိမင်းသား အေ ငဆံကို တောတွင်း သုသာန် မြှုပ်နှံ စွန့်ပစ် ခိုင်းပြီးနောက် မသေပဲ ရသေ့လုပ်နေသည်၊အကြောင်း စုံ အမှန် သိရသော အခါ မင်းကြီးက သားတော်ကို ထီးနန်း အပ်ရန် ပြန်ခေါ်ဘို့ မြို့သူ မြို့သား စစ်တပ်ကြီးနှင့်တကွ သွား ရောက် တောင်းပန် ခေါ်ငင်ကြသည်၊ အလောင်းမင်းသား တေမိယ ရသေ့လေးက နှုတ်ဆက်စကားပြောဆိုရာတွင် အရက် ကမ္ဘာပါလာသည်။

ခမည်းတော် မူးယစ်ဆေးဝါး သုံးစွဲပါသလား၊
သေရည်သေရက် သုံးဆောင်ပါသလား၊
သစ္စာတရား မင်းကျင့်တရား တည်မြဲပါသလား၊
ပေးလှူစွန့်ကျဲခြင်း ဒါနတရားကို စိတ်ပါလက်ပါ
ပြုလုပ်ပါရဲ့လား၊

ချစ်သား ရသေ့လေး–

ခမည်းတော်သည် မူးယစ်ဆေးဝါး မသုံးစွဲပါ၊
သေရည် သေရက် မသောက်ပါ၊
သစ္စာတရား မင်းကျင့်တရား တည်မြဲ ပါသည်၊

ပေးလှူစွန့်ကြဲခြင်း ဒါနတရားဆို စိတ်ပါလက်ပါ ပြုလုပ်ပါမည်။

မဟာနိပါတ်၊ တေမိယဇာတ်၊ ဇာတကပါဠိတော် (ဒု)

**၁၄။ အရက်ရှောင်ခြင်း မင်္ဂလာတရား**

မူးယစ်ဆေးဝါး သေရည် သေရက် ရှောင်ကြဉ်ခြင်းသည် မဇ္ဇပါန သံယမ မင်္ဂလာတရား မည်၏၊ (မင်္ဂလာတရား သုံးဆယ့်ရှစ်ပါးတွင် တပါး)။

(ခုဒ္ဒကပါဌပါဠိတော်၊ မဟာမင်္ဂလသုတ်)

**၁၅။ အရက်အံ့ပြစ် ခြောက်ပါး**

ဥစ္စာယုတ်ခြင်း ညင်းခုန်များစွာ ရောဂါထူပြော ကျော်စောမဲ့တုံ မလုံအင်္ဂါ ပညာနည်းရှား ဤခြောက်ပါးသည် သောက်စားသေစာ အပြစ်တည်း။

(ဆရာတော်ဦးဗုဓ် ဂိဟိဝိနယ ဆုမ္မစာ)

**၁၆။ ပျက်စီးကြောင်းတရားတွင် ပါဝင်ပုံ**

မိန်းမလိုက်စားခြင်း, သေရည် သေရက် သောက်စားခြင်း, လောင်းတန်းကစား ပြုလုပ်ခြင်း, ရသမျှပစ္စည်း ဖြုန်းတီးခြင်းတို့သည် ပျက်စီးခြင်း (ဆင်းရဲမွဲတေခြင်း) အကြောင်းတို့ ဖြစ်ကုန်၏။

(သုတ္တနိပါတ်ပါဠိတော်၊ ပရာဘဝသုတ်)

**သူယုတ်မာဖြစ်ကြောင်း ပါဝင်ပုံ**

သူတပါးကို ချုတ်ချယ် စောင်းမြောင်းတတ်ခြင်း, စဉ်းလဲကောက်ကျစ်တတ်ခြင်း, ယုတ်မာသော အလိုဆိုး ဆန္ဒရှိခြင်း,

ဝန်တိုလျှို့ဝှက်ခြင်း, လှည့်ပတ်ဖြားယောင်းတတ်ခြင်း, အရှက်မရှိခြင်း, အကြောက်မရှိခြင်းတို့သည် သူယုတ်မာ လက္ခဏာတွင် ပါဝင်ကုန်၏၊ (သူယုတ်မာဟု သိအပ်ကုန်၏)။

## ၁၈။ စိတ်၏ပျော်ရာ

**စိတ်သည် မကောင်းမှု (အကုသိုလ်ဒုစ္စရိုက်)၌ ပျော်မွေ့၏။**

(ဓမ္မပဒပါဠိတော်)

## ၁၉။ စိတ်ကိုဆုံးမနိုင်နင်းရန် မလွယ်ကူ

စိတ်ကို ဆုံးမနှိမ်နင်းရန် မလွယ်ကူပေ၊ လျင်မြန်စွာ ပြောင်းလဲလေ့ရှိ၏၊ စိတ်ထင်ရာ အာရုံ၌ ကျရောက်လေ့ ရှိတတ်၏၊ ထိုကဲ့သို့သော စိတ်ရိုင်းကို ဆုံးမယဉ်ကျေးစေနိုင်က အကျိုးကျေးဇူး ပွားကူးပြည့်ဖြိုး ကောင်းမွန်၏။

(ဓမ္မပဒ ပါဠိတော်)

## ၂၀။ မျက်မှောက်(ပစ္စုပ္ပန်)ဘဝ ပျက်စီးကြောင်း ငါးပါး

၁။ သူတပါးအသက် သတ်ဖြတ်ညှင်းဆဲခြင်း။

၂။ သူတပါး ပစ္စည်းဥစ္စာ ခိုးယူ လုယက်ခြင်း။

၃။ သူတပါးမယား ကာမဂုဏ်မှားယွင်း လွန်ကျူးခြင်း။

၄။ လိမ်လည်လှည့်ဖြားခြင်း။

၅။ သေရည် သေရက် သောက်စားခြင်း

တို့သည် မိမိ၏ ကိုယ်ခန္ဓာကို တူးဖြို ဖျက်ဆီးတတ်သော တရားဆိုး (တရားယုတ်) တို့ ဖြစ်ကုန်၏။

(ဓမ္မပဒ ပါဠိတော်)

## ၂၁။ ရခဲခြင်း လေးပါး

လူအဖြစ် ရခဲ၏၊ ရပြန်သော်လည်း အသက်မွေးမှုနှင့် အနာရောဂါ လွယ်ကူချမ်းသာ ရခဲ၏၊ သူတော်ကောင်း တရားနာကြားရန် ရခဲ၏၊ မြတ်စွာဘုရား သာသနာတော် တွေ့ကြုံရန် ရခဲ၏။

(ဓမ္မပဒ ပါဠိတော်)

## ၂၂။ လူမိုက်အမြင်

လူမိုက်သူယုတ်မာသည် မိမိမကောင်းမှုအတွက် မကောင်းကျိုးပေးသမျှ အကောင်းချည်း မှတ်ထင် မြင်နေ၏၊ အချိန်တန်၍ မကောင်းကျိုး ပေးလာမှသာ မိမိယုတ်မာမှုနှင့် မကောင်းကျိုးတို့ကို သိမြင်၏။

## ၂၃။ ပညာရှိ အမြင်

သူတော်ကောင်း ပညာရှိသည် မိမိ ကောင်းမှုအတွက် ကောင်းကျိုးမပေးသမျှ မကောင်းမှုများ ဖြစ်နေသလားဟု ယုံမှားမှတ်ထင် မြင်နေ၏၊ အချိန်တန်၍ ကောင်းကျိုးပေးလာမှသာ မိမိ၏ သူတော်ကောင်း ပညာရှိဖြစ်မှုနှင့် ကောင်းကျိုးတို့ကို သိမြင်၏။

## ၂၄။ စီးပွားဖျက် အဆိပ်ရေ

သေနှင့်အရက် စီးပွားဖျက်ကို တစက်ကယ်မျှ မသောက်ကြနှင့် ရှောင်ကြပါလေ၊ ရှင်တော်ဟောသည့် အဆိပ်ရေ။

(အရှင် မဟာရဋ္ဌသာရ ဆုမ္မစာ)

## ၂၅။ အပယ်စာ

သေရည်ကိုလည်း မသောက်နှင့်၊ ရေကြည်ကိုလည်း မနှောက်နှင့်၊ သေရည်ကိုသောက်က အပါယ်ဘုံသို့ ကျတတ်သည်၊ ရေကြည်ကိုနှောက်က အနယ်မှုံ့တို့ ထတတ်သည်။

(ဘိုးသူတော်ဦးနု စကားပုံ)

## ၂၆။ ပျက်ပြားပြည်လုံး စစ်ကြီးရှုံး

ရာဇာ့မှုးမတ် မပြတ်သောက်စား. နာဖျားပြောစည် စစ်သည် စိတ်လျော့ မင်းစိတ်ပျော့နှင့် ဆိုးသော့ နက္ခတ် သူတာတ်စီရင် မြင်းဆင်ကြုံလို့ မညီမင်းချင်းစိတ်ကွဲခြင်းဖြင့် ညံ့ဖျင်းသူရဲ ပြည်ထဲငတ်မွတ် မလွတ်သော့အား ဤဆယ်ပါးကြောင့် ပျက်ပြားပြည်လုံး စစ်ကြီးရှုံး၏၊ သောက်သုံးမျိုးထုတ် မယစ်ထုတ်နှင့်။

(မဃဒေဝပျို့ ပုတ္တောဝါဒခန်း ၂၀၁)

## ၂၇။ ကြောက်ကြီးတလုံး

သေနှင့်အရက် လူကိုဖျက် အရှက်ရမည်ကြောက်။

(တွင်းသင်းဝန်မင်းကြီး ကြောက်ကြီးကိုးလုံး ဆုမ္မစာ)

## ၂၈။ မြတ်ခေါင်ထိ

ယခုအခါ သာသနာမှူ လူဖြစ်မည်မျှ ရခဲလှ၏၊ လူမှ သာမကောရ် ဖြစ်ပေမြတ်ခြင်း၊ ပဥ္စင်းသံဃာ ဖြစ်ပြန်ပါမူ ဆိုရာမရှိ မြတ်ခေါင်ထိဟု သိကြပါစေ သည်ထက်သည်သာ မြတ်ရာကိုသာ လှမ်းပါလေ။

(အရှင်မဟာသီလဝံသ ဆုမ္မစာ)

## ၂၉။ နင့်အပြစ် နင်ခံ

နင့်ကိုယ်နင်ဖြစ်၊ နင့်အပြစ်၊ နင်ဖြစ်ခံရမည်။
နင့်ကိုယ်နင်အား၊ နင်မသနား၊ နင်မှားရှာတော့မည်။
(ထွဋ္ဌခေါင်ဆရာတော် ဆုံးမစာ)

## ၃၀။ နင်ကားရာထောင် မကမှောင်၏

ဘုရားသာသနာ ခေတ်အခါဝယ် လူ့ရွာနတ်၌ နင်ကြုံကြိုက်လည်း အမိုက်မချွေ အလိုက်နေ၍ အခြေမကြီး အချည်းနှီးလျှင် ယီးတီးယောင်တောင် ခုတိုင်အောင်တည့်၊ သန်းခေါင်လကွယ် တောအုပ်လယ်၌ ရှစ်နယ်ပတ်လုံး အပြည့်ဖုံးသည့် မိုဃ်းလုံးတိမ်တိုက် လျှပ်မကြိုက်သား အမိုက်အပြား အင်လေးပါးထက် နင်ကားရာထောင် မကမှောင်၏။
(လယ်တီဆရာတော် ဘုရားကြီး ဆိုပိမ့်မည့ာ ဆုံးမစာ)

## ၃၁။ အနာနှင့် အဆိပ်

လက်မှာ တစုံတရာ အနာအဆာ မရှိက အဆိပ်ကိုင်သော်လည်း ဘာမျှ မဖြစ်နိုင်၊ အကုသိုလ် (မကောင်းမှု) မပြုလုပ်သူမှာလည်း မကောင်းကျိုးဟူ၍ ဘာမျှ မဖြစ်နိုင်။
(မြတ်စွာဘုရား)

## ၃၂။ စိတ်ကြံရုံနှင့် အကျိုးကြီး

ကုသိုလ်ကောင်းမှု ပြုလုပ်ရန် စိတ်က ကြံစည်ရုံမျှနှင့် အကျိုးကြီးမားလှစွာ၏၊ အကယ်၍ ကိုယ်နှင့် နှုတ်ပါးစပ်နှင့် လုပ်ကိုင်

ပြောဆို ဆောင်ရွက်ပါမူ ပြောဖွယ် မရှိတော့ချေ။

(မြတ်စွာဘုရား)

## ၃၃။ အတက်အကျ တရားနှစ်ပါး

ကုသိုလ်သည် လဲ (ဝါဂွမ်း) နှင့် တူ၏၊ အထက်သို့ အမြဲ တက်၏၊ အကုသိုလ်သည် ခဲ (ကျောက်ခဲ, အုတ်ခဲ) နှင့် တူ၏၊ အောက်သို့ အမြဲကျ၏။

(မြတ်စွာဘုရား)

## ၃၄။ အရက်နှင့် သကြား

ဦးဆိုး "အရက်ဟာ သကြားကို အရေပျော်အောင် လုပ်နိုင်ပမလား"

ဦးတိုး "အောင်မယ် သကြား မပြောနဲ့၊ ပစ္စည်းတွေ, ကိုယ်ကျင့်တရားတွေ, သစ္စာကတိတွေ, အချစ်တွေ, အတွေးမှန်, အကျင့်မှန်တွေ အားလုံးကို အရေ ဖြစ်သွားအောင် လုပ်နိုင် တယ်ဗျ"

## ၃၅။ အရက် စွမ်းရည်

အာရပ်လူမျိုး သူဌေးကြီးမှာ ပြင်းထန်စွာ ရောဂါဖြစ်ပွား နေသည်၊ အမျိုးမျိုးကုသသည်၊ အကြိမ်ကြိမ် ဆုတောင်းသည်၊ တနေ့သ၌ ရင်းကိုးကွယ်သော နတ်မင်းပေါ်လာသည်၊ အရက် ပုလင်းပေးရင်း မိန့်ကြားသည်။

သူဌေးကြီးရောဂါ မြန်မြန် ပျောက်ချင်ရင် ကျွန်ုပ်ပြောတဲ့ အချက်သုံးရပ် လိုက်နာဆောင်ရွက်ပါ။

အမှတ်(၁) အဲဒီအရက် သောက်လိုက်ပါ။

အမှတ်(၂) သူဌေးကြီး ချစ်လှစွာသော သားငယ်ကို သတ်ပစ်လိုက်ပါ။

အမှတ်(၃) သူဌေးကြီး ချစ်လှစွာသော မယားကို သတ်လိုက်ပါ။

အဲဒီအချက် တခုခုကို ပြုလုပ်ရင် ရောဂါ ပျောက်ကင်းမည်၊ မိန့်ကြားပျောက်ကွယ်သွားလေ၏။

သူဌေးကြီးမှာ အကြံရ ကြပ်နေသည်၊ အရက် သေစာ သောက်စားခြင်းကို ဘာသာတရားက ကြပ်တည်းစွာ တားမြစ်ထား၍ အခက်ကြုံနေ၏၊ ချစ်သားနှင့် ချစ်မယား တယောက်ယောက် သတ်ဖြတ်ရန်မှာလည်း နတ်မင်းမို့ ငြိမ်နေရသည်၊ သူတို့တောင်သတ်ချင်၏။

နောက်ဆုံး ကြံရာမရဖြစ်ကာ ဘာပဲဖြစ်ဖြစ်လေ အသက်ပဲ သေချင်သေ ကြံကာ အရက်ကို သောက်ပစ်လိုက်လေ၏၊ အရက်မူး၍ မယားနှင့် စကားများ ရန်ဖြစ်ရိုက်နှက်လေ၏၊ သားက မိခင်ကို ကူညီရင်း ခံလုပ်ရာ သားကို သတ်ပစ်မိလေ၏။

သူဌေးကြီး အမူးပြေသော အခါ ချစ်မယား ဒဏ်ရာအနာတရ ဖြစ်ရခြင်းနှင့် ချစ်သား သေဆုံးရခြင်းကြောင့် ပူဆွေးငိုကြွေးကာ ဘဝတသက်တာ စိုးရိမ်နောင်တပူရရှာလေ၏။

(ဟာသ အဘိုဓာန်)

## ၃၆။ စိတ္တဇ

ဘဏ္ဍာရေးဝန်ကြီး ဦးတင်ကို ယစ်မျိုးအရာရှိများ ဖိတ်ကြားချက်အရ ယစ်မျိုးမင်းကြီး ဦးသန်းအေး၊ ယစ်မျိုးဝန်ကြီး ဦးအုံတို့နှင့် အတူ ဘိန်းဖြတ်ဌာနသို့ သွားရောက် စစ်ဆေး၏။

ထိုစိတ္တဇဆေးရုံ ဘိန်းဖြတ်ဌာနတွင် လူနာ (၅၁) ဦးရှိရာ ဦးတင်က ''ဘိန်းစားဘဝသည် လူဖြစ်ရှုံးသော ဘဝဆိုးဖြစ်၍ ကုစားဖြတ်သင့်ကြောင်းများ'' မိန့်ခွန်းပေးသွားသည်။

(၂၅-၄-၅၂ ဗမာ့ခေတ် ဗိုလ်လိပ်ပု ဟာသ)

## ၃၇။ ပေါင်ကြားထဲမှဘိန်း

၁၂-၉-၅၁ နေ့ နံနက် ၄ နာရီ ယစ်မျိုးအရာရှိ ဦးကိုကိုကြီးသည် ရန်ကုန် မော်တင် သင်္ဘောဆိပ် ရှာဖွေရာ ရန်ကုန်ဗလီကြီးအနီးဆင်မင်းကွက်သစ် မသန်းစိန်သည် ဘိန်းချိန် ငါးပေါင်ကျော် (တိုလာချိန် ၂၀၀) တန်ဘိုး (၇၅ဝိ) တန် ကိုပေါင်ရင်းတွင် စည်းယူလာသည်ကို တွေ့မြင် ဖမ်းဆီး တရားစွဲရာ တရားရုံးက ဒဏ်ငွေ ကျပ် (၂ဝဝိ) ပေးဆောင်ရန် မဆောင်နိုင်က အလုပ်ကြမ်းနှင့် ထောင်ဒဏ်တလ ကျခံရန် အမိန့်ချလိုက်လေ၏။

## ၃၈။ အရက်ဒုက္ခများ

ဤကျမ်းစာ အခဏ်း (၂) အမှတ် (၃) ပါနီယဇာတ် ပြန်ကြည့်လေ။

## ၃၉။ ဝိစကီ အလှူတော်ကြီး

လိသ်မြို့ (စကော့တလန်) ၂၄-၆-၅၂

ကွန်စတီကြူးရှင်း ဗလေ့အရပ်၌ ကားနှင့်တင်လာသော ဂါလံတရာဝင် အရက်စည်ကြီး လိမ့်ကျ၍၊ အပေါက်ငယ်မှ ဝိစကီအရက်များ စီးယိုကျရာ အရက်ကြိုက် စကော့ လူကြီး လူငယ်တို့ ပုလင်းများ သံပုံးများဖြင့် ခံယူကြ၏၊ ရဲအရာရှိများ အကောက်ခွန် အရာရှိများ ရောက်ရှိချိန်တွင် သံစည်ကြီးအတွင်း၌ တဂါလံမျှလောက်သာ ကျန်တော့၏၊ လူအချို့ အရက်မူး လွန်သွားကြလေရာ စကားကိုပင် ပီသအောင် မပြောနိုင်ကြ တော့ပေ။ (၂၆-၆-၅၂ မဏ္ဍိုင် သတင်းစာ ဗိုလ်လိပ်ပု ဟာသ)

## ၄၀။ အရက်နှင့် အသဲ အဆုတ်

အရက်လွန်စွာသောက်သော သူဌေးတဦး သေသော အခါ ခွဲစိပ်ကြည့်ရာ အဆုတ်မှာဆံကာပေါက်လို ဖြစ်နေသည်ကို တွေ့ မြင်ရလေ၏။

## ၄၁။ အတွင်းသားနူးညံ့လှ

ခန္ဓာကိုယ်အတွင်းသားတို့မှာ လွန်စွာနူးညံ့သည်၊ အလွန် ပူပြင်းသော အရက်ကြောင့် နူးညံ့သော အတွင်းသားတို့ မည်မျှ ပျက်စီးမည်ကို စဉ်းစားဆင်ခြင်သင့်၏။

## ၄၂။ အရက်အဆင့်

အရက်သောက်ခြင်း အဆင့်အတန်း (၄၈) ဆင့်ရှိသည်၊ (၄၂) ခန့်တွင် ကုသရန် ခဲယဉ်းသော အခြေအနေဖြစ်၍(၄၈)

ဆင့် ရောက်သောအခါ အလွှာသခင်ထံရောက်၊ ကောင်း ကင်ဘုံရောက်၊ သင်းချိုင်းကုန်းရောက်ရလိမ့်မည်။

## ၄၃။ အပြန်အလှန်သောက်

အစ ပထမ လူက အရက်ကိုသောက်၏၊ နောက်တွင် တဖြေး ဖြေး အရက်က လူကို သောက်ပစ်လိုက်လေ၏။

## ၄၄။ နောင်တပူပန် (၁၁) ပါး

ပါဏာတိပါတ အဒိန္နာဒါန ကာမေသုမိစ္ဆာစာရ သုရာ မေရယ ကမ္ဘာ့ကျင့်ဝတ် ယဉ်ကျေးမှု ကိုယ်ကျင့်တရားငါးပါး ကို လွန်ကျူး၏၊ အရိယာ သူတော်ကောင်းတို့ အမူအကျင့် မဟုတ် ကြမ်းကြုတ်ခက်ထန် ပြုကျင့်၏၊ မျိုးရိုးစဉ်လာ ကိုး ကွယ်မှုတို့ကို ဖျက်ဆီး၏၊ ထိုသူသည် နောင်တ တဖန် ပူပန်ရ တတ်၏။

## ၄၅။ လင်မယား နှစ်ယောက် အရက်သောက်မူး၊ ရန်ဖြစ် လင်က မယားသတ်၊ တိတ်တိတ်မြှုပ်၊ ဖမ်းဆီး

မြိတ်မြို့ ၁၂-၆-၇၀

မြိတ်အရှေ့ အင်မော်ကျေးရွာအုပ်စု ကလင်ဘန်းကျေးရွာ တွင် လယ်သူမ ဒေါ်လှခင် ၅-၅-၇၀ နေ့ ရုတ်တရက် နေမ ကောင်း သေဆုံး၍ လင်ဖြစ်သူ ဦးမောင်ဖုန်းက လျှို့ဝှက်မြေ မြှုပ်လိုက်၏၊ ရိုးရိုးသေခြင်း မဟုတ်၊ ရိုက်သတ်၍သေကြောင်း တလကျော်ကြာမှ ပေါ်ပေါက်စစ်ဆေး ဖမ်းဆီးလိုက်၏။

ထိုနေ့က လင်မယားနှစ်ယောက် လယ်ထဲတွင် အရက်အလွန်အကျွံ သောက်စားမူးယစ် စကားများ ရန်ဖြစ်ကြသည်၊ ဦးမောင်ဖုန်းက ဒေါ်လှခင်ကို ရိုက်သတ်လိုက်သည်၊ ထို့နောက် ရုတ်တရက် သေဆုံးကြောင်း သတင်းလွှင့်ကာ မတိုင်ကြားပဲ မြေမြှုပ်ပစ်လိုက်သည်။

ဦးမောင်ဖုန်းက ရဲတပ်ဖွဲ့တွင်ဝန်ခံထွက်ဆို အရေးယူထား၏။

(မြန်မာ့အလင်း သတင်းစာ ၂၂-၆-၈၀)

## ၄၆။ ထန်းရေအိုး ဒေါသ

ထန်းတပင် ၇-၄-၇၉

စစ်ကိုင်းတိုင်း ထန်းတပင်မြို့ (ဇီးကုန်း) ရဲစခန်းပိုင် ဝက်တိုးရွာ ကိုစစ်မြိုင်က ဦးကွာလစ်ထံ ထန်းရေဖိုး ၂ ကျပ်တောင်း၏၊ မိမိ အကြွေးမသောက်၊ ညွှေသည် အကြွေးဝယ်ခိုင်း သောက်ခြင်းဖြစ်၍ မပေးနိုင်ကြောင်း အငြင်းပွား ရန်ဖြစ်၏၊ ကိုစစ်မြိုင်က ဦးကွာလစ်သားကို ဒုတ်ဖြင့် ရိုက်ရာ ပွဲချင်းပြီး သေဆုံး၏၊ ဦးကွာလစ် မိသားစုက ကိုစစ်မြိုင် မယားနှင့်သားကို ဓားဖြင့်ခုတ်ရာ ဒဏ်ရာပြင်းထန်စွာ ရရှိ၏၊ ဆိုင်ရာမှ အရေးယူထား၏။

(မြန်မာ့အလင်း ၂၀-၄-၇၉)

## ၄၇။ ဘိန်းစားကို မယားပစ်

၂၂-၇-၇၉ ကျွန်းလှမြို့နယ် ဘိုအင်ကျေးရွာ ဘိန်းစွဲသူ ဦးစံမောင် (၄၇) ကို ဇနီး ဒေါ်နက်စိန် (၄၂) က ကွာရှင်း

လိုကြောင်း ပြည်သူ့ကောင်စီ တိုင်ကြားရာ ဦးစံမောင်က ဇနီး ကို ဓားဖြင့်ထိုးပြီး မိမိကိုယ်ကိုလည်း ထိုးမှုဖြစ်ပွား၏၊ ဦးစံမောင် မှာ သေဆုံးသွား၍ ဒေါ်နက်စိန်မှာ ဆေးရုံတွင် ကုသထား၏။

(လုပ်သားသတင်းစာ ၃-၉-၇၉)

## ၄၈။ ရွှေတြိဂံနယ်မြေနှင့် ရွှေလခြမ်းဒေသ

၁၉၇၉ ခုနှစ် မတိုင်မီ အရှေ့နိုင်ငံ အာရှတိုက် မြန်မာ, လာအို, ထိုင်း သုံးနိုင်ငံတို့မှာ မူးယစ်ဆေးဝါးအတွက် နာမည် ကြီးသည်၊' ရွှေတြိဂံနယ်မြေဟု ကမ္ဘာတွင် ထင်ရှားသည်။

ထို့နောက်ပိုင်းတွင် အီရန်, အာဖဂန်နစ္စတန်, ပါကစ္စတန် သုံးနိုင်ငံမှာ မူးယစ်ဆေးဝါးအတွက် နာမည်ကြီးလာသည်၊ ဂိုးလ်ဒင်းကရက်ဆင့် ရွှေလခြမ်းဒေသဟု ခေါ်ကြသည်၊ ထိုမှ တဆင့် ဥရောပတိုက် အင်္ဂလန်နိုင်ငံ အမေရိကတိုက် အထိ မူးယစ်ဆေးဝါး ပြန့်ပွားနေသည်၊ အမေရိကတိုက်တွင် ၁၉၇၉ ခုနှစ်၌ ဆေးစွဲသူ လေးသိန်းရှိသည်၊ ၂၅-နှစ်အတွင်း အနည်း ဆုံး အရေအတွက်ဟု ဆိုသည်။

## ၄၉။ အင်္ဂလိပ်နှင့်ဘိန်း

အင်္ဂလိပ်တို့သည် အိန္ဒိယ အင်ပိုင်ယာ တည်ထောင်ပြီးနောက် ဗြိတိသျှ အိန္ဒိယအစိုးရသည် တရုတ်ပြည်သို့ ဘိန်းကုန်ကူးသည်၊ မြန်မာနိုင်ငံတွင်လည်း ဘိန်းဆိုင်တည်ခင်း ရောင်းချခဲ့သည်၊ ယစ်မျိုးငှာန သီးခြားရှိခဲ့သည်။

## ၅၀။ ဗမာနှင့်ဘိန်း

အင်္ဂလိပ်အစိုးရမှ မြစ်ဖျားခံခဲ့သော မြန်မာပြည် ဘိန်းလုပ်ငန်းသည် (၁၉၅၀-၅၁) တရုတ်ဖြူစစ်တပ် ကေအမ်တီ ဗိုလ်ချုပ် လီမီခေတ်အထိ ပြန့်ပွားလာသည်၊ ၁၉၆၂ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရသည် နည်းမျိုးစုံ စစ်ဆင်ရေးမျိုးစုံတို့ဖြင့် ဘိန်းစိုက်ခင်း၊ ဘိန်းလုပ်ငန်းအားလုံးတို့ကိုအကြီးအကျယ် တိုက်ခိုက်ချေမှုန်းခဲ့သည်။

# အရက်

## အခန်း ၅

### နောက်ဆက်တွဲ (၁)

### မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါး ဥပဒေ

မြန်မာနိုင်ငံတော်တွင် ရှေးမြန်မာမင်းများ လက်ထက်မှစ၍ ခေတ်အဆက်ဆက် အစိုးရအဆက်ဆက် ဘိန်းဥပဒေ ယစ်မျိုး ဥပဒေများကို ပြဋ္ဌာန်းသတ်မှတ်ထားပြီး ဖြစ်သည်။

၁၈၇၈-ခုနှစ် ဘိန်းဥပဒေ၊ ၁၉၁၇-ခုနှစ် ယစ်မျိုးဥပဒေ၊ ၁၉၃၁-ခုနှစ် ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ၊ ၁၉၅၀-ပြည့်နှစ် ဘိန်းခမ်း နှိပ်ကွပ်ရေးဥပဒေ၊ ၁၉၅၅-ခုနှစ် ဘိန်းရှူစားသုံးသူများ မှတ်ပုံမတင် မနေရ ဥပဒေ....စသည်ဖြင့် ဥပဒေများစွာ ရှိသည်။

၁၉၇၄-ခုနှစ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေသည် (အချိန်ပိုင်း ချွင်းချက် နယ်မြေ ဒေသမှ

အပ) ပြည်ထောင်စု မြန်မာ နိုင်ငံတော် တဝှမ်း လုံးတွင် ၂၀-၂-၇၄ နေ့စွဲမှစ၍ အာဏာ တည်မြဲနေသည်။

ဤဥပဒေတွင် ပုဒ်မပေါင်း ၁၉ ခုပါရှိ၍ အခဏ်း ၃ ခဏ်း ခွဲခြားထားသည်၊ လိုက်နာဆောင်ရွက်ရန်အသေးစိတ် ညွှန်ကြား ထားသည်၊ နည်းဥပဒေ များတွင် ပုဒ်မပေါင်း ၇၅-ခု ပါရှိ၍ လွန်စွာ တိကျသော လမ်းညွှန်ချက်များ အသေးစိတ် ပါရှိသည်။

## နောက်ဆက်တွဲ (၂)

မြန်မ,လာအို,ထိုင်း နယ်စပ်ဆုံရာ ဒေသတွင် မူးယစ်ဆေးဝါး အကြီးအကျယ် စိုက်ပျိုးလုပ်ကိုင်ခြင်းကြောင့် ရွှေတြိဂံနယ်မြေဟု ကမ္ဘာကျော်နေသည်။

ကေအမ်တီခေါ် ကူမင်တန်တရုတ်ဖြူ အစိုးရတပ်များသည် (၁၉၅၀-၅၁)ခုနှစ်အတွင်းက တရုပ်ပြည်တောင်ပိုင်း တိုက်ခိုက် ရင်း မအောင်မြင်ပဲ ထွက်ပြေးဆုတ်ခွာရာ ယူနန်နှင့် မြန်မာနယ် စပ်အတွင်း ရောက်လာကြသည်၊ ကေအမ်တီ တပ်များကို အုပ် ချုပ်သူမှာ ဗိုလ်ချုပ် လီမီ ဖြစ်သည်၊ ကေအမ်တီ တပ်တို့မှာ တသောင်း ကျော်နေရာ ကချင်ပြည်နယ် ရှမ်းပြည်နယ်တို့တွင် ခြေကုပ်ရနေသည်၊ ကေအမ်တီတို့သည် ဒေသခံ သောင်းကျန်းသူ တို့နှင့် ပူးပေါင်းသောင်းကျန်းလျက်ရှိသည်၊ ၁၉၅၀ ပြည့်နှစ်မှ စ၍ ဗမာ့တပ်မတော်မှ ထိုးစစ်ဆင် တိုက်ထုတ် အောင်ပန်းဆင် ယင် နိုင်ခဲ့သည်။

၁၉၅၃ ခုနှစ်တွင် ကေအမ်တီ ကျူးကျော်မှုကို မြန်မာနိုင်ငံ အစိုးရက ကုလသမဂ္ဂ တိုင်တန်းသည်။ ၁၉၆၁ ခုနှစ်အထိ ဗမာ့ တပ်မတော်က ချေမှုန်းတိုက်ခိုက်ခဲ့သည်။

တရုတ်ဖြူတပ် (ကေအမ်တီ)တို့သည် မြန်မာနိုင်ငံကို ကျူး ကျော်ရင်း ထိုတြိဂံနယ်၏ တိုင်းရင်းသူအချို့နှင့် အိမ်ထောင် ကျကြသည်၊ ဘိန်းလုပ်ငန်း လုပ်ကြသည်၊ ဘိန်းများကို ထိုင်း နိုင်ငံမှတဆင့် ဥရောပတိုက် အမေရိကတိုက်သို့ တင်ပို့ရောင်းချ ကြသည်၊ ကေအမ်တီဗိုလ် လီမီနှင့် ထိုင်းရဲတပ်ဗိုလ်ချုပ် ဖာအို ဆူရိယာနန္ဒတို့ ပူးပေါင်းကာ ကြီးကျယ်စွာ လုပ်ကိုင်ကြသည်။

## နောက်ဆက်တွဲ (၃)

မြန်မာနိုင်ငံ အစိုးရသည် မူးယစ်ဆေးဝါး အန္တရာယ်များကို ကာကွယ်စောင့်ရှောက်လျက် ရှိသည်၊ ကုလသမဂ္ဂ လက်အောက် ရှိ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးဌာနကြီးနှင့် ၁၄-၅-၇၆ နေ့စွဲတွင် ပူးပေါင်းဆောင်ရွက်ရန် စာချုပ် ချုပ်ဆိုသည်။

မြန်မာနိုင်ငံ အစိုးရသည် ဘိန်းစစ်ဆင်ရေး အမျိုးမျိုး စစ် ဆင်နှိမ်နင်း ဖျက်ဆီးကာကွယ်သည်မှာ အားရကျေနပ်ဖွယ်၊ ဝမ်း မြောက်ဖွယ် ဖြစ်သည်၊ ထို့ပြင်မကသေး ကမ္ဘာ့နိုင်ငံများနှင့် ပူး ပေါင်းစည်းဝေးဆောင်ရွက်ခြင်း၊ ပညာပေးလုပ်ငန်း သုတေသန လုပ်ငန်း ဆောင်ရွက်ခြင်းဖြင့် နိုးကြား တက်ကြွစွာ ကာကွယ် သည်။

## နောက်ဆက်တွဲ (၄)

### မူးယစ်ထုံထိုင်း ဆေးဝါးများ အဖြစ် ကျေညာခြင်း

ကျန်းမာရေးဝန်ကြီးဌာန

ရန်ကုန်မြို့ ၁၃၃၅-ခု တပို့တွဲလပြည့်ကျော် ၁၄ရက်
(၁၉၇၄-ခုဖေဖော်ဝါရီလ ၂၀ ရက်)

အမှတ် ၄၊ ၁၉၇၃-ခုနှစ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(က) အပိုဒ် (၂) အရ အစိုးရသည် အောက်တွင် ဖော်ပြထားသည့် ပြင်ဆင်ပြုလုပ်ပြီးသော ဆေးဝါးများကို မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများအဖြစ် ကျေညာလိုက်သည်။

၁။ အက်ဆီတော်ဖင်း
၂။ အက်ဆီတိုင်ဒိုင်ဟိုက်ဒရိုကိုဒိန်း၊
၃။ အက်ဆီတိုင်(လ်)မီသာဒို(လ်)
၄။ အယ်လိုင်ပရိုဒိန်း
၅။ အယ်(လ်) ဖာဆက်တီမီသာဒို(လ်)
၆။ အယ်(လ်)ဖာမီပရိုဒိန်း
၇။ အယ်(လ်) ဖာ မီသာဒို(လ်)
၈။ အယ်(လ်)ဖာ ပရိုဒင်း
၉။ အင်နလာရီဒင်း
၁၀။ ဘင်ဇိုင်မော်ဖင်း
၁၁။ ဗီတာ အက်ဆီတိုင်မီသာဒေါလ်
၁၂။ ဘင်ဇီသီဒင်း
၁၃။ ဗီတာမက်ပရိုဒင်း
၁၄။ ဗီတာမီသာဒေါလ်
၁၅။ ဗီတာပရိုဒင်း
၁၆။ ဗီဇီထရာမိုက်

၁၇။ ဆေးခြောက်နှင့် ဆေးခြောက် အစေး
၁၈။ ကလိုနီတာဇင်း
၁၉။ ကိုကားရွက်
၂၀။ ကိုဒိန်း
၂၁။ ကိုကင်း
၂၂။ ကိုဒေါ့ဆင်း
၂၃။ အစေ့မပါသော ရိတ်သိမ်းပြီးဘိန်းပင်မှ အဆီအနှစ်များစုပေါင်းထားသည့်အရာ (အစေ့မပါသော ရိတ်သိမ်းပြီး ဘိန်းပင်၏ အယ်ကလွိုက်များ စုပေါင်း ထားရန် အတွက် မွမ်းမံ ပြင်ဆင်ပြုပြင်ရာမှ ဖြစ်ပေါ်ရရှိသည့်အရာဝတ္ထု)။
၂၄။ ဒီဆိုမော်ဖင်း
၂၅။ ဒက်စ်ထရိုမိုရာမိုက်
၂၆။ ဒိုင်အမ်ပရိုမိုက်
၂၇။ ဒိုင်အီသိုင်းသိုင်အမ်ဗြူတင်း
၂၈။ ဒိုင်ဟိုက်ဒရိုကိုဒိန်း
၂၉။ ဒိုင်ဟိုက်ဒရိုမော်ဖင်း
၃၀။ ဒိုင်မီနိုအောက်ဆာဒေါလ်
၃၁။ ဒိုင်မီဖီတာနောလ်
၃၂။ ဒိုင်မီသိုင်းသိုင်အမ်ဗြူတင်း
၃၃။ ဒိုင်အောက်ဆာဖီတိုင်းဗျူတီရိတ်
၃၄။ ဒိုင်ဖီနိုအောက်ဆီလိတ်
၃၅။ ဒိုင်ပိုက်ပါနွန်း
၃၆။ ဒရိုတီဘာနောလ်
၃၇။ အက်လိုနင်း
၃၈။ အီသိုင်း မီသိုင်း သိုင်အမ်ဗြူတင်း
၃၉။ အီသိုင်းမော်ဖင်း
၄၀။ အီတိုနီတာဇင်း
၄၁။ အီတော်ဖင်း
၄၂။ အီတိုအောက်ဆာရီဒင်း
၄၃။ ဖင်ထနိုင်လ်
၄၄။ ဖြူရီဆီဒင်း
၄၅။ ဟယ်အိုအင်း
၄၆။ ဟိုက်ဒရိုကိုဒုန်း

၄၇။ ဟိုက်ဒရိုမော်ဖိနောလ်
၄၈။ ဟိုက်ဒရိုမော်ဖုန်း
၄၉။ ဟိုက်ဒရို အောက်ဆီ ဗက်သင်း
၅၀။ အိုက်ဆိုမက်သီဒုန်း
၅၁။ ကီတိုဘီမီဒုန်း
၅၂။ လီဗိုမီသော်ဖန်း
၅၃။ လီဗိုမိုရာမိုက်
၅၄။ လီဗိုဖီမာဆီလ် မော်ဖင်း။
၅၅။ လီဗိုဖာနောက်
၅၆။ မက်တာဇိုးဆင်း
၅၇။ မက်သာဒုန်း
၅၈။ မက်သာဒုန်း အင်တာ မီဒီယိတ်
၅၉။ မက်သာကိုကုန်း
၆၀။ မီသိုင်းဒီဆော်ဖင်း
၆၁။ မီသိုင်းလ် ဒိုင်ဟိုက်ဒရို မော်ဖင်း
၆၂။ မီတိုပုန်
၆၃။ မိုရာမိုက် အင်တာမီဒီ ယိတ်
၆၄။ မော်ဖီရီဒင်း
၆၅။ မော်ဖင်း
၆၆။ မော်ဖင်းမီသို ဗရိုမိုက်နှင့် အခြား ဗင်တာ ဘေးလန့် နိုက်ထရိုဂျင် မော်ဖင်းမှ ရသော အရာဝတ္ထုများ။
၆၇။ မော်ဖင်းအန် အောက်ဆိုက်။
၆၈။ မိုရိုဖင်း
၆၉၊ နစ်ကိုကိုဒင်း
၇၀။ နစ်ကိုဒီကိုဒိန်း
၇၁။ နစ်ကိုမော်ဖင်း
၇၂။ နိုရာစီမီသာဒေါလ်
၇၃။ နော်ကိုဒိန်း
၇၄။ နော်လီဗိုဖာနောက်
၇၅။ နော်မီသာဒုန်း
၇၆။ နော်မော်ဖင်း
၇၇။ နော်ပိုက်ပါနုန်း
၇၈။ ဘိန်း
၇၉။ အောက်ဆီကိုဒုန်း
၈၀။ အောက်ဆီမော်ဖုန်း
၈၁။ ပက်သဒင်း
၈၂။ ပက်သဒင်း အင်တာမီ ဒီယိတ် အေ

၈၃။ ပက်သဒင်း အင်တာမီ ဒီယိတ် ဘီ
၈၄။ ပက်သဒင်းအင်တာမီဒီ ယိတ် စီ
၈၅။ ဖီနာဒိုအောက်ဇုန်း
၈၆။ ဖီနမ်ပရိုမိုက်
၈၇။ ဖီနာဇိုဆင်း
၈၈။ ဖီနော်မော်ဖန်း
၈၉။ ဖီနိုပီရီဒင်း
၉၀။ ဖော်လ်ကိုဒင်း
၉၁။ ပီမီနိုဒင်း
၉၂။ ပီရီထရာမိုက်
၉၃။ ပရိုဟက်ပ်တာဇင်း
၉၄။ ပရိုပါရီဒင်း
၉၅။ ပရိုပီရမ်း
၉၆။ ရာစီမီသော်ဖန်း
၉၇။ ရာစီမိုရာမိုက်
၉၈။ ရာစီမော်ဖန်း
၉၉။ သီဘာကောန်
၁၀၀။ သီဘိန်း
၁၀၁။ ထရိုင်မက်ပီရီဒင်း
၁၀၂။ ဒိုင်ဖီနိုဇင်

**မှတ်ချက်** ၁၀၂ ကို ၂-၅-၇၄ နေ့စွဲတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ထပ်မံဖြည့်စွက်သည်။

**ရှင်းလင်းချက်**

(၁) ၁၉၃၁ ခုနှစ် မူးယစ်တုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ပြင်ဆင်ပြုလုပ်ခြင်း၊ ကန့်သတ်မှုနှင့် ဖြန့်ဖြူးခြင်း၊ စည်းမျဉ်းသတ်မှတ်မှု ကွန်ဗင်ရှင်းစာချုပ် အပိုဒ် ၁၊ စာပိုဒ် ၂၊ တွင် ပါရှိသည့် သတ်မှတ်ချက်များအရ ကိုကင်း ၀.၁ ရာခိုင်နှုန်းထက် ပိုမို၍ ပါဝင်သည့်ပြင် ကိုကားရွက်မှ တိုက်ရိုက်ပြင်ဆင်ပြုလုပ်ဖော်စပ်ထားသည့် ဆေးများကို ''ကိုကင်း''နှင့်(ဖော်စပ်ထားသော ဆေးများ) ဟု မှတ်ယူခဲ့ပါသည်။

သို့ရာတွင် ၁၉၆၁ ခုနှစ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သောဆေးဝါးများဆိုင်ရာကွန်ဗင်ရှင်းစာချုပ်ပါသတ်မှတ်ချက်များနှင့် စာရင်းစုများ တွက်ချက်ပြုစုရေး ကိစ္စအလို့ငှာ ဤဖော်စပ်ထားသည့် ဆေးများကို ကိုကားရွက်နှင့် (ဖော်စပ်ထားသောဆေးများ) ဟူ၍ မှတ်ယူရပါမည်။

(၂) ၁၉၇၁ ခုနှစ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သောဆေးဝါးများ ပြင်ဆင်ပြုလုပ်ခြင်း၊ ကန့်သတ်မှုနှင့်ဖြန့်ဖြူးခြင်းစည်းမျဉ်းသတ်မှတ်မှု ကွန်ဗင်ရှင်း စာချုပ်ပါ သတ်မှတ်ချက်များအရ အစေ့မပါသော ရိတ်သိမ်းပြီး ဘိန်းပင်မှ အဆီအနှစ်များ စုပေါင်းထားသည့် အရာကို မော်ဖင်း ဟူ၍ မှတ်ယူခဲ့ပါသည်။

သို့ရာတွင် ၁၉၆၁ ခုနှစ် သဘောတူစာချုပ်ပါ သတ်မှတ်ချက်များနှင့်အညီ ခန့်မှန်းချက်များနှင့် စာရင်းများကို တွက်ချက်ပြုစုရေး ကိစ္စအလို့ငှာ အစေ့မပါသော ရိတ်သိမ်းပြီး ဘိန်းပင်မှ အဆီအနှစ်များ စုပေါင်းထားသည့် အရာများကို သီးခြား ဆေးဝါးတရပ်ဟူ၍ မှတ်ယူရပါမည်။

(၃) ၁၉၇၁ ခုနှစ် မူးယစ်ထုံထိုင် ဘေးဖြစ်စေတတ်သောဆေးဝါးများ ပြင်ဆင်ပြုလုပ်ခြင်း၊ ကန့်သတ်မှုနှင့် ဖြန့်ဖြူးခြင်း၊ စည်းမျဉ်းသတ်မှတ်မှု ကွန်ဗင်ရှင်းစာချုပ် အပိုဒ် ၁၊ စာပိုဒ် ၂ တွင် ပါရှိသည့် သတ်မှတ်ချက်များအရ မော်ဖင်း ၀.၂ ရာခိုင်နှုန်းထက် ပိုမို၍ ပါဝင်သည့်ပြင် ဘိန်းမှ တိုက်ရိုက်ပြင်ဆင်ပြုလုပ် ဖော်စပ်ထားသည့် ဆေးများကို "မော်ဖင်း"နှင့် (ဖော်စပ်ထားသော ဆေးများ) ဟူ၍ မှတ်ယူခဲ့ပါသည်။

သို့ရာတွင် ၁၉၆၁ ခုနှစ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာ ကွန်ဗင်ရှင်း စာချုပ်ပါ သတ်မှတ်ချက်များနှင့်အညီ ခန့်မှန်းချက်များနှင့် စာရင်းစုံများ တွက်ချက်ပြုစုရေးကိစ္စ အလို့ငှာ ဘိန်းမှ တိုက်ရိုက်ပြင်ဆင် ဖော်စပ်ထားသည့် ဆေး အားလုံးကို ဘိန်းနှင့် (ဖော်စပ်ထားသည့်ဆေးများ ) ဟူ၍ မှတ်ယူသည်၊ အကယ်၍ ထို ဖော်စပ်ထားသော ဆေးများ မဟုတ်ပဲ (ဥပမာအားဖြင့်) ပန်တိုမွန် အော်မနိုပွန်နှင့် ပါပါဝဲရက်တန်တို့ ကဲ့သို့ ဘိန်းအယ်လ်ကလွိုက် အချင်းချင်း ရောစပ်ရာမှ ရရှိသည့် ဆေးများဖြစ်လျှင် အဆိုပါ ဖော်စပ်ထားသော ဆေးများကို မော်ဖင်းနှင့် (ဖော်စပ်ထားသော ဆေးများ) ဟူ၍ ဆက်လက်မှတ်ယူရပါမည်။

(၄) အောက်တွင် ဖော်ပြထားသော ဆေးတမျိုးမျိုးကို အခြားမည်သည့် အရာဝတ္ထုပစ္စည်းများနှင့် မဆို ရောနှောဖော်စပ်ရာတွင် ယင်းသို့ ရောနှောဖော်စပ်ရရှိသည့် ဆေးတခါစားဖြစ်စေ တကြိမ်သုံးဖြစ်စေ ပါဝင်သည့် မူရင်းဆေးမှာ မီလီဂရမ် ၁၀၀ ထက် မပိုသည်လည်းဖြစ်၍ ဆေးရည်, ဆေးခဲ, ဆေးမှုန့် အသီးသီး၏ တစုတပေါင်းတည်း၌ မူရင်းဆေး ပါဝင်မှုမှာ ၂.၅ ရာခိုင်နှုန်းထက်လည်း မပိုလျှင် ယင်းသို့ ဖော်စပ်ရရှိသည့် ဆေးကို မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးအဖြစ် သတ်မှတ်ခြင်း မပြုရ။

(က) အက်စ် စီတိုင်ဒိုင်ဟိုက်ဒရိုကိုဒိန်း
(ခ) ကိုဒိန်း
(ဂ) ဒိုင်ဟိုက်ဒရိုကိုဒိန်း

(ဃ) အီသိုင်လင်းမော်ဖင်း
(င) နိုကိုဒိန်း
(စ) နော်ကိုဒိန်း
(ဆ) ဖော်လ်ကိုဒင်း

အမိန့်အရ

**ဒေါက်တာ သိန်းအောင်**

ဒုတိယ ဝန်ကြီး

ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ

ကျန်းမာရေး ဝန်ကြီးဌာန။

## နောက်ဆက်တွဲ (၅)
## သတင်းစာများကောက်နုတ်ချက်

### ဘိန်းရောင်းအမျိုးသမီး ထောင်ဆယ်နှစ်

တမ်ကုန်းမြို့ ၂၆-၆-၇၀

၁၉၇၉-ခုနှစ် ဩဂုတ်လ ၁၉ ရက် ရမည်းသင်းမြို့ မြို့လှကျေးရွာ မောင်လှဝင်းထံမှ ဘိန်းစိမ်း ငါးပဲသား ပြည်သူ့ရဲတပ်ဖွဲ့မှ ဖမ်းဆီးရရှိစစ်ဆေးရာ တပ်ကုန်းမြို့ ဗိုလ်မင်းရောင် ရပ်ကွက် လမ်းမတော် ဒေါ်ခင်နုထံမှ ဝယ်ယူကြောင်း ထွက်ဆိုရာ ဒေါ်ခင်နုံအိမ်၌ ရှာဖွေရာ ဖလ်ပုလင်းနှင့် ဘိန်းဆီကဆယ်သား ခန့်ဓချောင်းဆိုးပျောက်ဆေး ပုလင်းနှင့် ဘိန်းဆီ ငါးကျပ်သားခန့် ဘားပလက်ဗူးနှင့် ဘိန်းဆီ ရှစ်ပဲသားခန့်အပြင် ရောင်းရငွေ ၁၂ ကျပ်ကိုပါ တွေ့ရှိဖမ်းဆီးမိ၏။ ဆက်၍ရှာဖွေရာ နောက်ဖေးမီးဖိုထဲတွင် ဘောဘီလက် နို့မှုန့်ဗူးနှင့် မြေမြှုပ်ထားသော ဘိန်းစိမ်းတပိဿာခန့်ကိုပါ ဖမ်းဆီးမိသည်။

မြို့နယ်တရားရုံးမှ ဆေးဝါးဥပဒေပုဒ်မ ၁၀(၁)အရထောင် ဒဏ်ဆယ်နှစ် ယနေ့စီရင်ချက်မှတ်လိုက်၏။

### ဘိန်းတွေ့ဖမ်းဆီး

မြိတ်မြို့ ၂၆-၆-၇၀

ရေနံမြေရပ်ကွက် ဦးသန်းဖေအိမ် သတင်းအရ သက်ဆိုင်ရာမှ ရှာဖွေရာ ဘိန်းမဲ့ အထုပ်ငယ် (၁၀) ထုပ် ဘိန်းရှူကိရိယာ သက်သေခံပစ္စည်းဆယ်မျိုးနှင့်အတူ ဆိုင်ရာမှ အရေးယူထား၏။

## ထိုင်း မလေးရှား နယ်စပ် အနီး ဘိန်းစိမ်းပေါင်း ၁၂၀ ကျော် ဖမ်းမိ

အလော့တော(မလေးရှာ) ၄-၇-၀၀

ထိုင်း မလေးရှား နယ်စပ် ချန်ဂလွန်မြို့တွင် အကောက်ခွန် အရာရှိများ စစ်ဆေးနေစဉ် စက်ဘီးသမားကို ရပ်တန့်ခိုင်းရာ ဘိန်းစိမ်းကို လွှတ်ပစ်ထွက်ပြေးသွား၏။ သေနတ်ပစ် သတိပေး သော်လည်း ကိုယ်လွတ်ရုန်းထွက်ပြေးသွားသည်။

ဘိန်းစိမ်း ၅၅ ဒသမ ကီလိုဂရမ် (၁၂၂ ဒသမ ၂ပေါင်) ဖမ်းဆီးရမိသည်။ မှောင်ခိုဈေးတွင် မလေးရှား ဒေါ်လာ ၇၅၀၀၀(အမေရိကန်ဒေါ်လာ ၃၅၇၁၄)ခန့် တန်ဖိုးရှိသည်။

(မြန်မာ့အလင်းသတင်းစာ ၆-၇-၀၀)

## ဘိန်းဖြူ ၁၅၀၀၀၀ ဖိုးမိ

၁၃-၃-၀၀ နေ့စွဲပါသတင်းအရ တောင်ကြီး ရဲစခန်းမှ တောင်ကြီးမြို့ ကန်သာရပ် ပြည်တော်အေးကြားလမ်း ဦးစိုးမြင့် နေအိမ်သို့ရှာဖွေရာ သမက် မောင်မြင့်သိန်း ဝတ်ထားသော ဂျာကင်အင်းကျီ အိတ်ထဲမှ ဘိန်းဖြူ အလေးချိန်လေးရွေးသား အထုပ်ငယ် (၁၁) ထုပ် သိမ်းဆီးရရှိ၏။ မောင်မြင့်သိန်း၏ ဖော်ထုတ်ချက်အရ ရေအေးတွင်းရပ် သီတာလမ်း အိုက်စံ (ခ) ချစ်ဆွေ နေအိမ်မှ ပလပ်စတစ်ဗူး လေးဗူးဖြင့် ဘိန်းဖြူ ပေါင် သုံးပေါင်နှစ်ဆောင်စ တန်ဖိုးငွေ ကျပ်ငွေ တသိန်းငါးသောင်း ဘိန်းရှူကိရိယာများနှင့်တကွ ဖမ်းဆီးရမိသည်။

တရားခံများကို မြို့နယ်တရားရုံးသို့ ၁၀-၄-၇၀ နေ့စွဲတွင် တရားစွဲတင်ပို့လိုက်၏။ (သတင်းစဉ်)

(မြန်မာ့အလင်းသတင်းစာ ၆-၇-၇၀)

## လန်ဒန် ဂီတပွဲတော် မူးယစ်ဆေးဝါးစားသုံးသူ ဖမ်းဆီး

လန်ဒန် ၃-၇-၇၀

ကိန်းဘရစ်ဂ်၌ ပြုလုပ်သော ရိုးရာဂီတပွဲတော်၌ မူးယစ်ဆေးဝါးသုံးစွဲသူတရာကျော်ကို ရဲဘက်မှ ဖမ်းဆီးလိုက်သည်။ ၎င်းတို့အားလုံး ဒေသတရားရုံး၌ ရင်ဆိုင်ကြရမည်။

နှစ်စဉ်သုံးရက်ကြာ ကျင်းပသော ဂီတပွဲတော်မှာ ဆေးခြောက်သုံးစွဲသူ အများအပြား ဖမ်းဆီးရမှုကြောင့် ထင်ပေါ်ကျော်ကြား လူသိများနေသည်။

(ကြေးမုံသတင်းစာ ၅-၇-၇၀)

## လူလေးဦး၏အိမ်ရန်၌ ကွပ်မျက်

တီဟီရန် ၅ ၇-၇၀

အိမ်ထောင်ရေးဖောက်ပြန်မှု၊ မူးယစ်ဆေးဝါး ရောင်းဝယ်မှု၊ လိမ်တူချင်းဆက်ဆံမှုတို့ဖြင့် ဟီဟီရန်အနောက်တောင်ဘက်မိုင် ၁၇၀ ကွာ ဘိုတူဂျက်မြို့၌ အစွလမ် တရားရုံး အမိန့်အရ ကွပ်မျက်လိုက်သည်။

(ကြေးမုံသတင်းစာ ၇-၇-၇၀)

## မူးယစ်ဆေးဝါး ၁၇ တန်ကျော် ထိုင်းအစိုးရဖျက်ဆီးပစ်

ဘန်ကောက် ၈-၈-၈၀

မှောင်ခိုရောင်းချသူများထံမှ ဖမ်းဆီးမိ၍ ဆိုင်ရာတရားရုံးမှ စီရင်ချက်ချမှတ်ပြီး မူးယစ်ဆေးဝါးမျိုးစုံ ၁၇ တန်ကျော်(ဒေါ်လာ ငါးသန်းကျော်ဖိုး)ကို ထိုင်းအစိုးရက ယနေ့ ဒုဝန်ကြီးချုပ် ဆမ်းနှားနခန့် နှင့် နိုင်ငံခြား သံအရာရှိများ ရှေ့မှောက်တွင် မီးရှို့ဖျက်ဆီးပစ်လိုက်၏။

(မြန်မာ့အလင်းသတင်းစာ ၁၀-၈-၈၀)

## အီရန်မူးယစ်ဆေးဝါး ခုနစ်ဦးကွပ်မျက်

တီဟီရန် ၁၃-၇-၈၀

မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှုဖြင့် အမျိုးသမီးအပါအဝင် လူခုနစ်ဦးကို လက်မရှိတပ်သားတို့က လွန်ခဲ့သည့်ညက ပစ်ခတ်ကွပ်မျက်သည်။ အီရန်နိုင်ငံ မူးယစ်ဆေးဝါး နှိပ်ကွပ်ရေးခေါင်းဆောင် အယာတိုလာခါခါလီ၏ အမိန့်အရ ကွပ်မျက်ခြင်းဖြစ်သည်။

## အီရန်မူးရစ်ဆေးဝါးမှု ၁၀ ဦး ကွပ်မျက်

တီဟီရန် ၂၃-၇-၈၀

ရှားဘုရင်လက်ထက်မှ အမတ်ဟောင်း တဦး အပါအဝင် လူ ၁၀ ဦးကို မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချမှုဖြင့် တီဟီရန်မြို့၌ ယနေ့ စောစောပိုင်းက ကွပ်မျက်လိုက်သည်။ အမတ်

ဟောင်း မိုဟာမက်ဟာရက်လီကို လွှန်ခဲ့သည့် နှစ်ရက်က ဖမ်းဆီးခဲ့ရာ ဘိန်း ၂၄ ကီလိုဂရမ် (၅၂ ပေါင်ခန့်) ရဲအဖွဲ့မှရှာဖွေတွေ့ရှိပါသည်။

## အီရန်မူးယစ်ဆေးဝါးမှုနှင့် ပုန်ကန်မှုခြောက်ဦး ကွပ်မျက်

တီဟီရန် ၂၂-၇-၈၀

အီရန် နိုင်ငံတွင် မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့် လေးဦးဗဟိုအစိုးရပုန်ကန်မှုနှင့် နှစ်ဦး ပေါင်းခြောက်ဦးကို လွှန်ခဲ့သောညက ကွပ်မျက်လိုက်၏။

မူးယစ်ဆေးဝါးမှု လေးဦးကို သေနတ်ဖြင့်ကွပ်မျက်ရန် အစ္စဖတန်မြို့ တော်လှန်ရေးခုံရုံးက အမိန့်ချမှတ်လိုက်သည်။

တော်လှန်ရေးမတိုင်မီ ရှားဘုရင် ဆန့်ကျင်ရေးသမားများကို သတ်ခဲ့သော အရာရှိတဦးနှင့် တော်လှန်ရေးအစိုးရ ဆန့်ကျင်သူ တဦးကို ကက်ရှန်မြို့နှင့် ကာမင်ရှားမြို့တွင် ကွပ်မျက်လိုက်ခြင်းဖြစ်သည်။

## ဂျပန် မူးယစ်ဆေးဝါးမှုများ ပိုမိုဖမ်းဆီးရမိ

တိုကျို ၂၅-၇-၈၀

ဂျပန်နိုင်ငံ၌ မူးယစ်ဆေးဝါးအမှုဖြင့် လွှန်ခဲ့သော ၁၉၇၉-ခုနှစ်က လူပေါင်း ၁၈၂၉၇ ဦးကို ရဲဘက်မှ ဖမ်းဆီးခဲ့သည်။ ၁၉၇၈-ခုနှစ်ထက် ၃-ဒသမ ၁၄ ရာခိုင်နှုန်းပိုလာသည်။ ဒုတိယ

ကမ္ဘာစစ်ကြီး နောက်ပိုင်းတွင် အများဆုံး ဖမ်းဆီးမိသည့်နှစ် ဖြစ်သည်။

၁၉၇၀ ပြည့်နှစ်အတွက် ရဲမှုခင်းဆိုင်ရာ စက္ကူဖြူစာတမ်း၌ ဖော်ပြထားသည်။ ယန်းငွေသန်း ၃၅၇၀၀(ဒေါ်လာသန်း ၁၉၀) ဖိုးရှိ မူးယစ်ဆေးဝါး ၁၁၉ ကီလိုဂရမ်ကိုလည်း လွန်ခဲ့သောနှစ်က ဖမ်းဆီးခဲ့သည်။

(ကြေးမုံသတင်းစာ ၂၇-၇-၇၀)

## ဗြိတိန်ဘိန်းဖြူဈေးကွက်ကြီးမား
## ဟီသရိုးလေဆိပ် ဘိန်းများဖမ်းမိ

လန်ဒန် ၃၁-၇-၇၀

လန်ဒန်ဟီသရိုးလေဆိပ်တွင် ဘိန်းများကို တကြိမ်တည်းနှင့် အများဆုံးစံချိန်တင် ဖမ်းမိသည်။ ဘုံဘေမှ လိုက်ပါလာသော အမျိုးသမီး နှစ်ဦး အပါအဝင် အိန္ဒိယ ခရီးသည် လေးဦးပိုင် သေတ္တာများ အောက်ခြေ အံ့ဝှက်တွင် လျှို့ဝှက်ယူလာသည်။ ပုပြင်စိမ်ပြီး ဘိန်း ၁၅ ကီလိုဂရမ် (၃၃) ပေါင် ဖမ်းမိသည်။ ၎င်းနှင့်ပတ်သက်၍ ဗြိတိန်အမျိုးသား နှစ်ဦးကိုလည်း ထပ်မံ ဖမ်းဆီးလိုက်၏။

အိန္ဒိယအမျိုးသားများ၏ မူးယစ်ဆေးဝါး မှောင်ခိုသွင်းမှုကြောင့် ဗြိတိန်ဥပဒေမဲ့ ဘိန်းဖြူမှောင်ခိုဈေးကွက် ကြီးထွားလာရသည်။ ဗြိတိန်သည် အိန္ဒိယတို့၏ ဘိန်းဖြူ မှောင်ခိုသွင်းရာ

အဓိကစျေးကွက်ကြီးဖြစ်နေသည်။ လွန်ခဲ့သောနှစ်တွင် ဗြိတိန်၌ မူးယစ်ဆေးဝါးသုံးစွဲသူများအနက် ၇၀ ရာခိုင်နှုန်းမှာ ဘိန်းဖြူသုံးစွဲသူများဖြစ်သည်။ (အကျဉ်းချုပ်)

(ကြေးမုံသတင်းစာ ၂-၈-၈၀)

## အီရန်၌ ၁၀ ဦး ကွပ်မျက်

တီဟီရန်မြို့ ၉-၈-၈၀

မူးယစ်ဆေးဝါးမှောင်ခိုမှု၊ လူသတ်မှု၊ လုယက်မှု စသည်တို့ကြောင့် အနောက်ပိုင်း ကာမင်ရှာမြို့တွင် မနေ့က လူ ၁၀ ဦးကို နယ်လှည့်တရားသူကြီး ခါခါလီ၏အတူးအစွလမ် တော်လှန်ရေး တရားရုံးမှ သေဒဏ်အမိန့်ချမှတ် ကွပ်မျက်လိုက်၏။

(မြန်မာ့အလင်းသတင်းစာ ၁၁-၈-၈၀)

ဒေါ်လာသန်း ၂၀၀ ဖိုး ဆေးခြောက်ဖမ်းမိ၊ အက်စကီးလ် (နယူးယောက်)

အက်စကီးလ်(နယူးယောက်) ၂၁-၈-၈၀

## ဒေါ်လာသန်း ၂၀၀ ဖိုးမိ

အက်စကီးလ်(နယူးယောက်) ၂၁-၈-၈၀

အလေးချိန် တတန့်ခွဲကျော် (ဒေါ်လာသန်း ၂၀၀ကျော်) တန် ဆေးခြောက်များကို အက်စကီးလ် အနီး လူမရှိသော

အခန်းတခုတွင်းမှ တွေ့ရှိဖမ်းဆီးရသည်။ မြောက် အမေရိက တခွင် ဖမ်းဆီးရမိသမျှ အများဆုံးဖြစ်သည်ဟု နယူးယောက် ရဲ အဖွဲ့မှ ပြောသည်။ (လုပ်သား ၂၂-၈-၈၀)

**အမေရိကန့်တွင် မူးယစ်ဆေးဝါးသုံးစွဲမှု လျော့လာ**

ဝါရှင်တန်မြို့ ၂၁-၈-၈၀

အမေရိကန် အာဏာပိုင်များ ဖမ်းဆီးရမိသည့် ဘိန်းဖြူများ အနက် သုံးပုံနှစ်ပုံခန့်မှာ အာဖဂန်နစ္စတန်နှင့် အီရန်နိုင်ငံတို့မှ လာခြင်းဖြစ်သည်။ ၁၉၇၉ ခုနှစ်မှစ၍ ဘိန်းဖြူများ သုံးစွဲမှု ကျဆင်းလာသည်။ ဘိန်းဖြူကြောင့် သေဆုံးခြင်းနှင့် သုံးစွဲသူတို့၏ ဦးရေမှာလည်း မှတ်သားလောက်အောင် ကျဆင်းနေသည်။ ဘိန်းဖြူပြဿနာမှ မြို့ကြီးများဖြစ်သော နယူးယောက် ဘော့စတန်နီဝတ်နှင့် ဝါရှင်တန်မြို့၌သာ ရှိသည် စသည်ဖြင့် အိမ်ဖြူတော်က ကွန်ဂရက်သို့ပေးပို့သည့်အစီရင်ခံစာ၌အကျယ် တဝင့် ဖော်ပြထားသည်။ (လုပ်သား ၂၂-၈-၈၀)

# အရိယာပုဂ္ဂိုလ်နှင့် အရက်

## ဘဝခြားသော်လည်းမသတ်

ကွယ်လွန်၍ ဘဝခြားနေသော အရိယာသာဝကသည် မိမိ အသက်သေမည်ဖြစ်သော်လည်း အသေသာ ခံမည်၊ သူတပါး အသက်ကို မသတ်ချေ။

## အရိယာခံတွင်း အရက်မဝင်

ထိုမျှမကသေး အရက်ကိုလည်း မသောက်ချေ၊ အကယ်၍ အရက်နှင့်နွားနို့ရည် ရောနှောတိုက်လျှင် နွားနို့ရည်သာ ဝင်၏၊ အရက်မဝင် ကျန်နေ၏။ ဥပမာ အားဖြင့် ကြိုးကြာငှက်တို့အား နွားနို့ရည်နှင့် ရေရိုးရိုးကို ရောနှောတိုက်လျှင် နွားနို့ရည်သာဝင်၏၊ ရေမဝင်ကျန်နေ၏။

ဤသို့ဖြစ်ရခြင်းကား အရိယာတို့၏ယောနိသိဒ္ဓ(အရိယာမျိုးနွယ် အကြောင်းအားဖြင့် ပြီးသောအကျိုး)ဟူ၍လည်းကောင်း၊ ဓမ္မတာသိဒ္ဓ (တရားသဘော အကြောင်း အားဖြင့် ပြီးသော အကျိုး) ဟူ၍လည်းကောင်း သိအပ်၏။

ကြိုးကြာငှက်အတွက်လည်း ယောနိသိဒ္ဓ (ကြိုးကြာ မျိုးနွယ် အကြောင်းအားဖြင့် ပြီးသောအကျိုး) ဓမ္မတာသိဒ္ဓ (ကြိုးကြာ မျိုးနွယ်သဘော (ဓမ္မတာ)အားဖြင့် ပြီးသောအကျိုး) အဖြစ်ကို သိအပ်၏။

သုမင်္ဂလဝိလာသိနီအဋ္ဌကထာ(ပ)

ကူဋဒန္တသုတ္တဝဏ္ဏနာ။

## အရက်ကျမ်း

## နိဂုံး

သဗ္ဗညုု တထာဂတ ဂုဏ်ပေါင်းခသော မြတ်စွာဘုရား အလိုတော် (အာဘော်)ကို လူတိုင်းသိစေချင်သည်၊ သိသည့် အတိုင်းမှတ်သားလိုက်နာ ကျင့်သုံးစေချင်သည်။

၁၃၄၂-ခုနှစ် နယုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် ရန်ကုန်မြို့ ဗဟန်းရပ် ဓမ္မသုခကျောင်းတိုက် သိမ်ကြီးကျောင်း၌ သီတင်း သုံး နေထိုင် ရေးသားပြီးစီးသည်။

ပိဋကတ္တယဆေက, နိကာယဏ္ဏဝပါရဂ, ပရိယတ္တိဝိသာရဒ, ဘာသန္တရဉာဏဝိဒ, နာနာဂန္ထကာရက, ဓမ္မသေနာပတိ သာရိပုတ္တ, ဓမ္မဘဏ္ဍာဂါရိက အာနန္ဒကပ္ပ, ဝိညုုပသင္ဃ, မဟာဇ္ဈာသယ, အဂ္ဂမဟာပဏ္ဍိတ, ဂုဏ်ပေါင်းခ ဖြစ်တော်မူသော ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးနှင့် မန်လည်ဆရာတော် ဘုရားကြီးတို့ကို ဂုဏ်ပြုပူဇော်လျက် ထိုဆရာတော်ဘုရားကြီး တို့၏ ဆုတောင်းဖြင့် နိဂုံးချုပ်ရပေအံ့။

က- ပညာဓိက၊ ဆုကြီးရ၊ အမျှဝေးကိုးကွယ်ရာ။

ခ- ကျမ်းပြုပါရ၊ ဤပုညကြောင့်၊ ဒုက္ခခပ်သိမ်း၊ကင်း ငြိမ်းစေလို၊ ဆုပန်ဆို၊ ဗိုလ်လူသတ္တဝါ။—

ဂ- အနာမျိုးကင်း၊ မိုးမင်းသည်းထန်၊ နိုင်ငံ ခပ် သိမ်း၊ တရားထိန်း၊ ငြိမ်းစေအဖြာဖြာ။

# အရက်

ဃ- ရှစ်သောင်းလေးထောင်၊ တရားရောင်လည်း၊ မိုက်
မှောင်ပယ်ထွန်း၊ ထိန်ထိန်ရွှန်း၊ ထွန်းစေသာသနာ။

ပရမတ္ထသံခိပ်၊
(လယ်တီဆရာတော်ဘုရားကြီး ၁၂၀၈-၁၂၈၅)

က- နည်းနာစုံညီ၊ ကျမ်းဂန္ထီ၊ အဆီအနှစ်သာ။
ခ- နည်းမသိပဲ၊ ဖြစ်တင်ရဲ၊ စွပ်စွဲမပြုရာ။
ဂ- နည်းသိသူ၊ လွန်ကြည်ဖြူ၊ မှတ်ယူမှပြီးရာ။

မဃဒေဝပျို-
(မန်လည်ဆရာတော်ဘုရား ၁၂၀၃-၁၂၈၂)

ငါလည်း ကျန်းမာ၊ ချမ်းသာပြည့်စုံ၊ ရန်မျိုးလုံ၍၊ သုံးပုံပိဋကတ်၊ တရားမြတ်၊ မပြတ်ကျင့်နိုင်စေ။

(အရှင်ဓမ္မပါလာနန္ဒ)

ဥပကာရ သုဒဗာဓိနီ

# ကျေးဇူး

အရှင်ဓမ္မပါလာနန္ဒ

(ပါဠိသိဂီဆရာတော်)

၁။ ကျေးဇူးဆိုတာ ဘာလဲ ဘာကိုခေါ်တာလဲ။

၂။ ကျေးဇူးသိတယ် ကျေးဇူးဆပ်တယ်ဆိုတာ ဘယ်လိုလဲ။

၃။ ကျေးဇူးကို ဘယ်လိုသိပြီး ဘယ်လိုဆပ်ရသလဲ။

၄။ ဘယ်လိုလူတွေက ကျေးဇူးကိုသိပြီ ဘယ်လိုဆပ်ကြသလဲ။

၅။ ကျေးဇူးကန်းတယ် ကျေးဇူးစွပ်တယ် ဆိုတာ ဘယ်လိုဟာလဲ။

၆။ ဘယ်လိုလူတွေက ဘယ်လိုကျေးဇူးကန်းကြသလဲ။

ကျေးဇူးအကြောင်းအရာ ကျေးဇူးနှင့်ပတ်သက်သမျှ
ပြည့်ပြည့်စုံစုံ ကောင်းကောင်းကြီး သိရမှတ်ရမည်။

ဆက်ပြီး ထွက်မည် မျှော်ပါ။